# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၆၆)


# အာဇာနည်နေ့အခမ်းအနားကျင်းပရန် ပြင်ဆင်ထားရှိမှုများကို ဒုတိယသမ္မတ ဦးမြင့်ဆွေ စစ်ဆေး



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရန် အာဇာနည်ဗိမာန်ပရိဝုဏ်အတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**ရန်ကုန် ဇွန် ၂၅**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ ရောက်ရှိပြီး နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များက အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ဗိမာန်အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်ရပ်


*စာမျက်နှာ ၃ ကော်လံ ၁* ❁


# တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း မိုးရာသီခရီးကြမ်းသွားရောက်မည်



၂၀၁၄ ခုနှစ်က ခါကာဘိုရာဇီတောင်သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်း

**သတင်း - ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၂၅**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက မိုးရာသီခရီးကြမ်းအနေဖြင့် ဇူလိုင်လတွင် မွန်ပြည်နယ်အတွင်းရှိ ဝေပုလ္လ၊ ကေလာသ၊ ကေလာသဖတောင်များသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နီနီအေးက "ဆောင်းရာသီဆိုရင် ရေခဲတောင်လိုနေရာမျိုးကို သွားပါတယ်။ ဆောင်းတွင်းမှာဆိုတော့ နှင်းတွေအများကြီးကျတယ်။ အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံက ရေခဲတောင် အလုံးပေါင်း ၄၀ ကျော်ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ အများဆုံးရှိတာပဲ။ အဲဒီလိုအဖိုးတန်လှပတဲ့ရှုခင်းတွေ မြန်မာနိုင်ငံမှာရှိတာကို ပြည်သူတွေကိုသိစေချင်တယ်။ ဆောင်းတွင်းမှာဆိုရင်တော့ ရေခဲတောင်တွေကိုတက်ပါတယ်။ မိုးတွင်းမှာဆိုရင်တော့ မြေသားတောင်တွေကို တက်လေ့ရှိပါတယ်။ မိုးရာသီခရီးကြမ်းသွားလို့ရမယ့် နေရာမျိုးလေးတွေကို သွားပါတယ်"ဟုပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ❍


**လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်**

**နေပြည်တော် ဇွန် ၂၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)




မြန်မာ့အလင်း

# အများညီနေသည့်အမှားကို အမှန်ပြုပြင်ဆင်ခြင်မှုဖြင့် ဂရုပြုမောင်းနှင်

မြန်မာနိုင်ငံ၏ယာဉ်မောင်းစနစ်မှာ လက်ယာကပ်မောင်းစနစ်ဖြစ်သည်။ လက်ယာကပ်မောင်းစနစ်အရ ရှေ့ယာဉ်ကို နောက်ယာဉ်က ကျော်လိုပါက လက်ဝဲဘက်မှ ကျော်ရသည်။ မြို့ချင်းဆက်လမ်း အတော်များများမှာ အသွားအပြန် ယာဉ်ကြောနှစ်ခုသာရှိသော လမ်းများဖြစ်ကြသည့် အလျောက် ရှေ့မှယာဉ်ကြီးများက မြင်ကွင်းတွင် အတားအဆီးဖြစ်နေတတ်ပြီး မျက်နှာချင်းဆိုင်မှလာသည့်ယာဉ်ရှင်းလင်းပါက ကျော်တက်နိုင်ကြောင်း လက်ဝဲမီးဖြင့်အချက်ပြခြင်း၊ မျက်နှာချင်းဆိုင်မှ ယာဉ်လာနေပါကလည်း မကျော်သင့်သေးကြောင်း လက်ယာမီးဖြင့်အချက်ပြခြင်းတို့ကို ယာဉ်မောင်းသူအချင်းချင်းနားလည်မှုဖြင့် ကျင့်သုံးနေကြသည်။ စင်စစ်အားဖြင့် ဤအမှားသည် အများညီနေကြသည့် အမှားတစ်ခုဖြစ်ပြီး အန္တရာယ်ကြီးမားသည့် နားလည်မှုဟုလည်း ဆိုရမည်ဖြစ်သည်။

လမ်းလယ်သို့တက်မောင်းနေသည့် ဆိုင်ကယ်တစ်စီးကို အရှိန်ဖြင့်မောင်းလာသည့် ကုန်တင်ယာဉ်က လုံလောက်သည့် အကွာအဝေးမှ ဟွန်းပေး၍ လမ်းတောင်းသည်။ ဆိုင်ကယ်က လက်ဝဲမီးပြကာ ကျော်တက်နိုင်ကြောင်း(မှားယွင်းစွာ)အချက်ပြပြီး လက်ယာဘက်သို့ကပ်လိုက်သည်။ နောက်မှ ကုန်တင်ယာဉ်ကြီးက လက်ဝဲဘက်မီးပြထားသည့် ဆိုင်ကယ်သည် လက်ဝဲဘက်သို့ ကွေ့လိမ့်မည်ဟု (အမှန်အတိုင်း)ယူဆပြီး လက်ယာဘက်မှ အရှိန်ဖြင့်ကျော်လိုက်သည်။ ဆိုင်ကယ်တစ်စီးလုံး မွမွကြေသွားပြီး ဆိုင်ကယ်မောင်းသူနှင့် နောက်မှလိုက်ပါလာသူတို့နှစ်ဦးစလုံး မရှုမလှ သေဆုံးကြရသည်။ လက်ဝဲဘက်မီးဖြင့်အချက်ပြခြင်းမှာ လက်ဝဲဘက်သို့ ကွေ့မည်ဟု အချက်ပြခြင်းသာဖြစ်ပြီး နောက်ယာဉ်ကို ကျော်တက်နိုင်ကြောင်း အချက်ပြခြင်းမဟုတ်ပါပေ။

ယခုအခါ ယာဉ်အန္တရာယ်ကင်းဝေးစေရန် မော်တော်ယာဉ်များကို မြို့တွင်း၊ မြို့ပြင်နှင့် အမြန်လမ်းမကြီးစသည်တို့တွင် သတ်မှတ်အမြန်နှုန်းများဖြင့်သာ မောင်းနှင်ရေး၊ မီးအချက်ပြမှု မှန်မှန်ကန်ကန်ကျင့်သုံးစေရေး တို့အတွက် ပညာပေးကာလကို ယခုလ ၉ ရက်နေ့မှစ၍ ဇူလိုင်လ ၃၁ ရက်နေ့အထိ သတ်မှတ်ကာ အသိပညာပေးမှု၊ စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အလျောက် ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများ အားလုံးက တိတိကျကျ လိုက်နာဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။ အမှားကြာ၍ အမှန်သဖွယ်ဖြစ်လာကာ လက်ခံကျင့်သုံးနေကြသည့် နားလည်မှုအမှား၊ အများညီနေကြသည့် အမှားတစ်ခုကို ပြုပြင်ရန်မှာ အချိန်ကာလတစ်ရပ်လိုအပ်သလို အားလုံးကပါဝင်ကြရန်လည်း လိုမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်မတော်တဆမှုများကြောင့် တစ်နေ့လျှင် လူ ၁၀ ဦးနှင့်အထက်သေဆုံးနေကြရပြီး လူ ၈၀ ခန့်မှာ ဒဏ်ရာရရှိနေကြကြောင်း၊ ယာဉ်မတော်တဆမှုများ၏ အဓိကအကြောင်းရင်းမှာ အရှိန်ပြင်းမောင်းနှင်မှုများကြောင့်ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားမှုမှာ အထူးဂရုပြုဖွယ်ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးတွင် ယာဉ်မောင်းများ၏ အဓိကကျမှုကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ တည်ဆဲမော်တော်ယာဉ်နည်းဥပဒေအရ သတ်မှတ်အမြန်နှုန်းများဖြစ်သည့် မြို့နယ်နိမိတ်အတွင်း တစ်နာရီလျှင် ၄၈ ကီလိုမီတာ(မိုင် ၃၀)နှုန်း၊ မြို့ပြင်တစ်နာရီလျှင် ၈၀ ကီလိုမီတာ (မိုင် ၅၀)နှုန်း၊ နောက်တွဲပါယာဉ်၊ မီးလောင်ပေါက်ကွဲစေတတ်သော ပစ္စည်းများတင်ဆောင်သောယာဉ်များ မြို့တွင်း တစ်နာရီလျှင် ၃၂ ကီလိုမီတာ (မိုင် ၂၀) နှုန်း၊ မြို့ပြင် တစ်နာရီလျှင် ၅၆ ကီလိုမီတာ (၃၅ မိုင်) နှုန်း၊ မြို့တွင်း တစ်ဖက်လျှင် ယာဉ်ကြော သုံးခုစီပါဝင်သော ခြောက်လမ်းသွားလမ်းများတွင် အသွားအပြန် လက်ဝဲစွန်းယာဉ်ကြောပေါ်၌ တစ်နာရီလျှင် ၆၄ ကီလိုမီတာ (မိုင် ၄၀) နှုန်းတို့ကို ဂရုပြုလိုက်နာမောင်းနှင်ခြင်း၊ အမြန်လမ်းမကြီးပေါ်တွင်လည်း သတ်မှတ်အမြန်နှုန်းအတိုင်း လိုက်နာမောင်းနှင်ခြင်းတို့ဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းလာမည်ဖြစ်သည်။

လာမည့် ဇူလိုင်လ ၃ ရက်နေ့အထိ ပညာပေးကာလပြီးနောက် ဩဂုတ်လ ၁ ရက်နေ့မှစ၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များကို မော်တော်ယာဉ်ဥပဒေအရ အရေးယူသွားမည်ဖြစ်ရာ စက္ကန့်နှင့်အမျှ အရှိန်အဟုန်နှင့် ရွေ့လျားနေသော မော်တော်ယာဉ်ကို သတိသမ္ပဇဉ်ဖြင့် ဆင်ဆင်ခြင်ခြင် ထိန်းသိမ်းမောင်းနှင်ခြင်းဖြင့် ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးကြပါမည်ဖြစ်ကြောင်း။ ။



လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေး ဇွန် ၂၄ ရက်က တာချီလိတ်မြို့လူမှုဝန်ထမ်းဦးစီးဌာန နေ့ကလေးထိန်းကျောင်း၌ ဖွင့်လှစ်သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး(အခြေခံ)သင်တန်းသူများအား လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောစဉ်
မောင်ယဉ်ကျေး

## သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်း နေပြည်တော်၌ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော သံဃနာယကနှင့် ဝိနည်းဓိုရ်(ဆင့်ပွား)သင်တန်းကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဇမ္ဗူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရက ဩဝါဒကထာ မိန့်ကြားချီးမြှင့်ပေးပြီး နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက သာသနာရေးဆိုင်ရာများအား လျှောက်ထားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနက လှူဒါန်းသော လုပ်ထုံးလုပ်နည်းညွှန်ကြားလွှာများနှင့် သံဃနာယကလက်စွဲစာအုပ်များကို သံဃာတော်အရှင်သူမြတ်တို့အား နေပြည်တော်ကောင်စီဝင်က လှူဒါန်းပေးသည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယကဆရာတော် ၃၈ ပါးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်သာသနာရေးဦးစီးဌာနရုံးများမှ တာဝန်ရှိသူ ၁၆ ဦးတို့အား ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မန္တလေးခရိုင်အတွင်းရှိ ထက်၊လယ်၊မူ ကျောင်းအုပ်ကြီးများအား မေတ္တာအခါတော်နေ့အကြောင်း ဟောပြောပွဲကျင်းပ

**မန္တလေး ဇွန် ၂၅**

မန္တလေးခရိုင်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများအား မေတ္တာအခါတော်နေ့အကြောင်းဟောပြောပွဲကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**



ကျောင်းသား ကျောင်းသူများ၏ နှလုံးသားတွင် မေတ္တာတရားအခြေတည်ကိန်းအောင်းမိစေရန်၊ လောကသုံးပါးတွင် မေတ္တာတရားပြန့်ပွားလာစေရန်နှင့် မေတ္တာအခါတော်နေ့အခမ်းအနားများ နိုင်ငံတစ်ဝန်း ကျင်းပလာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာန (အငြိမ်းစား) ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးကြည်သန်း(မောင်ဒီပ) က ဟောပြောခဲ့ခြင်းဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် မေတ္တာတရားနှင့်သက်ဆိုင်သော အကြောင်းအရာများကို ဟောပြောခဲ့သည့်အပြင် ဆရာ ဆရာမများအနေဖြင့် လှူဒါန်းမှုအားလုံးတွင် အသိပညာဖြန့်ဝေသော လှူဒါန်းမှုကို အမြတ်ဆုံးအလှူအဖြစ်ခံယူကာ ကျောင်းသားကျောင်းသူများအားသင်ကြားပေးကြစေလိုကြောင်းနှင့် လောကတွင် အမြတ်ဆုံးဒါနဖြစ်သည့် အသိပညာဖြန့်ဝေလှူဒါန်းခွင့်ကို ရရှိထားကြသည့် ဆရာ ဆရာမများအနေဖြင့် စာသင်ကြားနေချိန်အတွင်း ကုသိုလ်တရားကိုပျက်ပြားစေမည့် ဒေါသတရားကိုလည်း ထိန်းသိမ်းနိုင်စေရန် မေတ္တာတရားကိုလက်ကိုင်ထား၍ သင်ကြားပေးကြစေလိုကြောင်း ၎င်းက ဟောပြောခဲ့သည်။

ထို့အပြင် ကျောင်းသား ကျောင်းသူလူငယ်များ၏ နှလုံးသားတွင် မေတ္တာတရားအခြေတည်ကိန်းအောင်းလာစေရန် အကောင်းဆုံးပြုစုပျိုးထောင်နိုင်သည့် အရွယ်မှာ မွေးစမှ အသက် ၁၁ နှစ်အတွင်း ကလေးများဖြစ်သဖြင့် ငယ်ငယ်ကအစွဲ ခေါင်းထဲအထိပါ ဆိုသကဲ့သို့ ငယ်ရွယ်စဉ်အချိန်မှစ၍ ဆရာ ဆရာမများက ပြုစုပျိုးထောင်ပေးကြစေလိုကြောင်းနှင့် မေတ္တာတရားနှင့် ယှဉ်သော မင်္ဂလာပါဆိုသည့် နှုတ်ဆက်ခြင်းဓလေ့များကိုလည်း မပျောက်ပျက်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်မြို့ ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၆-၂၀၁၇ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါရေကူးကန်ခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က အမှာစကားပြောကြားပြီး အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးတောက်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ခုနှစ် အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးပြည့်လင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမှုဆောင်ကော်မတီဝင်များအား မိတ်ဆက်ပေးပြီး အလှည့်ကျသဘာပတိ ဦးငြိမ်းကျော်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကုက္ကိုင်းရေကူးအသင်း အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးတောက်ထွန်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာဇော်ဝင်းနှင့် ဦးချိုမောင်၊ အတွင်းရေးမှူးအဖြစ် ဦးပြည့်လင်းတို့က ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီဝင်များလည်း ရွေးချယ်ခံထားရသည်။ ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၁၃ နှစ်ရှိပြီဖြစ်ကာ လက်ရှိအချိန်တွင် အသင်းဝင်စုစုပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၅-၆-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၉၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၁၅/၇၄၀ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၇၁၀ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၃ ·၃၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၅ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၆၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

များကို Graphic Board များဖြင့် ပြသရန်စီစဉ်ထားရှိမှု၊ အာဇာနည်ဗိမာန် အဆင်းလှေကားကို တိုးချဲ့ပြင်ဆင်မွမ်းမံထားရှိမှုနှင့် အာဇာနည်ဗိမာန်ပရိဝုဏ်အတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

**စီစဉ်ဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုပြသထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံး) သို့ သွားရောက်ပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံကို ဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်သည့် အလံတိုင်နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နှင့် အဆိုပါကျောက်စာတိုင်ရှေ့ မြက်ခင်းပြင်၌ နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်သို့လွှင့်ထူမည့် အစီအစဉ်၊ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာနေရာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ အစည်းအဝေးခန်းမ ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**




နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတဦးမြင့်ဆွေ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)




## ပြည်တွင်းသတင်းမီဒီယာအဖွဲ့ဝင်များ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ

**ရန်ကုန် ဇွန် ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ All- China Journalist Association နှင့် Yunnan Journalist Association တို့၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ( MJA ) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် 2017 Workshop for Myanmar Journalist သို့ တက်ရောက်ရန်အတွက် ပြည်တွင်းသတင်းမီဒီယာများမှ အယ်ဒီတာနှင့် သတင်းထောက် ၂၀ ပါဝင်သည့်အဖွဲ့သည် **(အပေါ်ပုံ)** ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA ) ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာသတင်းမီဒီယာအဖွဲ့သည် မြန်မာ-တရုတ်မီဒီယာအလုပ်ရုံဆွေးနွေးပွဲအစီအစဉ်အရ ဇွန် ၂၅ ရက်မှ ဇူလိုင် ၅ ရက်အထိ ကူမင်းနှင့် ပေကျင်းမြို့များသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

**အောင်သူရ**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**သံတွဲ ဇွန် ၂၅**

သံတွဲမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက သံတွဲမြို့နယ် အထက(ကင်းမော်) ပညာရိပ်မွန်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် သံတွဲမြို့မ



ရဲစခန်းမှူး ဒုရဲမှူး ကျော်မျိုးထက်က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ သက်ငယ်မုဒိမ်းမှုများအကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး သိကောင်းစရာများကို လည်းကောင်း၊ သံတွဲမြို့ အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမ ၅၂၀ ခန့်ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) သန့်ဇင်(ပြန်/ဆက်)**

## မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်-မန္တလေးအပိုင်း)ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ရောဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိခဲ့ပြီး တံတားကြီးကြံ့ခိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းလျှောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားလမ်းမကြီး (ရွှေဘို-စံပယ်နံ့သာအပိုင်း)ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ စံပယ်နံ့သာ-ကန့်ဘလူလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ကန့်ဘလူ-ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ မိုင်တိုင်အမှတ်(၂၄/၃)နှင့်(၂၄/၄) ကြားရှိ ဇော်ချောင်းတံတားကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၃/၇)ရှိ ဒေါင်းမြူ ဘေလီတံတားကြံ့ခိုင်မှုနှင့် ချောင်းရေလမ်းကြောင်းအခြေအနေကိုလည်းကောင်း၊ ကောလင်း-ဝင်းကြီး-ပင်လည်ဘူး လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုကို လည်းကောင်း လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် မူးမြစ်ကူးတံတား(ပင်လည်ဘူး)ကြံ့ခိုင်မှု အခြေအနေကို ပင်လည်ဘူး-ဖောင်းပြင်လမ်းအား ရာသီမရွေးသွားလာနိုင်ရန် သီးသန့်ရန်ပုံငွေ ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ခရိုင်အဖွဲ့၊ အထူးအဖွဲ့များနှင့် ကုမ္ပဏီ ၁၁ ဖွဲ့တို့ ပူးပေါင်းပြီး စက်၊ ယာဉ်၊ ယန္တရားများ၊ လူအင်အားများဖြင့် Grade နှိပ်ချခြင်း၊ အမာခံလမ်းရရှိအောင် ဆောင်ရွက်ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပြီး ခရိုင်အဖွဲ့၊ အထူးအဖွဲ့များနှင့် ကုမ္ပဏီ ၁၁ ဖွဲ့တို့ ပူးပေါင်းပြီး စက်၊ ယာဉ်၊ ယန္တရားများ၊ လူအင်အားအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပမာဏ ၇၆ ရာခိုင်နှုန်းပြီးစီးပြီး ဩဂုတ်လဒုတိယပတ်တွင် လုပ်ငန်းအားလုံးပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းအထက်ပိုင်းဒေသများဖြစ်သည့် ဟုမ္မလင်း၊ ခန္တီး၊ လေရှီး၊ လဟယ်၊ ထမံသီး၊ ဖောင်းပြင်၊ နောင်ပိုအောင်၊ နတ်နန်း၊ ဆယ်ဇင်း စသည့်ဒေသများမှ လုပ်သားပြည်သူများသည် ယခင်က ရေလမ်းကြောင်း တစ်ခုတည်းကိုသာ အသုံးပြု၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဆက်သွယ်သွားလာခဲ့ရသည်။ ယခုအခါ သက္ကယ်ကျင်း၊ ဖောင်းပြင်-ဟုမ္မလင်း လမ်းပေါ်ရှိ ရောင်ဟီးရွာ မိုင် ၁၂၀ မှတစ်ဆင့် ဖောင်းပြင်-ပင်လည်ဘူးလမ်းကို အသုံးပြု၍ ကုန်းလမ်းဖြင့် ပင်လည်ဘူးမြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည်။ ပင်လည်ဘူးမြို့မှ ကောလင်း-ကျွန်းလှ-ချပ်သင်းလမ်းမှ တစ်ဆင့်၊ ရွှေဘို၊ မုံရွာ၊ မန္တလေးစသောမြို့ကြီးများသို့လည်းကောင်း၊ ကျောက်တန်းမှတစ်ဆင့် မြစ်ကြီးနား၊ မန္တလေးမြို့ကြီးများသို့ လည်းကောင်း၊ ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

ဖောင်းပြင်-ပင်လည်ဘူးလမ်းပြီးစီးသွားပါက သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှတစ်ဆင့် ဖောင်းပြင်-ပင်လည်ဘူးလမ်းကို အသုံးပြုပြီး ရွှေဘို-မြစ်ကြီးနားလမ်းသို့ အချိန်တိုအတွင်း လွယ်ကူစွာဆက်သွယ်နိုင်မည်ဖြစ်ကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်းသို-အင်းတော်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် အဆိုပါလမ်းပေါ်ရှိ မဲဇာတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း၏ ၂၀၁၇-၂၀၁၈ ခရီးစဉ်ရာသီအတွက် မိုးရာသီအတွင်း၌ မွန်ပြည်နယ်ရှိ ဝေပုလ္လ၊ ကေလာသတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ်ရှိ ငါးဆူတောင်ခရီးကြမ်း၊ ဆောင်းရာသီ ရှမ်းပြည်နယ်တောင်ပိုင်း ဆင်တောင်မြင်းမထိတောင် အရှေ့မြင် အနောက်မြင်တောင် (ခြေလျင်တောင်တက်ခရီးစဉ်)၊ ဆောင်းရာသီတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ပြက္ခရွှေတောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရှိ အလောင်းတော်ကဿပခြေကျင်ခရီး၊ ရခိုင်ရိုးမတောင်ပိုင်းခရီးကြမ်းနှင့် ကချင်ပြည်နယ်ခရီးစဉ်များသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် (၂၂)ကြိမ်မြောက် ကျောင်းသားဟောင်း မျိုးဆက်သစ်ပြန်လည်တွေ့ဆုံပွဲနှင့် ၂၀၁၆-၂၀၁၇ တောင်တက်ခရီးစဉ်များ၊ လူမှုအကျိုးပြုခရီးစဉ်များနှင့် ကူညီထောက်ပံ့ခဲ့သောအလှူရှင်များအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို ဇွန် ၂၅ ရက်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီ၊ (သတ္တမ)အကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၅

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပထမ-ဗဟိုကော်မတီ၊ (သတ္တမ)အကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဇွန်၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် ကျင်းပသည်။**



**အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြစဉ်**

အစည်းအဝေးသို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ အပါအဝင် ၁၂၀ ကျော် တက်ရောက်ကြသည်။

**တင်ပြဆွေးနွေး**

အစည်းအဝေးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှတက်ရောက်လာကြသော ဗဟိုကော်မတီအဖွဲ့ဝင်များက တင်သွင်းသော နိုင်ငံရေးအစီရင်ခံစာများကို တင်ပြဆွေးနွေးကြသည်။

အစည်းအဝေး(ပထမနေ့)နှင့်ပတ်သက်၍ အစည်းအဝေးသဘာပတိဖြစ်သူ ဗဟိုကော်မတီဝင် (မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) ဦးအောင်ကြည်ညွန့်က "တိုင်းဒေသကြီးအားလုံးက ဗဟိုကော်မတီဝင်တွေအနေနဲ့ မိမိတို့ရဲ့တိုင်းဒေသကြီးအတွင်း လက်ရှိ နိုင်ငံရေးအခြေအနေတွေ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအခြေအနေတွေ၊ မိမိနယ်မြေအတွင်းမှာရှိတဲ့ ပါတီတွင်း အခြေအနေတွေ၊ တစ်နိုင်ငံလုံးရဲ့ အတိုင်းအတာအနေနဲ့ဖြစ်နေတဲ့ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်တွေအပါအဝင် သူတို့တွေရင်ဆိုင်ကြုံတွေ့နေရတဲ့ အဆိုး၊ အကောင်း အတွေ့အကြုံတွေကို အစီရင်ခံစာတွေ အသီးသီးတင်သွင်းကြတယ်။ အဲဒီလိုပဲ ဗဟိုကော်မတီကနေလည်း ဗဟိုကော်မတီ နိုင်ငံရေးအစီရင်ခံစာ၊ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အစီရင်ခံစာ စတဲ့လုပ်ငန်းအဖွဲ့ရဲ့အစီရင်ခံစာတွေကိုတင်သွင်းပါတယ်"ဟု ပြောသည်။

**အစီရင်ခံစာတင်သွင်း**

အစည်းအဝေး(ပထမနေ့)တွင် အဓိက တင်သွင်းဆွေးနွေးမှုများအဖြစ် ယခင်က ပယ်ဖျက်(ရပ်ဆိုင်း)ထားသော ရေးရာကော်မတီ လုပ်ငန်းအဖွဲ့များကို ပြန်လည်ဖွဲ့စည်းပေးရန်၊ မိမိတို့၏ နယ်မြေများအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးအခြေအနေများ၊ မြေသိမ်းဆည်းခံရသည့်ကိစ္စရပ်များနှင့် စီးပွားရေးအခြေအနေများအပြင် ရုံးကိစ္စဆိုင်ရာ ငွေကြေးကိစ္စအခက်အခဲများကို အစီရင်ခံစာတင်သွင်းခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးတွင် အစီရင်ခံစာများအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြန်လည်ဆွေးနွေးမှုများပြုလုပ်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများကိုပြုလုပ်ရာ ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၁)ကိုထောက်ခံကြောင်း၊ အဆင့်ဆင့်သော လိုအပ်သည့်ရေးရာကော်မတီများ ပြန်လည်ဖွဲ့စည်းရန်၊ အခါအားလျော်စွာ နိုင်ငံရေးအဆင့်မြှင့်သင်တန်းများ ဖွင့်လှစ်ရန်၊ ပါတီလစဉ်ကြေးအစား ပါတီနှစ်စဉ်ကြေးဟု ပြောင်းလဲကောက်ခံရန်၊ လူငယ်ညီလာခံကျင်းပရန်၊ လိုအပ်သော စည်းရုံးရေးအဖွဲ့များကို ယာယီစည်းရုံးရေးကော်မတီအဖြစ်ဖွဲ့စည်းပေးရန်၊ ပထမဗဟိုကော်မတီ သတ္တမအကြိမ် အစည်းအဝေးသို့ တင်သွင်းသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဗဟိုကော်မတီဝင်များ၏ အစီရင်ခံစာများကို မှတ်တမ်းတင်ကြောင်း စသည့် အချက်ခုနစ်ချက်ကို အတည်ပြုဆုံးဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

"ပထမနေ့ ဖတ်ကြားတဲ့အစီရင်ခံစာထဲမှာ အဖွဲ့ချုပ်ရဲ့ စီးပွားရေးကော်မတီ အစီရင်ခံစာဆိုရင် တော်တော်လေးကောင်းပါတယ်။ NLD အစိုးရရဲ့လုပ်ဆောင်ချက်ထဲမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အောင်မြင်တာတွေရှိတယ်။ မအောင်မြင်တာတွေရှိတယ်။ အထူးသဖြင့်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးတော့ အလားအလာတွေ ဘယ်လိုရှိတယ်ဆိုတာတွေကိုချပြသွားတယ်။ အဲဒီအစီရင်ခံစာကို ကြည့်ခြင်းအားဖြင့် စီးပွားရေးအခြေအနေဟာ နောက်လာမယ့်ကာလတွေမှာ ပိုပြီးတော့ အဆင်ပြေ ဖွံ့ဖြိုးလာမယ်ဆိုတာ မှန်းဆလို့ရပါတယ်"ဟု ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သူ မုံရွာ ဦးအောင်ရှင်က ပြောသည်။

ဆက်လက်၍ "နောက်တစ်ချက်ကတော့ သိမ်းဆည်းခံရတဲ့လယ်ယာမြေတွေနဲ့ပတ်သက်ပြီးတော့လည်း ပြန်လည်ဖြေကြားတာတွေ တော်တော်ကောင်းပါတယ်။ လယ်ယာမြေသိမ်းဆည်းခံရတာတွေကို ပြန်လည်ပေးဖို့မှာ သက်ဆိုင်ရာအလိုက် သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကို မြေစာရင်းဦးစီးဌာနရယ်၊ သက်ဆိုင်ရာအလိုက် သိမ်းထားတဲ့သူတွေရယ်နဲ့ အမြန်ဆုံးပြန်ပြီးရအောင် လုပ်ဆောင်ပေးဖို့အတွက် အစီအစဉ်ရှိတယ်ဆိုတာကို တင်ပြတာကိုတွေ့ရပါတယ်။ ဒီအစည်းအဝေးဟာ ပါတီအစည်းအဝေးဖြစ်ပေမယ့် ပါတီရဲ့အခန်းကဏ္ဍဟာ အစိုးရနဲ့လွှတ်တော်ကဏ္ဍမှာ အများကြီးအရေးကြီးပါတယ်။ လာမယ့်ကာလမှာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မှာပါ"ဟုပြောသည်။

**သတင်းစာရှင်းလင်း**

မွန်းလွဲပိုင်းတွင် အစည်းအဝေးကျင်းပခဲ့မှုနှင့်ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဉာဏ်ဝင်း၊ ဦးဝင်းထိန်နှင့် ဦးထွန်းထွန်းဟိန်တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မီဒီယာများ၏မေးမြန်းမှုအပေါ် ယမန်နေ့က လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သော ကြေညာချက်မှာ အတုသာဖြစ်ကြောင်း၊ ပါတီအဖွဲ့ဝင်များအနေဖြင့် အစိုးရကိုလည်းကောင်း၊ ပါတီကိုလည်းကောင်း ဝေဖန်ပြောဆိုနိုင်သော်လည်း မိမိတို့၏ အတွင်းရေးနှင့်ပတ်သက်၍ ပါတီ၏ ကျင့်သုံးနေသော မူဝါဒနှင့် မကိုက်ညီသည့်လုပ်ဆောင်ချက်များကို တားမြစ်သတိပေးထားကြောင်း၊ သတိပေး၍ မရပါက စောင့်ကြည့်မှုများပြုလုပ်၍ ပါတီစည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အစိတ်အပိုင်းကို တဖြည်းဖြည်းကြိုးစားသွားမည်ဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လူငယ်ညီလာခံကို ယခင်က လူငယ်တာဝန်ခံများနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ခေါင်းဆောင်ဟောင်းများ၊ လက်ရှိ ဗဟိုလူငယ်လုပ်ငန်းအဖွဲ့မှ လူငယ်များ အပါအဝင် ၉၀ ခန့်တို့ဖြင့် နေပြည်တော်၌ ဇူလိုင် ၁ ရက်တွင် တစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**




**အစည်းအဝေးကျင်းပခဲ့မှုနှင့်ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဦးဉာဏ်ဝင်း၊ ဦးဝင်းထိန်နှင့် ဦးထွန်းထွန်းဟိန်တို့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်**

---

◆ *ကျော့ဖုံးမှ*

တိုက်စစ်ဟန်မပျက် ပြောင်းလဲကစားခဲ့ပြီး နောက်ဆုံးငါးချီတွင် နည်းစနစ်ပိုင်းဆိုင်ရာအားသာချက်ဖြင့် ဝေါ်မူဒိုကို ဣန္ဒြေမပျက်ကစားကာ အသာအယာ သရေပွဲယှဉ်ပြိုင်ထိုးသတ်သွားသည်။

"နောက်ဆုံးအဓိကMain Fight ပွဲစဉ်ဖြစ်တဲ့ စောဝေါ်မူဒိုနဲ့ဝီဂျစ်ပွဲက ဝီဂျစ်အနေနဲ့နည်းစနစ်ပိုင်းအရ အသာရတယ်လို့မြင်တယ်။ အေးဆေးတည်ငြိမ်ပြီးတော့ ယုံကြည်မှုရှိတဲ့ ကစားဟန်မျိုးနဲ့ ကစားသွားတာတွေ့ရတယ်။ စောဝေါ်မူဒိုက မာဂုဏ်တော့မြင့်ပါတယ်။ ဒါပေမယ့် နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းချက်ကြောင့်ပဲလားတော့ မသိဘူး၊ လက်ရည်အနည်းငယ်ကွာနေသလိုပဲ။ ဝီဂျစ်ထိုးသွားတာ ပညာပါတယ်။ တစ်ချီနဲ့တစ်ချီမတူဘူး၊ ထိုးသွားတာက။ နောက်အချီတွေမှာ ပိုတည်ငြိမ်ပြီး ကောင်းတာ တိုက်စစ်နဲ့ပဲ အေးဆေးကစားသွားတာကို တွေ့ရတယ်"ဟု လာမည့် ဇွန် ၃၀ ရက်တွင် One championship မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ လုမည့် အောင်လအန်ဆန်က ပြောသည်။

အောင်လအန်ဆန်သည် ယနေ့ကျင်းပသော လေးနိုင်ငံရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ဘွန်နန်း(ထိုင်း)ကို အလဲထိုးအနိုင်ယူကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ကရင်လေးအား အမေရိကန်ဒေါ်လာတစ်ရာကို ဆုအဖြစ်ချီးမြှင့်ပေးပြီး တခြားပွဲစဉ်တွဲဆိုင်းများကိုလည်း စိတ်ဝင်တစားကြည့်ရှုခဲ့ကာ "ကျွန်တော် ရိုးရာလက်ဝှေ့ကို ကစားချင်တဲ့ စိတ်ဖြစ်ပေါ်လာတယ်"ဟု ရင်တွင်းဖြစ်တည်လာသောခံစားမှုကို ရင်ဖွင့်ခဲ့သည်။

အခြားပြည်ပပွဲစဉ် တွဲဆိုင်းများဖြစ်သည့် ကြယ်စင်ဖြိုး(မြန်မာ)နှင့် ဒိုင်ဟိုဆိုင်း(ထိုင်း)တို့ပွဲသည် အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး မိုးဟိန်း(မြန်မာ)နှင့် လိုင်ဖေး(ကမ္ဘောဒီးယား)တို့ပွဲတွင် မာဂုဏ်ကိုသာ အဓိကအသားပေးပြီး အတင်းဝင်အတင်းတိုက်စစ်ဖွင့်ကစားသော မိုးဟိန်းအား ပရိယာယ်ကြွယ်ဝသောလိုင်ဖေး ကပ်တံတောင်ရိုက်ချက်ဖြင့် မိုးဟိန်းထိခဲ့ပြီး တတိယအချီတွင် မျက်ခုံးကွဲ၊ ဆေးကျကာ အရှုံးပေးလိုက်ရသည်။ ပရိသတ်အကြိုက်ဆုံးပွဲကောင်းတစ်ပွဲဖြစ်သည့် မိုက်ရိုင်းလေး(မြန်မာ)နှင့် တိုလာဘေး(ဥဇဘက်ကစ္စတန်)တို့ပွဲတွင် အစောပိုင်းအချီများ၌ လက်ရည်တူ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်စစ်ဖွင့်ကစားရင်း လေးချီတွင် မိုက်ရိုင်းလေးက တိုလာဘေး အထိနာခဲ့သော ဘယ်ခြေကို အောက်ခြေသိမ်းကန်ချက်များဖြင့် ပွဲသိမ်းရန်ကြိုးစားခဲ့သည်။ သို့သော် အသည်းမာဇွဲပါလှသော တိုလာဘေးသည် လေးချီမြောက်အစပိုင်း မိုက်ရိုင်းလေး ပင့်လက်သီးတစ်ချက်ကြောင့် အနာတောင်းခဲ့သော်လည်း အချည်းအနှီးသာဖြစ်ကာ ၂ မိနစ် ၂၉ စက္ကန့်တွင် မိုက်ရိုင်း၏ ဘယ်ညာတွဲလုံးနှင့် အမြောက်ခြေကန်ချက်များကြောင့် အထိနာကာ အရှုံးပေးလိုက်ရသည်။ မကျေပွဲပြန်ဆွဲသည့် ကရင်လေး(မြန်မာ)နှင့် ဘွန်နန်း(ထိုင်း)တို့ ပွဲတွင် ပထမအချီ ၂ မိနစ် ၀၇ စက္ကန့်မှာပင် ကရင်လေး လက်သီးတွဲလုံးများကြောင့် ဘွန်နန်းအထိနာကာ အနာတောင်းခဲ့သော်လည်း နောက်ဆုံးတွင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

ပြည်တွင်းပွဲစဉ် တွဲဆိုင်းများဖြစ်သည့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် ရဲရင့်သွေး (1886 Mandalay)၊ ဒေါင်းဖြူလေး (Adventure)နှင့် ခွန်လင်းထက် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ပွဲများသည် ငါးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာ ပြီးဆုံးခဲ့သည်။

## မုတ်သုံလေအားကောင်းနေ

**နေပြည်တော် ဇွန် ၂၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းကို UNODC ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိ

**အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာ (၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)**

ယနေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် အခမ်းအနားများကို ယနေ့တွင် အကြိမ်(၃၀)မြောက် ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အလားတူ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင်လည်း ယခင်နှစ်များနည်းတူ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲများကို တစ်ပြိုင်တည်းကျင်းပနေကြမည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်မှစ၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ဆောင်ပုဒ်အလွတ်တန်းပြိုင်ပွဲများနှင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများမှ ဆုရရှိသူများကို နှစ်စဉ်ကျင်းပသည့် အခမ်းအနားများတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် ဆုများချီးမြှင့်နေကြမည်ဖြစ်ပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ယှဉ်ပြိုင်ကြသည့် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူ ၃၂၄၆ ဦးမှ ဆုရရှိသူ ၁၀၇ ဦးအား ဆုချီးမြှင့်မည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသော ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အစိုးရမဟုတ်သောအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုး စိုက်ပျိုးရေးနှင့် အစပျိုး ဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သည် ဒေသအလိုက်အထူးစစ်ဆင်ရေး ၁၇ ခုကို ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့ပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့မှ ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့် စွမ်းအင်လုပ်ငန်းများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ သာသနာရေးနှင့် လူနေအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရရှိရေးအတွက် ဒေသနှင့်ကိုက်ညီသည့် တိရစ္ဆာန်မျိုးများ မွေးမြူစေခြင်း၊ ဖြန့်ဖြူးခြင်းတို့အပြင် ဆေးဝါးကုသပေးခြင်းနှင့် နည်းပညာများ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ဘိန်းစိုက်ပျိုးမှုကိုမှီခိုခြင်းမှ ကင်းဝေးစေရန် အစားထိုးသီးနှံများဖြစ်သည့် နှစ်ရှည်ပျိုးပင်နှင့် နှစ်ချင်းသီးနှံမျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ၊ နည်းပညာများ ဖြန့်ဖြူးခြင်း၊ စံပြနှင့်စမ်းသပ်ကွက်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ပေးခြင်းလုပ်ငန်းများကို ဒေသခံတောင်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် အစပျိုးဓာတုပစ္စည်းများ လမ်းလွဲရောက်မှုမရှိစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်ချက်အတိုင်းသုံးစွဲနိုင်ရေးတို့အတွက် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်ပမှတင်သွင်းလာသည့် ဓာတုပစ္စည်းများသိုလှောင်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ဖြူးမှုတို့ကို နည်းဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို စနစ်တကျကုသနိုင်ရေးအတွက် မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးစွဲသူများအတွက် ကုသရေးနည်းလမ်းတစ်ခုဖြစ်သည့် မက်သဒုံး အစားထိုးတိုက်ကျွေးရေးဌာန ၄၆ ခု ကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဌာနအခြေပြုဆေးကုသရေးလုပ်ငန်းများအပြင် ပြည်သူလူထု အခြေပြုဆေးကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေး ဝန်ဆောင်မှုအားလုံးရရှိစေရန် One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် နာတာရှည်ရောဂါတစ်မျိုးဖြစ်သည့်အတွက် အောင်မြင်စွာကုသ၍မရဘဲ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်မှသာ မူးယစ်ဆေးဝါးသုံးစွဲမှုမှ လွတ်ကင်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မူးယစ်ဆေးစွဲကုသပြီးသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များသင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကိုပါ ပြန်လည်ထူထောင်ရေးအဖွဲ့မှ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကျောင်းသားလူငယ်ဘဝမှစတင်၍ တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းအဆင့် မူးယစ်ဆေးဝါး အသိပညာပေးရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ဟောပြောပွဲများ၊ နံရံကပ်စာစောင်များ၊ ဆောင်ပုဒ်များ ဖြန့်ဝေခြင်း၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်းနှင့် ဆရာ၊ ဆရာမများအား အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအား အသိပညာပေးရေးကဏ္ဍတွင်လည်း ပြည်သူလူထုနှင့် ကျောင်းသား လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာ တိုက်ရိုက်ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးအစီအစဉ်များကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာတို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းရန် ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုလျှော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန်အတွက် မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းတစ်ခုကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် UNODC ၏ နည်းပညာအကူအညီနှင့် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းမှတစ်ဆင့် နိုင်ငံတော်အတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတွင် အလွန်တန်ဖိုးရှိသည့် အချက်အလက်များ ရရှိလာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းပြီး အောင်မြင်မှု ရရှိစေရန် ကြိုးစားဆောင်ရွက်စေလိုပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုအား ကုသ၍ရသော ရောဂါတစ်ခုအဖြစ် ယုံကြည်ပြီး ဆေးစွဲသူများကို လူသားချင်း စာနာထောက်ထားမှုအပြည့်ဖြင့် ခွဲခြားဆက်ဆံခြင်းကင်းစွာ ကုသမှုအခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အသိပညာပေးရေး ကဏ္ဍအနေဖြင့် ဆေးသုံးစွဲမှု စတင်ဖြစ်ပေါ်လာရစေသည့် အကြောင်းအရင်းများကို သိရှိစေရန် ဆောင်ရွက်ပြီး သမားရိုးကျအသိပညာပေးမှုမျိုးထက် အသိတရားနှင့် ဗဟုသုတရရှိစေမည့် ထိရောက်သည့် အသိပညာပေးလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အတူ တားဆီးနှိမ်နင်းရေးကဏ္ဍအနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်မှုခင်းများ၊ အန္တရာယ်များ၊ ကြောက်ရွံ့မှုများ မည်မျှလျော့ချနိုင်သည်ကို Index များနှင့် တိုင်းတာမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

စီမံကိန်းများ၊ လုပ်ငန်းစဉ်များရေးဆွဲရာတွင်လည်း လိုအပ်ချက်များ၊ လေ့လာဆန်းစစ်မှုများ အခြေခံအချက်အလက်စုဆောင်းမှုများကို စနစ်တကျဆောင်ရွက်ပြီး ပြဿနာ၏အရင်းအမြစ်ကို ဖြေလျှော့နိုင်သည့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် applicable ဖြစ်သော လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးမှုခင်းများသည် နယ်စပ်ဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သည့် မှုခင်းများနှင့် ဆက်စပ်လျက်ရှိပြီး ကုန်သွယ်မှုလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ဆန့်ကျင်ဘက်ရလဒ်အဖြစ် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင် ကုန်ပစ္စည်းများသယ်ဆောင်ရောင်းဝယ် မှုခင်းများသည် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အမြတ်ထုတ်ဆောင်ရွက်လာကြသည့်အတွက် တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အရှိန်အဟုန်မြှင့် တားဆီးဆောင်ရွက်ရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ်ကိုလျှော့ချရန် အစိုးရဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူလူထုများမှလည်း ဘုံပြဿနာအဖြစ်ခံယူပြီး အဖွဲ့အစည်းတစ်ခုချင်းစီမှ လူတစ်ဦးတစ်ယောက်ချင်းစီအထိ ကိုယ်စီတာဝန်ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "Listen FIRST" ဆိုသည့်အတိုင်း လူငယ်များ၏ ပြောကြားမှုကို ဦးစွာနားထောင်ပေးပြီး ၎င်းတို့၏ ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးစသည်တို့ကို ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးနှင့်တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သွေးလှူ

**မော်လမြိုင် ဇွန် ၂၅**

မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ဇွန် ၂၂ ရက်နံနက် ၉ နာရီက ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် အမှတ် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ အရာရှိစစ်သည်များ၊ ရဲမေများ စုပေါင်းသွေးလှူဒါန်းခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



သွေးလှူဒါန်းပွဲကို အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးဝင်းဇော်ဟန်နှင့် တပ်ဖွဲ့ဝင်များ၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာ သန်းထိုက်နှင့်သူနာပြုဆရာမများတက်ရောက်ကြပြီး ဒုရဲမှူးဝင်းဇော်ဟန်က အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအနေဖြင့် (၂၅)ကြိမ်မြောက်သွေးလှူဒါန်းမှုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းခြင်းဖြစ်ကာ မည်သည့်အချိန်အခါမဆို အမှန်တကယ် သွေးလိုအပ်လာပါက အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲကို ဖုန်းဆက်ပြီး တောင်းခံနိုင်ကြောင်း ဖုန်း-၀၉-၂၅၀၅၉၅၄၂၂ ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြော

**နောင်ချို ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲများကို ဇွန်လတတိယပတ်က နောင်ချိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပရာ နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ လည်းကောင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်းတို့တွင် အမက(၃)၊ အမက(၄)မူလတန်းကျောင်းတို့၌ လည်းကောင်း ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းထွေးက မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနောက်ဆက်တွဲဖြစ်ပွားသောရောဂါများ၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုအကြောင်း သိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# ဝန်ထမ်းကောင်းများမှသည် ဖွံ့ဖြိုးရေးလမ်းကြောင်းဆီသို့

**တိုက်မောင်း**

ဝန်ထမ်းဆိုတာ နိုင်ငံ့ဝန်ထမ်းအပါအဝင် ကုမ္ပဏီဝန်ထမ်းကအစ အဖွဲ့အစည်းအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြသူများကို ဆိုလိုခြင်းဖြစ်ပါတယ်။ သို့သော် ယခုဆောင်းပါးတွင်ဖော်ပြလိုသော ဝန်ထမ်းများမှာ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများကိုသာ အဓိကထားတင်ပြလိုပါကြောင်း စာဖတ်သူများအား ကြိုတင်မေတ္တာရပ်ခံပါရစေ။

**"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဟူသော ဆောင်ပုဒ်ကို ကျွန်တော် ဗဟိုဝန်ထမ်းတက္ကသိုလ် တက်ရောက်ရသောအခါက စာလုံးကြီးကြီးဖြင့် မြင်ခဲ့ဖူးပါတယ်။ အမှန်ပင်ဖြစ်ပါတယ်။ ဝန်ထမ်းများသည် အစိုးရ၏ယန္တရားကို အဓိကမောင်းနှင်နေကြရသူများ၊ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြရသူများ၊ ပြည်သူလူထု၏ လူနေမှုဘဝအခက်အခဲများကို နေ့စဉ် ထိတွေ့ဖြေရှင်းပေးနေကြရသူများဖြစ်သောကြောင့် အစိုးရတစ်ရပ်၏ ခြေလက်များဟု တင်စားခေါ်ဆိုထိုက်သူများလည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများအားလုံး ကောင်းဖို့အရေးဟာ အထူးအလေးပေး ဆောင်ရွက်သင့်တဲ့ကိစ္စရပ်တစ်ခုဖြစ်တယ်လို့ ဆိုချင်တာပါ။

## ဝန်ထမ်းများအပေါ်မှာ ယုံကြည်ကိုးစားစိတ်

ဝန်ထမ်းတစ်ယောက်ဖြစ်လာပြီဆိုရင် အရာထမ်းပဲဖြစ်ဖြစ်၊ အမှုထမ်းပဲဖြစ်ဖြစ် နိုင်ငံ့ဝန်ထမ်းဥပဒေကို ထုံးလိုချေ ရေလိုနောက် ကြေညက်နေရမှာဖြစ်တဲ့အပြင် ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာစောင့်ထိန်းကြရမှာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာအလျဉ်းသင့်လို့ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၄) က ပုဒ်မ-၁၀ မှာ ပြဋ္ဌာန်းထားတဲ့ တာဝန်များ ခေါင်းစဉ်အောက်က ပုဒ်မခွဲ (ဎ) မှာ ယခင်က "ပြည်သူကိုရိုသေလေးစားခြင်း" လို့ ဖော်ပြထားပေမယ့် နောက်ဆုံး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ပြင်ဆင်လိုက်တဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေမှာတော့ "ပြည်သူကိုရိုသေလေးစားစွာဝန်ဆောင်မှုပေးခြင်း" လို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့တာကို ဝန်ထမ်းအားလုံး သိရှိထားဖို့လိုအပ်မယ် ထင်ပါတယ်။ တကယ်တော့ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေပြီဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့အညီ အုပ်ချုပ်ရေးယန္တရားများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ တရားစီရင်ရေးကဏ္ဍများ၊ မီဒီယာများပါမကျန် အားလုံးလိုက်ပါပြောင်းလဲနေပြီဖြစ်ပါတယ်။ ဒီနေရာမှာ စနစ်သစ်ကို အကောင်အထည်ဖော်မောင်းနှင်ကြမယ့် ဝန်ထမ်းများရဲ့စိတ်ဓာတ်ဟာ အရေးကြီးလှပါတယ်။ ဝန်ထမ်းများဟာ လုပ်နည်းကိုင်နည်းအဟောင်း၊ အတွေးအခေါ်အဟောင်း၊ ကျစ်ချင် ရစ်ချင်တဲ့ စိတ်ဓာတ်အဟောင်းများကို စနစ်ဟောင်းနဲ့အတူ မြေမြှုပ်သင်္ဂြိုဟ်ပစ်ကြရတော့မှာဖြစ်ပါတယ်။ ခေတ်စနစ်နဲ့လျော်ညီပြီး ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ပြည်သူကို ဘယ်လိုဝန်ဆောင်မှုပေးရမလဲဆိုတာကိုပဲ စဉ်းစားတွေးခေါ်ကြရတော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုအပေါ်ကို ရိုးသားစွာ ဝန်ဆောင်မှုပေးရမယ်ဆိုတဲ့စိတ်ဓာတ်ဟာ အခြေခံကျလှပါတယ်။ အဂတိတရားကင်းကင်းရှင်းရှင်းနဲ့ လုပ်ငန်းတာဝန်များကို ချောမွေ့အောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူလူထုဟာ ဒီမိုကရေစီအစိုးရရဲ့ အနှစ်သာရကို ပြည့်ပြည့်ဝဝခံစားကြရပြီး ဝန်ထမ်းများအပေါ်မှာလည်း ယုံကြည်ကိုးစားစိတ်မြင့်မားလာမှာ ဖြစ်ပါတယ်။

## လုပ်ငန်းခွင်ပျော်ရွှင်မှု

ဝန်ထမ်းအကြီးအကဲများအနေဖြင့်လည်း မိမိတို့ဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ လူမှန်နေရာမှန် တာဝန်ပေးအပ်ရေး၊ အခွင့်အရေးများ တန်းတူညီမျှရရှိစေရေး၊ ရာထူးတိုးမြှင့်ခန့်ထားရာတွင် ဘက်လိုက်မှုမရှိရေး၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ကိုယ်ချင်းစာစိတ်ဖြင့် ကူညီဖြေရှင်းပေးရေးတို့ကို မဖြစ်မနေ အလေးထားဆောင်ရွက်ကြရန် အထူးလိုအပ်ပါတယ်။ သို့မှသာ ဝန်ထမ်းများဟာ လုပ်ငန်းခွင်ပျော်ရွှင်မှုရရှိပြီး မိမိတာဝန်အပေါ် ကျေပွန်ရုံသာမက ပြည်သူအပေါ် စေတနာထားသော ဝန်ထမ်းကောင်းများအဖြစ် ဂုဏ်ယူတတ်သူများဖြစ်လာကြမှာ အမှန်ပါပဲ။ ဒီနေရာမှာ ဝန်ထမ်းများကို တာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး မိမိဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအပေါ်မူတည်၍ လုပ်ငန်းလိုအပ်ချက်အရ သင့်လျော်တဲ့ဝန်ထမ်းကို သင့်လျော်တဲ့နေရာမှာ မှန်ကန်စွာရွေးချယ်တာဝန်ပေးအပ်မိဖို့ အရေးကြီးလှပါတယ်။ ဒီလိုမှမဟုတ်ဘဲ ငါ့အမျိုးမို့၊ ငါ့မိတ်ဆွေရဲ့ သားသမီးမို့လို့၊ ငါ့တပည့်မို့လို့ဆိုပြီး လက်သင့်သလို တာဝန်ပေးအပ်မယ်ဆိုရင် ကျွမ်းကျင်တာနဲ့ လုပ်နေရတာ တခြားစီဖြစ်ကာ ရေရှည်မှာ လုပ်ငန်းခွင်ပျော်ရွှင်မှု မရှိတော့ဘဲ စိတ်ညစ်လာပြီး အလုပ်ထွက်ဖို့အထိ ဖြစ်လာနိုင်သည်ကို သတိထားရပေလိမ့်မည်။

ဝန်ထမ်းများအားလုံး ရိုးသားကြိုးစားကြပြီး စင်းလုံးချောကောင်းသည်ဟုတော့ မည်သူမျှအာမခံနိုင်မည်မထင်ပါ။ လူသားများဖြစ်သဖြင့် တစ်ဦးနဲ့တစ်ဦး လိုအပ်ချက်မတူညီတာကလွဲ၍ မပြည့်စုံမှုများစွာလည်း ရှိနေနိုင်ပါတယ်။ အခြေခံအားဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ခေတ်မီပညာသင်ကြားနိုင်ရေး စတဲ့အရေးတွေက အဓိကမဖြစ်မနေလိုအပ်ချက်များ ဖြစ်ပါလိမ့်မယ်။ ဒီလိုအပ်ချက်တွေအတွက် နောက်ဆံတင်းစရာမလိုတော့ဘူးဆိုရင် ဝန်ထမ်းတစ်ဦးဟာ အဂတိလိုက်စားဖို့စဉ်းစားမိမှာမဟုတ်ပါဘူး။ ဒီနေရာမှာ မပြည့်စုံတဲ့ဝန်ထမ်းတွေသာ အဂတိလိုက်စားတယ်လို့ ဆိုလိုရင်းအဓိပ္ပာယ်မဟုတ်ပါဘူး။ ဝန်ထမ်းအများစုဟာ ကိုယ့်ရာထူး၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်ချင်ကြသူများပါ။

## ဝန်ထမ်းများ၏ သက်သာချောင်ချိရေး

သို့သော် ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကြောင့် တစ်ခါတစ်ရံမှာ မမျှော်လင့်သောအမှားမျိုးကို လုပ်ဆောင်မိတတ်ကြတဲ့ ဝန်ထမ်းမျိုးလည်း ခြွင်းချက်အနေနဲ့ ရှိနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ဝန်ထမ်းများအားလုံးဟာ အဂတိလိုက်စားမှုကင်းရှင်းကြရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းများ အဂတိမလိုက်စားရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့တွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်း၍ ထိန်းမတ်ကွပ်ကဲရန်တာဝန်ရှိသကဲ့သို့ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ လစာများခေတ်စနစ်နဲ့အညီ လုံလောက်စွာရရှိနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရေး၊ တာဝန်ထမ်းဆောင်စဉ် နေထိုင်ရန်အိမ်ရာ၊ တိုက်ခန်းများ လုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ အငြိမ်းစားယူသွားသည့်အခါတွင်လည်း သင့်တင့်သည့်ဈေးနှုန်းဖြင့် ဝယ်ယူနေထိုင်နိုင်ရေး၊ ကျန်းမာရေးအတွက် ဝန်ထမ်းသက်သာဆေးကုသခွင့်များ စီမံပေးရေး၊ ဝန်ထမ်း၏သားသမီးများအား ပညာသင်ကြားရာတွင် သီးခြားထောက်ပံ့စရိတ်များရရှိအောင် ဆောင်ရွက်ပေးရေး စတဲ့ အခြေခံလိုအပ်ချက်များကို ဂရုတစိုက်ဖြည့်ဆည်းပေးနိုင်တယ်ဆိုရင် အဂတိလိုက်စားသောဝန်ထမ်းများ လျော့နည်းလာမှာ အမှန်ပဲဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရမှ ဝန်ထမ်းများအပေါ် ဒီလိုဖြည့်ဆည်းပေးနိုင်ဖို့ဆိုတာ နိုင်ငံတော်ရဲ့ ဓနအင်အားတောင့်တင်းဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဖွံ့ ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်လို့ဆိုချင်ပါတယ်။ နိုင်ငံသားအားလုံးဟာ စီးပွားရေးလုပ်ပိုင်ခွင့်နဲ့ပတ်သက်လို့ တန်းတူရည်တူ အခွင့်အရေးရရှိစေရမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့အတွက် အရေးတကြီး တည်ဆောက်ရမှာက ငြိမ်းချမ်းရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဝန်ထမ်းများဟာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း အားတက်သရောပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရမှသာလျှင် ပြည်မနဲ့တောင်တန်း၊ နယ်စပ်ဒေသနဲ့မြို့ပြဟာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမှာမဟုတ်ပါလား။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ထမ်းကောင်းများစွာလိုအပ်သလို၊ ဝန်ထမ်းကောင်းများစွာမွေးထုတ်နိုင်ဖို့အတွက်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။

## ပြည်သူများအပေါ် အခွင့်ကောင်းမယူ

နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာပြီဆိုရင် ပထမဦးစွာ နိုင်ငံတော်ရဲ့မျက်နှာကို ကြည့်ကြရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့မျက်နှာဆိုတာ ၅၂ သန်းကျော်သော ပြည်သူလူထုရဲ့မျက်နှာများကို ကြည့်ကြဖို့ပါ။ ဆက်လက်ပြီး မိမိတို့ဌာနရဲ့ မူလတာဝန်ကို သိရှိဖို့လိုအပ်သလို၊ မိမိရာထူးရဲ့တာဝန်နဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ကိုလည်း ဂဃနဏသိရှိကြပြီး မိမိနဲ့ဆက်သွယ်ဆောင်ရွက်လာတဲ့ပြည်သူကို စေတနာရှေ့ထားကာ ဘယ်လိုအကောင်းဆုံး ဝန်ဆောင်မှုပေးရမလဲဆိုတဲ့စိတ်ဓာတ်ဟာ အရေးကြီးဆုံးထားရှိရမယ့် ခံယူချက်ဖြစ်ပါတယ်။ အချို့သောပြည်သူအများစုက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒတွေနဲ့ ကင်းကွာနေတတ်ကြပါတယ်။ ဒီလိုအားနည်းချက်ရှိတဲ့ ပြည်သူများအပေါ်မှာ အခွင့်ကောင်းမယူမိစေဖို့ အထူးလိုအပ်လှပါတယ်။ မိမိတတ်သိနားလည်သလောက် ရှင်းလင်းဆွေးနွေးပေးဖို့လိုသလို၊ မိမိနားမလည်သည့်ကိစ္စများအား မေးမြန်းလာပါက မိမိထက် ပိုမိုပြီးရှင်းလင်းပြသနိုင်သူထံကို လမ်းညွှန်ပေးကြရမှာ ဖြစ်ပါတယ်။

ဌာနအကြီးအကဲများအနေနှင့် မိမိဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုသကဲ့သို့ တိုးတက်မှုရှိ/မရှိအားလည်း အခါအားလျော်စွာ ကြပ်မတ်စစ်ဆေးကြရန် လိုအပ်ပါတယ်။ ရိုးသားကြိုးစား၍ တာဝန်ကျေပွန်ရုံသာမက ထူးချွန်စွာ ဆောင်ရွက်နိုင်သောဝန်ထမ်းများအား အလေးတယူ ချီးမြှင့်မြှောက်စားရန် လိုသကဲ့သို့၊ မလုပ်မရှုပ် မပြုတ်အချိန်ကုန်ပြီးရောဆိုပြီး ရေစုန်မျောလိုက်နေသော ဝန်ထမ်းများကိုလည်း စိတ်ဓာတ်ရေးရာမြင့်မားလာအောင် ဆွဲဆောင်စည်းရုံးကြရပါမယ်။ ဆိုလိုရင်းမှာ ချီးမြှောက်ထိုက်သူကိုချီးမြှောက်၍ အပြစ်ပေးအရေးယူထိုက်သူကို ပြတ်ပြတ်သားသား အရေးယူကြရန်ဖြစ်ပါတယ်။ အလုပ်ကြိုးစားသူရော၊ မကြိုးစားသူပါ (နွားထီး တစ်ကျပ် နွားမတစ်ကျပ်) အခွင့်အရေးတန်းတူရနေ မည်ဆိုပါက အချိန်ကြာလာတာနဲ့အမျှ ဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှု ပျက်ပြားကာ ဌာန၏လုပ်ငန်းတာဝန်များပါ ထိခိုက်လာနိုင်သည်ကို သတိပြုကြ ရပါမယ်။

## ထိုက်သင့်တဲ့အချိန်

ဝန်ထမ်းများဘက်ကလည်း ပြောင်းလဲလာသည့် ခေတ်စနစ်အရ ဒီမိုကရေစီစံနှုန်းများနဲ့ လိုက်လျောညီထွေသော ပြည်သူ့ဝန်ထမ်းများပီသစွာ ပြုမူနေထိုင်လုပ်ကိုင်ကြရန် အထူးလိုအပ်လှပါတယ်။ အဓိကအားဖြင့် မိမိနဲ့ နေ့စဉ်ထိတွေ့ဆက်ဆံနေရသော ပြည်သူများအပေါ် ဘယ်လိုဝန်ဆောင်မှုကောင်းတွေပေးရမလဲ၊ ပြည်သူလူထုဆီမှာဖြစ်ပေါ်နေသောအခက်အခဲကို စေတနာထားပြီး ဘယ်လိုကူညီဆောင်ရွက်ပေးရမလဲဆိုတဲ့အတွေးမျိုးဟာ ဝန်ထမ်းတစ်ယောက်မှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအချက်ပဲဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ တစ်ဦးတစ်ယောက်ကောင်းနဲ့ ဆောင်ရွက်လို့မရဘူး။ အစိုးရရော၊ အစိုးရရဲ့မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်နေရသော ဝန်ထမ်းများသာမက၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူလူထုများပါမကျန် အားလုံးဟာ ကိုယ့်ရဲ့အခန်းကဏ္ဍအသီးသီးကနေ တက်ညီလက်ညီ အတူတကွဝိုင်းဝန်းဆောင်ရွက်ကြမှသာလျှင် ကျွန်တော်တို့အားလုံးလျှောက်လှမ်းနေကြတဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကို မြန်မြန်ဆန်ဆန် ရောက်ရှိလာမှာပဲဖြစ်ပါတယ်။

ပြည်သူများကလည်း တာဝန်ထမ်းများရဲ့လုပ်ငန်းသဘောသဘာဝကို နားလည်ကြရန် လိုအပ်ပါတယ်။ ဒီနေရာမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်နားလည်ရမယ်လို့ ဆိုလိုရင်းမဟုတ်ပါဘူး။ ဌာနများရဲ့ လုပ်ငန်းတာဝန်များဟာ တစ်ဌာနနဲ့တစ်ဌာန မတူညီနိုင်တာမို့ ထိတွေ့ဆက်ဆံမှုများဟာ အနည်းငယ်စီတော့ ကွဲပြားနေနိုင်ပါတယ်။ အချို့ကိစ္စများဟာ မိမိတို့ရာထူး၊ အဆင့်အတန်းနဲ့ ဆုံးဖြတ်လို့မရတဲ့အခါ အထက်အရာရှိထံ ဆင့်ကဲဆင့်ကဲ တင်ပြကြရပါတယ်။ အဲဒီအခါ ထိုက်သင့်တဲ့အချိန်ကိုတော့ မဖြစ်မနေ စောင့်ကြရတာမျိုးလည်း ရံဖန်ရံခါရှိနိုင်ပါတယ်။ ဥပမာအားဖြင့် အချိန်မပေးနိုင်တဲ့ ပြည်သူတစ်ယောက်က သူတင်ပြထားတဲ့ကိစ္စကို ပုံမှန်ထက်မြန်ဆန်အောင်လို့ဆိုပြီး ဝန်ထမ်းကိုလာဘ်ထိုးမယ့်အခြေအနေမျိုး၊ မိမိထမ်းဆောင်ရမယ့်အခွန်ကို လျှော့ပေါ့ပေးစေလိုတဲ့အခါ တာဝန်ရှိဝန်ထမ်းနဲ့ ညှိနှိုင်းပြီး ကျသင့်အခွန်ကို မပေးဆောင်တာမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ ဝန်ထမ်းကို အဲဒီလို အဂတိလိုက်စားအောင်တွန်းပို့တဲ့ ပြည်သူတွေနည်းလေ၊ ဗျူရိုကရေစီယန္တရားလည်း သန့်ရှင်းလေဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများဘက်ကလည်း ဝန်ထမ်းများကို ကောင်းမွန်သောဝန်ထမ်းများဖြစ်အောင် အတတ်နိုင်ဆုံး ကူညီရိုင်းပင်းကြဖို့လိုသလို၊ ဝန်ထမ်းများကလည်း ပြည်သူများအပေါ် ရိုးသားစွာဖြင့် စေတနာထားပြီး ဝန်ဆောင်မှုပေးကြမယ်ဆိုရင် ဝန်ထမ်းလဲကောင်း၊ ပြည်သူလဲကောင်းမို့ ကျွန်တော်တို့အားလုံး မျှော်လင့်နေကြတဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့အသီးအပွင့်များနဲ့အတူ ကျေနပ်ဖွယ်ရာဝန်ဆောင်မှုကောင်းများကိုပါ ရရှိခံစားနိုင်တော့မှာဖြစ်တဲ့ အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ ။

**ပြည်သူများအပေါ် ဘယ်လိုဝန်ဆောင်မှုကောင်းတွေပေးရမလဲ၊ ပြည်သူလူထုဆီမှာ ဖြစ်ပေါ်နေသောအခက်အခဲကို စေတနာထားပြီး ဘယ်လိုကူညီဆောင်ရွက်ပေးရမလဲဆိုတဲ့ အတွေးမျိုးဟာ ဝန်ထမ်းတစ်ယောက်မှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအချက်ပဲဖြစ်**

ဖြူးမြို့နယ် ဇေယျဝတီမြို့ နယ်မြေရှိ အခြေခံပညာထက်/လယ်/မူ၊ အထက (ခွဲ)၊ အလက(ခွဲ)ကျောင်း ခြောက်ကျောင်း၌ ဇွန် ၂၅ ရက်က ဖြူးမြို့နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ အင်စပက်တော် ဦးဇော်လင်းမောင်နှင့် ကျန်းမာရေးဆရာ ဆရာမများ၊ ဇေယျဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ခြင်ဆေးများ ပက်ဖျန်းစဉ် မြင့်ဦး (ဖြူး)



# စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဇွန် ၂၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီအထိ တိုက်ကြီးမြို့ တိုက်ကြီးပြည်သူ့ဆေးရုံ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ပါမောက္ခ ရဲမြင့်က Professional Ethics ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ မာမာကြည်က TB situation in Myanmar: How to fight against TB ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ မိုးမိုးတင်က Do and Don't in Surgery ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဝင်းဇော်က Common Dermatology Problems for GPS ခေါင်းစဉ် ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

**ဗထူး**

# ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ) စာတမ်းများဖတ်ကြားပြီး ဆွေးနွေးအကြံပြု

**ရန်ကုန် ဇွန် ၂၅**

၂၀၁၇ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) ပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ် စိန်ရတုခန်းမ၌ ဆက်လက် ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် စာတမ်းရှင်များက ဇွန် ၂၄ ရက်တွင် တက္ကသိုလ်များ၌ Faculty များ ဖွဲ့စည်းတည်ထောင်ရေး စာတမ်း၊ ဆရာ၊ ကျောင်းသားဆိုင်ရာကိစ္စရပ်များ ဖွဲ့စည်း ဆောင်ရွက်နိုင်ရေးစာတမ်း၊ လေးနှစ်သင် ပညာရေးဒီဂရီ ကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရေး စာတမ်း၊ Credit Transfer System ကို အဆင့်မြင့်ပညာတက္ကသိုလ် များတွင် လက်တွေ့ကျင့်သုံးနိုင်ရေး စာတမ်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးစာတမ်း ငါးစောင်ဖတ်ကြား တင်သွင်းခဲ့ပြီး ယနေ့တွင် စာတမ်းတက္ကသိုလ်ဝင်ခွင့်လမ်းညွှန်(မူကြမ်း)ပြင်ဆင် ပြုစုရေး၊ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများ လက်ခံခြင်းနှင့် တက္ကသိုလ်ပြောင်း၊ ဘာသာရပ်ပြောင်းလျှောက်ထားလာခြင်း အပေါ် ဆောင်ရွက်နိုင်ရေး စာတမ်း၊ တက္ကသိုလ်၊ ကောလိပ်များ တွင် Internal Quality Assurance ကို ပီပြင်စွာ ကျင့်သုံးနိုင်ရေးနှင့် တက္ကသိုလ်များ၏ Ranking သတ်မှတ် နိုင်ရေး စာတမ်း၊ ဆရာ၊ ဆရာမများ၏ ရာထူးတိုး/ပြောင်းရေး မူများ သတ်မှတ်နိုင်ရေးစာတမ်း၊ အရည်အသွေးပိုမို ကောင်းမွန် သော အဝေးသင်ပညာရေးစနစ်ပေါ်ထွက်လာရေး စာတမ်း၊




ဆရာ၊ ဆရာမ၊ အရာထမ်း၊ အမှုထမ်းများ အရည်အသွေး မြင့်မားရေး အားပေးဆောင်ရွက်ရေးစာတမ်း စသည့် စာတမ်း ငါးစောင်တို့ကို ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြ သူများက ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာသိန်းဝင်းက စာတမ်းအလိုက် ညှိနှိုင်းရရှိချက် များကို အကြံပြုဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲ အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိဂုံးချုပ်အမှာစကားပြော ကြားရာတွင် **(အပေါ်ပုံ)** ပညာရေးဝန်ကြီးဌာနက မူလတန်းသင်ရိုး သင်ယူသူများအားလုံး မူလတန်းပညာသင်ယူပြီး မြောက်ပြီး အလယ်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်သည့် အခါတွင် သင်ယူသူ၏ ဝါသနာ၊ ဆန္ဒနှင့် အရည်အချင်းအရ နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းများ တက်နိုင် မည့် အခွင့်အလမ်းပိုမိုရရှိရေး၊ တက္ကသိုလ်ပညာ ဆက်လက် သင်ယူနိုင်မည့် အခွင့်အလမ်းများပိုမိုရရှိအောင်တွန်းအား ပေးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ကျောင်းသား ကျောင်းသူများအားလုံး လူသား ကောင်းများ ဖြစ်လာရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သော စိတ်ဓာတ်ဖြင့် တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်ရေး၊ တီထွင်ကြံဆမှု စွမ်းရည်မြင့်မားရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ပြုစုကြိုးပမ်းလျက်ရှိပါကြောင်း၊ ဇွန် ၂၄ ရက်နှင့် ၂၅ ရက် တို့တွင် တင်သွင်းသည့် စာတမ်း ၁၀ စောင်နှင့် ဖြိတ်သျှကောင်စီမှ လေ့လာဆန်းစစ်အကြံပြုချက် အစီရင်ခံစာများသည် ပိုမိုတန်ဖိုးရှိသည့် ပညာရေးကို ဦးတည် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် တန်ဖိုးမဖြတ်နိုင် သည့်၊ အရေးပါသည့် စာတမ်းများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ် ပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) သည် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျောင်းသား ကျောင်းသူများအတွက် အမျိုးသားပညာရေးဥပဒေ၊ ပြင်ဆင် သည့် ဥပဒေနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၀ တို့နှင့်အညီ လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်ရေးခရီးရှည်အတွက် စတင်လိုက်သည့်ခြေလှမ်း၊ အောင်မြင်မှု၏အစအဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ Training & Conference Centre ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇွန် ၂၄ ရက် နံနက်ပိုင်းက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၏ Training & Conference Centre ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက Sea Lion ကုမ္ပဏီအနေဖြင့် မိမိတို့ရရှိလာသော အမြတ်အစွန်း၏ တစ်စိတ်တစ်ဒေသကို Corporate Social Responsibility (CSR)အနေဖြင့် ပြန်လည်လှူဒါန်း ခြင်းဖြစ်ပါကြောင်း။

Training & Conference Centre များသည် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်း တစ်ခုတွင်ရှိသင့်သော လက္ခဏာတစ်ရပ် ဖြစ်၍ ယခုကဲ့သို့သော Centre မျိုးသည် ရန်ကုန်ဆေးရုံကြီး၊ မန္တလေးဆေးရုံကြီး သာမက တိုင်းဒေသကြီး/ပြည်နယ်ရှိ ဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ တွင်လည်း ရှိရန်လိုအပ်ပါကြောင်း။

နိုင်ငံတကာတွင် ဤကဲ့သို့လှူဒါန်း သည့် အဆောက်အအုံများ၊ ခန်းမများကို လှူဒါန်းသည့် ပုဂ္ဂိုလ်အမည်(သို့)အဖွဲ့ အစည်းအမည်ကိုပေး၍ ခေါ်ဆိုသည့် သာဓကများလည်းရှိပါကြောင်း၊ ဝန်ကြီး ဌာနအနေဖြင့်လည်း ယခုလှူဒါန်းသည့် ကုမ္ပဏီကဲ့သို့သော ကုမ္ပဏီများနှင့် စီးပွားရေး လုပ်ငန်းများမှ CSR အနေ ဖြင့် လှူဒါန်းထားမှုများကို စနစ်တကျ မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး စနစ် တကျ၊ အကျိုးရှိ၊ ထိရောက်စွာ အသုံးပြု နိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။

ယခု Centre ကိုလည်း ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ စသည့် အလွှာပေါင်းစုံမှ မိမိတို့သက်ဆိုင်ရာ ပညာရပ်တိုးတက် စေရေး အားလုံးဝိုင်းဝန်းသုံးစွဲကြစေလို ပါကြောင်း၊ ဆေးရုံအုပ်ချုပ်မှု စီမံခန့်ခွဲမှု ဆိုင်ရာပညာရပ်များ ဖွံ့ဖြိုးရေးအတွက် လည်း အသုံးပြုကြစေလိုပါကြောင်း။

ဆေးရုံအုပ်ကြီးနှင့် ဆေးရုံစီမံခန့်ခွဲ သူများအနေဖြင့်လည်း ဤ Training & Conference Centre ကို စနစ် တကျ ထိရောက်စွာအသုံးပြုနိုင်ရေး ဦးဆောင် စီစဉ်ပေးစေလိုပါကြောင်း၊ ဆေးလက်တွေ့ပညာရပ်ဆိုင်ရာ ဝန်ထမ်း အားလုံး၏ အသိပညာ၊ အတတ်ပညာ များကို တစ်စိတ်တစ်ဒေသအားဖြင့် မြှင့်တင်ပေးနိုင်မည့် Training & Conference Centre ကြီး ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် Sea Lion Group ၏ Managing Director ဒေါက်တာ ဝင်းဇော်အောင်က လှူဒါန်းရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ ပြောကြားကာ ပြည်ထောင်စုဝန်ကြီးထံသို့ Sea Lion Group မှ ၂၀၁၂ ဇန်နဝါရီမှ ၂၀၁၇ မတ် အတွင်း ဆောင်ရွက်ခဲ့သော Education, Training and CSR Support မှတ်တမ်းများကို လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်ဟန်ထံသို့ မန္တလေးအထွေထွေရောဂါ ကုဆေးရုံကြီး၏ Training & Conference Centre တည်ဆောက်မွမ်းမံ ခဲ့သောမှတ်တမ်းများကို လွှဲပြောင်း ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ် ပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံ ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင် မိုးက ကျေးဇူးတင်စကားပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာပြီး ယုံကြည်မှုများ တိုးတက်ဖြစ်ထွန်း




**နေပြည်တော် ဇွန် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူမှုဝန်ထမ်းဦးစီးဌာနအစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသော လားရှိုး မြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရ နှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာပြီး ယုံကြည်မှုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာပါကြောင်း၊ လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသော လူမှုအသိုက်အဝန်းနှင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်သော လူ့အသိုင်းအဝိုင်းတစ်ရပ် ဖြစ်ပေါ် လာစေရေးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ တိုင်းရင်းသား ပြည်သူများနှင့် နီးစပ်မှုရှိမှသာ လိုအပ်ချက်များ ကို ဖော်ထုတ်အကောင်အထည်ဖော်ပေးနိုင်မည် ဖြစ်ကြောင်း၊ လူသားတိုင်း ဒီမိုကရေစီစံနှုန်းနှင့်ညီသော လူ့အခွင့်အရေးကို ရရှိနိုင်ရန် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများဖြင့် ကြိုးစား ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများ က လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းပေးပြီး လားရှိုး မြို့နယ် လူမှုကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ် ဝယ်ယူရန် အတွက် မတည်ငွေကျပ် သိန်း ၃၀ ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၂၄ သိန်းနှင့် လတ်တလော ဖြစ်စဉ်များကြောင့် ထိခိုက်ခဲ့သော ဆေးရုံတက် လူနာတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ငါးသောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ဆင်းရွှေလီဘိုးဘွားရိပ်သာသို့ ရောက်ရှိ ပြီး ဘိုးဘွားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဘိုးဘွားများအတွက် အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်း ဦးစီးဌာန၊ လူငယ်သင်တန်းကျောင်း(လားရှိုး)သို့ရောက်ရှိပြီး သင်တန်းသားများနှင့် ထူးချွန်လူငယ်များကို တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ *ကျောဖုံးမှ*

MNL All Star အသင်းနှင့်ခြေစမ်း ပွဲတွင် ပါဝင်ကစားခဲ့သော်လည်း အပြီး သတ် လူစာရင်းရွေးချယ်ရာတွင် ပါဝင် လာခြင်းမရှိပေ။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ တွင် အိမ်ရှင် မြန်မာ ယူ-၂၂ အသင်း၊ ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ဂျပန် တက္ကသိုလ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစား ကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲ မည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၂၈ ရက်၊ ၃၀ ရက်၊ ဇူလိုင် ၂ ရက်တွင် အုပ်စုပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဇွန် ၂၈ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဇွန် ၃၀ ရက်တွင် ဟောင်ကောင်အသင်း၊ ဇူလိုင် ၂ ရက်တွင် ဂျပန်တက္ကသိုလ်အသင်း တို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင် မည့် မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ - ဦးသန်းတိုးအောင်၊ နည်းပြချုပ် - ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ- ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင် ရေးနည်းပြ - ပိုပေါ့စကီး၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ **ဂိုး -** ဘုန်းသစ္စာ မင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ **နောက်တန်း -** ထိုက်ထိုက်အောင်၊ သောင် လျှပ်ထျန်၊ နန်းဝေမင်း၊ ရဲရင့်အောင်၊ သီဟထက်အောင်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ **အလယ်တန်း-** ရဲရင့်ထွန်း၊ မင်းကျော်ခန့်၊ လှိုင်းဘိုဘို၊ ရန်ပိုင်စိုး၊ ရန်နိုင်ဦး၊ မောင်မောင်စိုး၊ ဇင်ဖြိုးအောင်၊ ဇေယျာနိုင်၊ ငြိမ်းချမ်းအောင်၊ မောင်မောင် လွင်၊ စည်သူအောင်၊ **ရှေ့တန်း -** အောင်သူ၊ သန်းပိုင်တို့ ပါဝင်ကြသည်။

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရင်း စီးပွားဖြစ်နယ်ပယ်တွေမှာ ဆက်ဆံရေးမြှင့်တင်လျက်ရှိ

## (မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

### ဘာသာပြန်-သာစိန်၊ ကျော်ထိုက်စိုး

**ဇွန်လ ၂၄ ရက်ထုတ် The Global New Light Of Myanmar သတင်းစာတွင်ပါရှိသော မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး Mr. Daniel Zonshine နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။**

**မေး။ ။အစ္စရေးနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ၁၉၅၃ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ နှစ်နိုင်ငံအကြားမှာ ရှည်လျားတဲ့ သမိုင်းကြောင်း ရှိခဲ့ကြပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး တိုးတက်အောင်မြင်လာမှုအပေါ် သိလိုပါတယ်။**

ဖြေ။ ။မှန်ပါတယ်။ ကျွန်တော်တို့ဟာ ၁၉၅၃ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးတဲ့နောက်မှာ မြန်မာနိုင်ငံမှာကိုယ်စားလှယ်တွေ ထားရှိခဲ့ပါတယ်။ ကျွန်တော်တို့ဘက်က ရှုထောင့်အရ ပြောရရင် ဒီဆက်ဆံရေးဟာ အင်မတန်မှ မဟာဗျူဟာမြောက်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးထားတဲ့ ကျွန်တော်တို့ကိုယ်စားလှယ်ဆိုရင် အတွေ့အကြုံများပြားတဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး သံတမန်ဆက်ဆံရေး တိုးတက်အောင်မြင်ဖို့ သူကပဲ စတင်လုပ်ဆောင်ခဲ့ပါတယ်။

အစ္စရေးနိုင်ငံကို ပထမဦးဆုံး လာရောက်လည်ပတ်တဲ့ နိုင်ငံတော်အကြီးအကဲက ဝန်ကြီးချုပ်ဦးနုဖြစ်ပါတယ်။ အဲဒီနှစ်ကာလတွေအတွင်းမှာ နှစ်နိုင်ငံအကြားဆက်ဆံရေးတွေ၊ လုပ်ရှားဆောင်ရွက်မှုတွေ၊ ပြည်သူများ အပြန်အလှန်သွားရောက်လည်ပတ်မှုတွေ၊ သင်တန်းနဲ့ အသိပညာဖလှယ်မှုတွေ များစွာလုပ်ဆောင်ခဲ့ပါတယ်။ အဲ့ဒီကာလအတွင်းမှာ နှစ်နိုင်ငံအကြားဆက်ဆံရေး ကောင်းမွန်ခဲ့ပြီး မြန်မာနိုင်ငံမှာသံရုံးကို အမြဲတမ်းထားရှိခဲ့ရုံမက သံရုံးပိတ်ပင်ခြင်း သို့မဟုတ် သံအမတ်ထက်နိမ့်သော သံရုံးအကြီးအကဲခန့်ထားခြင်းတွေကို ရှောင်ရှားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်များအတွင်းကလည်း ပူးပေါင်းဆောင်ရွက်မှုအတွက် ဖြစ်နိုင်ခြေများပြားလာတာကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရပါတယ်။ ဒီအခြေခံကောင်းတွေနဲ့အတူ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှုကို ကြိုးစားစီစဉ်ထားရှိပြီး အဲ့ဒီအတွက် ကြီးမားတဲ့ အခြေအနေကောင်းတစ်ရပ်ရှိနေတယ်လို့ မြင်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြိုးပမ်းမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ဒါကတော့ အင်မတန်ကြီးမားတဲ့ အရေးကိစ္စတစ်ခုပါ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံကနေလာပြီး ဒီမိုကရေစီယဉ်ကျေးမှု သိပ်ပြီးမထွန်းကားသေးတဲ့ ဒေသတစ်ခုမှာ ရောက်ရှိလာခဲ့တဲ့အတွက် ဒီမိုကရေစီကို ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ပါတယ်။ ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲကျင်းပရုံ၊ မဲပေးရုံမျှမကဘဲ စိတ်နေစိတ်ထား၊ လွတ်လပ်စွာပြောဆိုရေးသားမှု၊ စာနယ်ဇင်းလွတ်လပ်မှု၊ ဒီမိုကရေစီနဲ့ ဆက်နွယ်ပတ်သက်တဲ့ ဒီမိုကရေစီကနေ ဆင်းသက်လာတဲ့အကြောင်းကိစ္စများစွာ ပါဝင်ပါတယ်။ အချိန်ယူရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်တာကြောင့် ပြည်သူရဲ့စိတ်နေစိတ်ထားကို ပြောင်းလဲဖို့ဆိုတာ ကြေညာချက်ထုတ်ပြန်ရုံ သို့မဟုတ် သဘောတူညီချက်လက်မှတ်ရေးထိုးရုံကနေတစ်ဆင့် နေ့ချင်းညချင်းလုပ်ဆောင်လို့ မရနိုင်ပါဘူး။ ပညာရေးနဲ့ပြည်သူတွေရဲ့စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးရေးတို့နဲ့ ဆက်စပ်နေပါတယ်။

အစ္စရေးလူမျိုးရဲ့ သမိုင်းကြောင်းနဲ့နှိုင်းပြီး ဥပမာပေးရရင် ကျွန်တော်တို့ သဲကန္တာရထဲမှာ လှည့်လည်သွားလာတာ နှစ် ၄၀ ကြာခဲ့ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေရဲ့ စိတ်နေစိတ်ထားကို ပြောင်းလဲပေးရတဲ့လုပ်ငန်းစဉ် တစ်ရပ်က အချိန်ကြာလေ့ရှိပါတယ်။ မျှော်လင့်ချက်ကလည်း အလွန်ကြီးမားတဲ့အတွက် မျှော်လင့်ချက်တွေနဲ့ လက်တွေ့ဘဝကြားမှာ ပဋိပက္ခအချို့ရှိနိုင်ပါတယ်။

သို့သော်လည်း အမျိုးသားအဆင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးတာနဲ့ အကောင်အထည်ဖော်လာနိုင်မှာဖြစ်ပါတယ်။ ရေရှည်မှာတော့ အောင်မြင်မှုရလာလိမ့်မယ်လို့ မြင်ပါတယ်။ ဒီမိုကရေစီဟာ ရွေးကောက်တင်မြှောက်ရုံမဟုတ်ဘဲ လုပ်ငန်းခွင်ဘဝ၊ လူ့အဖွဲ့အစည်းတစ်ရပ်လည်ပတ်မှု၊ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းအတွင်း အမျိုးမျိုးသော အင်အားစုတွေကို ဟန်ချက်ညီအောင်ထိန်းကျောင်းမှုတွေလည်း ပါဝင်ပါတယ်။ ဒီအခြေအနေအထိ မြန်မာနိုင်ငံကို မြန်မြန်ရောက်စေချင်ပါတယ်။ သို့သော်လည်း စိတ်ရှည်ဖို့လိုပါတယ်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာကြာပါပြီ။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ခေါင်းဆောင်တွေကနေစပြီး မရှိမဖြစ်လိုအပ်တဲ့ ယုံကြည်မှုတည်ဆောက်ရေးကို လုပ်ဆောင်ဖို့လိုပါတယ်။ တိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွားကိုကြည့်ပြီး ထိပ်ပိုင်းဖြစ်တဲ့ အစိုးရ၊ စစ်ဘက်နဲ့ လူနည်းစုတိုင်းရင်းသားတွေက စတင်ရမှာဖြစ်ပါတယ်။ မရှိမဖြစ်လိုအပ်ချက်တစ်ခုကတော့ အကျိုးစီးပွားတွေကို ထည့်သွင်းစဉ်းစားတဲ့အခါနဲ့ အကျိုးစီးပွားချင်း မတူကွဲပြားခြားနားမှုတွေကို ကျဉ်းစေတဲ့အခါ တစ်ဖွဲ့ချင်းရဲ့အကျိုးစီးပွားဟာ သဘောသဘာဝအရကွဲပြားခြားနားတယ်ဆိုတာ သိထားဖို့ပါပဲ။

အဲ့ဒီအဆင့်ကိုရောက်ရင် ယုံကြည်မှုဟာ မရှိမဖြစ်လိုအပ်လာပါပြီ။ ထိပ်ပိုင်းက ပြေလည်မှုမရှိရင် အောက်ပိုင်းအဆင့်တွေကပဲ ထိခိုက်နစ်နာမှုအများဆုံး ဖြစ်စေပါတယ်။ တိုက်ပွဲတွေဖြစ်ရင် ပြည်သူတွေကသာ မြေဇာပင်ဖြစ်ပြီး သေသူသေ၊ အိုးပစ်အိမ်ပစ်ဘဝ သို့မဟုတ် အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်သူရောက်ဖြစ်ခဲ့ကြရပါတယ်။ ဒါကြောင့်မို့လည်း ထိပ်ပိုင်းက ခေါင်းဆောင်တွေက အောက်ခြေပိုင်းအဆင့်တွေပြေလည်မှုရအောင် လုပ်ဆောင်ပေးမှသာလျှင် အားလုံးအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ၁၉၇၃ ခုနှစ်က အီဂျစ်၊ ဆီးရီးယားတို့နဲ့ စစ်ပွဲပြင်းထန်စွာဖြစ်ပွားပြီး လေးနှစ်အကြာလောက်မှာ အီဂျစ်သမ္မတ အန်ဝါဆာဒတ်ဟာ အစ္စရေးကိုရောက်ရှိလာခဲ့ပါတယ်။ အမှန်တော့ အဲ့ဒီအတွက် ကြိုတင်ပြင်ဆင်ထားတာတွေရှိပါတယ်။ ဒါပေမယ့် အစ္စရေးကို သူရောက်တဲ့အချိန်မှာ ပြည်သူတွေရဲ့စိတ်ထားတွေ ပြောင်းလဲသွားပါတယ်။

ကျွန်တော်တို့ လွတ်လပ်ရေးရရှိဖို့အတွက် ၁၉၄၈ နဲ့ ၁၉၅၆ ခုနှစ်မှာ အီဂျစ်နိုင်ငံနဲ့ စစ်ဖြစ်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ တစ်ကြိမ်နဲ့ ၁၉၇၃ ခုနှစ်မှာ နောက်ထပ်တစ်ကြိမ် စစ်ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးစစ်ပွဲဖြစ်တဲ့ ၁၉၇၃ ခုနှစ်စစ်ပွဲမှာ နှစ်ဦးနှစ်ဖက် အကျအဆုံးများခဲ့ပါတယ်။ အဲ့ဒီကနေ ပြည်သူတွေရဲ့

**မရှိမဖြစ်လိုအပ်ချက်တစ်ခုကတော့ အကျိုးစီးပွားတွေကို ထည့်သွင်းစဉ်းစားတဲ့အခါနဲ့ အကျိုးစီးပွားချင်း မတူ ကွဲပြားခြားနားမှုတွေကို ကျဉ်းစေတဲ့အခါ တစ်ဖွဲ့ချင်းရဲ့ အကျိုးစီးပွားဟာ သဘောသဘာဝအရ ကွဲပြားခြားနား တယ်ဆိုတာ သိထားဖို့ပါပဲ**



မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး
Mr. Daniel Zonshine

စိတ်နေစိတ်ထားတွေ ပြောင်းလဲသွားခဲ့ပါတယ်။ ဒါကြောင့်မို့ အောက်ခြေကို လုပ်ပိုင်ခွင့်ပိုပြီးပေးတဲ့ ချဉ်းကပ်မှုနည်းလမ်းဟာ ကောင်းမွန်တယ်လို့ ပြောလိုပါတယ်။

[illegible]မိုးကြီးနိုင် ပုဂ္ဂိုလ်ရေးရာကိစ္စတွေမှာ တစ်ဦးနဲ့တစ်ဦး အမြင်မကြည်လင်တာတွေရှိမယ်လို့ မထင်ပါဘူး။ စစ်ပွဲထက် ငြိမ်းချမ်းရေးကို ဆွေးနွေးညှိနှိုင်းချင်တဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေများလာရင် ပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေလည်းပြောင်းလဲလာနိုင်ပြီး နောက်ထပ်အရွေ့တစ်ခု ရရှိလာမှာဖြစ်ပါတယ်။ အတိတ်က အချင်းချင်းတိုက်ခိုက်မှု၊ သဘောထားကွဲလွဲမှုနဲ့ မတူညီတဲ့ အကျိုးစီးပွားတွေကြောင့် တစ်ဦးပေါ်တစ်ဦး မကျေနပ်ချက်များ ရှိနေမှာဖြစ်ပါတယ်။ ထိပ်ပိုင်းကနေ အောက်ခြေကိုလာတဲ့ ပြောင်းလဲမှုတွေရှိလာရင် ကျွန်တော်တို့ပြောနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရဖို့ဆိုတာ သိပ်ပြီးမခဲယဉ်းဘူးလို့ ထင်ပါတယ်။

**မေး။ ။ဒါဟာ အလွန်စိတ်ဝင်စားဖို့ကောင်းပြီး အလွန်ပဲကောင်းမွန်တဲ့ သင်ခန်းစာတစ်ခုလား။**

ဖြေ။ ။ကျွန်တော်တို့ဟာ တခြားနိုင်ငံတွေကိုကြည့်ပြီး သူတို့ရဲ့အမှားတွေကို သင်ခန်းစာယူတတ်ဖို့ လိုအပ်သလို အဲ့ဒီနိုင်ငံတွေကနေ ကောင်းကွက်တွေကို သင်ယူပြီး မြန်မာနိုင်ငံနဲ့ သင့်လျော်မယ့်၊ လူမျိုးနဲ့သင့်လျော်မယ့်ဟာတွေကို ရယူအသုံးပြုရမှာဖြစ်ပါတယ်။ သူများတွေဆီက အတွေ့အကြုံနဲ့ အကူအညီကိုယူပြီး သူတို့ထက်ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ရရှိအောင် ဖော်ဆောင်မြှင့်တင်ဖို့လိုအပ်ပါတယ်။

**မေး။ ။မြန်မာနဲ့ အစ္စရေးအကြား ပူးပေါင်းဆောင်ရွက်မှုတွေ များစွာရှိနေတယ်လို့ သိရပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ နည်းပညာနယ်ပယ်တွေမှာဖြစ်ပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နောက်ထပ်ပူးပေါင်းဆောင်ရွက်မယ့်အစီအစဉ်တွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ကျွန်တော်တို့အနေနဲ့ အခြားနိုင်ငံတွေနဲ့ အတွေ့အကြုံ၊ ဗဟုသုတမျှဝေတာတွေ၊ အလေးထားဆောင်ရွက်တာတွေ ရှိပါတယ်။ မြန်မာနိုင်ငံဆိုရင် ကျွန်တော်တို့ဦးစားပေးလုပ်ဆောင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရင်း တစ်ချိန်တည်းမှာပဲ စီးပွားဖြစ်နယ်ပယ်တွေမှာ ဆက်ဆံရေး၊ မြှင့်တင်လျက်ရှိပါတယ်။ မနေ့ကပဲ ဗန်ကောက်ကို ခဏတာသွားရောက်လည်ပတ်ပြီး ပြန်ရောက်ခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ မြန်မာလူငယ်အချို့နဲ့ တွေ့ဆုံခဲ့ရပြီး ထိုမြန်မာလူငယ်တွေဟာ အစ္စရေးမှာ ၁၁ လကြာ သွားရောက်ပြီး ပြန်လာတဲ့လူငယ်တွေ ဖြစ်နေပါတယ်။ သူတို့တွေဟာ အစ္စရေးနိုင်ငံက လုပ်ဆောင်တဲ့ စီမံကိန်းတစ်ခုမှာ ပါဝင်သူတွေဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းက အစ္စရေးနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးမှာ လေ့လာသင်ယူရေးနဲ့ လုပ်ငန်းခွင်အတွက် မြန်မာလူငယ်တွေကိုခေါ်ယူတဲ့ ၂၃နှစ်ကြာ စီမံကိန်းဖြစ်ပါတယ်။

သူတို့တွေဟာ အစ္စရေးနိုင်ငံရဲ့ နည်းပညာနဲ့စက်မှုနည်းပညာတီထွင်ကြံဆမှုတွေမှာ ထိတွေ့မှုရစေမှာဖြစ်တဲ့အပြင် အစ္စရေးလယ်သမားတွေရဲ့စိတ်ဓာတ်ကနေ စိုက်ပျိုးရေးကဏ္ဍမှာ မရှိမဖြစ်လိုအပ်တဲ့ ခေတ်မီစိုက်ပျိုးရေး၊ စီမံကိန်း၊ အတွေ့အကြုံ၊ သုတေသနနဲ့ နည်းလမ်းကောင်းတွေကို ပိုပြီးသိရှိလာမယ်လို့ထင်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေးလုပ်ငန်းအများစုဟာ သမားရိုးကျဖြစ်ပြီး အဲ့ဒီကနေတစ်ဆင့် တီထွင်ကြံဆမှုဘက်ကို ရောက်ရှိလာဖို့ဟာ အလွန်အရေးကြီးပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အစ္စရေးနိုင်ငံကို သွားရောက်ကြတာ နှစ် ၂၀ ကျော် ကြာပြီဖြစ်တဲ့အတွက် အဲ့ဒီကရလာတဲ့ အကျိုးကျေးဇူးဟာ တစ်ဦးချင်းအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ အတိုင်းတာတစ်ခုအထိ အကျိုးရှိခဲ့ပြီလို့ ထင်ပါတယ်။ မြန်မာလူငယ် ၂၀၀ ဝန်းကျင်လောက်ဟာ နှစ်စဉ်အစ္စရေးနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ သွားရောက်ပညာသင်ကြားခဲ့ရပါတယ်။

အဲ့ဒီလူငယ်တွေနဲ့ စကားပြောကြည့်ရာမှာ သူတို့တွေထဲက အများစုဟာ အစ္စရေးနိုင်ငံကရလာတဲ့ အတွေ့အကြုံအပေါ် အားရကျေနပ်မှုရှိကြကြောင်း သိရပါတယ်။ အဲ့ဒီအစီအစဉ်နဲ့ အစ္စရေးနိုင်ငံမှာ သွားရောက်ပညာသင်ယူတဲ့ လူငယ်တွေ ၂၀၀၀ ကျော် ရှိနေပြီလို့ ထင်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို ရောက်ရှိသွားခဲ့စဉ်မှာ ပါမောက္ခတစ်ဦးတို့နဲ့ တွေ့ဆုံခဲ့ပြီး အဲ့ဒီပါမောက္ခက ၂၀၀၀ ပြည့်နှစ်မှာ အစ္စရေးကိုရောက်ရှိခဲ့ကြောင်းနဲ့ စိုက်ပျိုးရေးပညာကို သင်ယူခဲ့ရကြောင်း ပြောပါတယ်။

အခြားနယ်ပယ်တွေက အစိုးရအချင်းချင်းကြား ဆက်သွယ်မှုနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ အစ္စရေးနိုင်ငံက အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ ဒုတိယအကြီးအကဲရဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်တစ်ခုရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ဦးစားပေးနယ်ပယ်တွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ အစ္စရေးနိုင်ငံက နယ်ပယ်များစွာမှာ အတွေ့အကြုံတွေရှိပြီး လယ်ယာစိုက်ပျိုးရေးကတော့ အဲ့ဒီနယ်ပယ်တွေထဲက တစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ရေအရင်းအမြစ် စီမံခန့်ခွဲရေးမှာလည်း အတွေ့အကြုံရှိပြီး ပြီးခဲ့တဲ့နှစ်က ရေအရင်းအမြစ်စီမံခန့်ခွဲရေးမှာ အစ္စရေးနိုင်ငံရဲ့ အတွေ့အကြုံနဲ့ပတ်သက်လို့ စာအုပ်တစ်အုပ်ကို မြန်မာဘာသာကို ဘာသာပြန်ဆိုခဲ့ပါတယ်။ အဲ့ဒီစာအုပ်က မြန်မာနိုင်ငံနဲ့ အလွန်ကို ဆီလျော်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဒေသအချို့က အချို့ကာလတွေမှာ ရေအခက်အခဲကြုံတွေ့လို့ဖြစ်ပါတယ်။

ဒါကြောင့် အစ္စရေးနိုင်ငံရဲ့ သင်ခန်းစာအချို့ကို မြန်မာနိုင်ငံမှာ အသုံးချနိုင်တယ်လို့ထင်ပါတယ်။ ပြီးခဲ့တဲ့လ အနည်းငယ်အတွင်းက ရေအရင်းအမြစ်စီမံခန့်ခွဲရေးနဲ့ ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေနဲ့ ရေကိုသုံးစွဲဖို့ နည်းပညာတွေနဲ့ အစီအစဉ်ကို ဘယ်လိုအသုံးပြုတယ်ဆိုတာ ရေဆင်းတက္ကသိုလ်မှာ သင်ခန်းစာပို့ချမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီသင်ခန်းစာပို့ချမှုတွေမှာ ရေကိုချွေတာရေးသာမကပါဘူး၊ ပိုမိုထိရောက်တဲ့နည်းလမ်းတွေနဲ့ သုံးစွဲရေးလည်းပါဝင်ပါတယ်။ အပင်တွေလိုအပ်တဲ့ ရေပမာဏလောက်ကိုပဲသုံးစွဲပြီး ဆည်တွေနဲ့ ရေအရင်းအမြစ်တွေကို စီမံခန့်ခွဲတာတွေဖြစ်ပါတယ်။ ဒါတွေကတော့ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနယ်ပယ်မှာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံကို မျှဝေနိုင်တာတွေပဲဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ပြောရမယ်ဆိုရင် အစ္စရေးနိုင်ငံဘက်က ရင်းနှီးမြှုပ်နှံမှုပိုမိုများပြားတဲ့ ကာလရှည်စီမံကိန်းတစ်ခုဖြစ်လာမယ့် ပူးပေါင်းဆောင်ရွက်မှုကို ဇောက်ချလုပ်ကိုင်ဖို့ ပိုနှစ်သက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အစ္စရေးနိုင်ငံရဲ့ အဓိကကူညီထောက်ပံ့မှုကတော့ စွမ်းဆောင်ရည်မြှင့်တင်ရေး နယ်ပယ်ဖြစ်ပါလိမ့်မယ်။ ဥပမာအားဖြင့် စိုက်ပျိုးရေးနယ်ပယ်က ကျွမ်းကျင်သူတွေက စာသင်ခန်းထဲမှာသာမက စိုက်ကွင်းတွေထဲဆင်းပြီး လက်တွေ့ကျကျ ဘယ်လိုလုပ်ဆောင်ရတယ်ဆိုတာ ပြသရင်း စိုက်ပျိုးရေးနဲ့ရေအကြောင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍမှာ ဆောင်ရွက်ချက်တွေရှိခဲ့ပြီး မြန်မာကလေးအထူးကုဆရာဝန်နှစ်ဦး အစ္စရေးနိုင်ငံက ဆေးရုံတစ်ရုံကို တစ်လကြာသွားရောက်လည်ပတ်ခဲ့သလို ဒီလိုအစီအစဉ်ဆက်လက်ရှိနေစေဖို့ ကာလရှည်စီမံကိန်းတစ်ခုဖြစ်စေဖို့ ကျန်းမာရေးဝန်ကြီးနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ မျက်စိကုသရေး ပညာကဏ္ဍမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှု ရှိနေဆဲဖြစ်ပြီး ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း အစ္စရေးမျက်စိအထူးကုဆရာဝန် ကိုးဦးပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။

သူတို့က NGO တစ်ခုဖြစ်ပေမယ့် နည်းပညာမျှဝေဖို့နဲ့ မျက်စိကုသရေးနယ်ပယ်မှာ ခွဲစိတ်ကုသမှုတွေ လုပ်ဆောင်ဖို့

*စာမျက်နှာ ၉ သို့*

# ငြိမ်းချမ်းရေးရရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ရာ အားလုံးဝိုင်းဝန်းကူညီ

**ဗန်းမော်　ဇွန်　၂၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၃ ရက်က ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ခေတ်မှန်ခန်းနှင့် လူနာဆောင်များ ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများကို အားပေးစကား ပြောကြားသည်။

ယင်းနောက် ညောင်ပင်ရပ်ရပ်ကွက် ရောဘတ်နှစ်ခြင်းကျောင်းဝင်းအတွင်းရှိ စစ်ဘေးရှောင်မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းမှတစ်ဆင့် ဗန်းမော်မြို့သူနာပြုသင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများ၏ လက်တွေ့ဆောင်နှင့် နောင်ခိုရပ်ကွက်ရှိ အကျဉ်းဦးစီးဌာန ဗန်းမော်အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဗန်းမော်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံရေးပါတီများ အားလုံးဝိုင်းဝန်း ပါဝင်ကူညီမှသာ ငြိမ်းချမ်းရေးရရှိနိုင်ပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ဗန်းမော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၅၀ ဖြင့် တိန်းသော်ကျေးရွာအုပ်စု၌ ဖော်ထုတ်ထားသော ကွင်းသုံးကွင်းရှိ စိုက်ပျိုးမြေဧက ၁၉၀ ကို လယ်ယာမဲ့တောင်သူ ၆၇ ဦးထံသို့ ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာမြေ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်များ ပေးအပ်ခဲ့ပြီး ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဗန်းမော်မြို့နယ်အတွင်းရှိ IDP Camp များအတွက် ဆန်အိတ် ၂၀၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များတင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်နှင့်ခရိုင်အဆင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ မန်စီမြို့တော်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် ပြည်နယ် တရားသူကြီးချုပ် ဦးတူးဂျာတို့က တောင်သူများထံ စွန့်လွှတ်မြေများ လွှဲပြောင်းပေးအပ်ပြီး လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က IDP Camp များအတွက် ဇလာစာအုပ် ၁၄၃ ဒါဇင် ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူများက နွေရာသီကာလတွင် ရေအခက်အခဲကြုံတွေ့နေရသဖြင့် စိမ့်စမ်းရေရရှိရေး စနစ်တကျ သွယ်တန်းပေးနိုင်ရန်နှင့် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို တင်ပြခဲ့ကြရာ သက်ဆိုင်ရာ ပြည်နယ်တာဝန်ခံများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မန်စီနှစ်ခြင်းသာသနာ ဘုရားကျောင်းဝင်းရှိ စစ်ဘေးရှောင်စခန်း မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ယင်းနောက် ဗန်းမော်မြို့နယ် မံရှတ်ကျေးရွာရှိ ဆွတ်ဖယ်မလီဂရု(ပ်)ကုမ္ပဏီလီမိတက်မှ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ကျောက်ထုတ်လုပ်ငန်းအဆင့်ဆင့်နှင့် လျှပ်စစ်မီးတိုင် စက်ရုံသို့ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဗန်းမော်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မိုးမောက်မြို့နယ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ အိမ်တွင်းမှုသင်တန်းကျောင်းများ ကြည့်ရှု

မြစ်ကြီးနား　ဇွန်　၂၅

**ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် မိုးမောက်မြို့နယ်အတွင်းရှိ တောင်သူများထံစွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပြီး အိမ်တွင်းမှုသင်တန်းကျောင်းများသို့ ဇွန် ၂၂ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။**

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဗန်းမော်မြို့နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း၌ သင်တန်းသူများအား စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုနှင့် သင်တန်းကျောင်းအတွင်း အိပ်ခန်းဆောင်၊ စားသောက်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် မိုးမောက်အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ လူထုတွေ့ဆုံပွဲနှင့် စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စွန့်လွှတ်လယ်ယာမြေ (၅၀ ဒသမ ၄၁) ဧကကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တောင်သူများထံ ပေးအပ်ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ စစ်ဘေးရှောင်မိသားစုများ၏ သား သမီးများအတွက် ထောက်ပံ့လှူဒါန်းသည့် ကျောင်းသုံးဇလာစာအုပ်များကို ပြည်နယ်လူမှုရေးဝန်ကြီးတို့က ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံများက ဒေသလိုအပ်ချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထိုမှတစ်ဆင့် ဒေါ့ဖုန်းယန်မြို့နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** မြို့အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ကျောင်းသား ကျောင်းသူ ၁၉၀ ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ပေးအပ်ခဲ့ကြသည်။



ထို့နောက် နားလုံအခြေခံပညာအထက်တန်းကျောင်း၌ ဗြိုလအတွင်း တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းကြောင့် အမိုးလန်ပျက်စီးနေမှု အခြေအနေနှင့် ပညာသင်ကြားနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လွှတ်တော်ဥက္ကဋ္ဌကကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ပြည်နယ်ပညာရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ပြည်နယ်ပြန်/ဆက်)**

*စာမျက်နှာ ၈ မှ*

အစိုးရရဲ့အထောက်အပံ့နဲ့ မြန်မာနိုင်ငံကို လာရောက်တာဖြစ်ပါတယ်။ အတွေ့အကြုံရရှိရေးအစီအစဉ်အရ အစ္စရေးနိုင်ငံမှာ ခြောက်လကြာ နေထိုင်နေတဲ့ ဆရာဝန်ကြီးတစ်ဦးလည်း ရှိပါသေးတယ်။ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နေတဲ့ နယ်ပယ်များစွာရှိပြီး အများစုက စွမ်းဆောင်ရည်မြှင့်တင်ရေးအပေါ် အခြေခံပါတယ်။

**မေး။ ။ မြန်မာနိုင်ငံက စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ ပြိုင်တူ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အစ္စရေးနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှု နဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ။ ။ ရင်းနှီးမြှုပ်နှံမှုမှာ အစ္စရေးနိုင်ငံက ပုဂ္ဂလိကကဏ္ဍက တစ်ခုပတ်သက်ဆက်နွှယ်နေပါတယ်။ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး အစ္စရေးနိုင်ငံက ပုဂ္ဂလိကကဏ္ဍကို သတင်းပေးဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံအကြောင်းသိဖို့ အကောင်းဆုံးနည်းလမ်းကတော့ စာတွေကတစ်ဆင့် ဖတ်နေရုံ သာမကဘဲ သွားရောက်လည်ပတ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် အစ္စရေးပြည်သူတွေ မြန်မာနိုင်ငံကို လာရောက်ဖို့နဲ့ မြန်မာပြည်သူတွေ အစ္စရေးနိုင်ငံကိုသွားရောက်ဖို့ ကျွန်တော်တို့ အားပေးပါတယ်။

မြန်မာနိုင်ငံက ဖြစ်နိုင်ဖွယ်ရာ အလားအလာတွေနဲ့ စိန်ခေါ်မှုတွေကို ဖော်ထုတ်ဖို့နဲ့ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်သွယ်မှုဖန်တီးနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံတည်ထောင်မှု၊ အစိုးရ၊ ပြည်သူနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့တွေ့ဆုံဖို့ ပြီးခဲ့တဲ့လကအစ္စရေးနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက ဆက်သွယ်ရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနဲ့ နည်းပညာနယ်ပယ်တွေမှာ လုပ်ငန်းလည်ပတ်နေတဲ့ အစ္စရေးကုမ္ပဏီတွေရှိပါတယ်။ အစိုးရတစ်ခုအနေနဲ့ ကျွန်တော်တို့အားပေးပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုချည်းပဲ ပြုလုပ်မနေပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုချည်းပဲပြုလုပ်တာက ကျွန်တော်တို့အစိုးရ လုပ်ဆောင်နေတဲ့ နည်းလမ်းမဟုတ်ပါဘူး။ အခြားနိုင်ငံတွေလို အလွန်ကြီးမားတဲ့စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာတာ မဟုတ်ပေမယ့် အစိုးရအဆင့်မှာ လေ့ကျင့်ရေးနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်တွေမှာ အလေးပေးကူညီပေးပါတယ်။

မြန်မာနိုင်ငံက အလွန်ကို စိတ်ဝင်စားစရာကောင်းတဲ့ အချိန်အခါတစ်ရပ် ကြုံတွေ့နေရပြီး ဖွံ့ဖြိုးတိုးတက်မှုက ငြိမ်းချမ်း ရေးရရှိစေမလား၊ ငြိမ်းချမ်းရေးက ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမလားဆိုတာ ဆွေးနွေးမှုတွေရှိခဲ့ပါတယ်။ တစ်ဖက်တည်းကို သီးသန့်ထားပြီး အခြားတစ်ဖက်ကို အလေးပေးနိုင်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါဟာ အလွန်အလေးထားပြီး အခြားသူတွေထံက အတွေ့အကြုံသင်ယူဖို့ လိုအပ်တဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကြိုးပမ်းမှုတွေဘယ်လိုပြုလုပ်တယ်ဆိုတာနဲ့ အလုပ်တွင်စေဖို့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အကူအညီ အသုံးပြုခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အချိန်မရှိလို့ဖြစ်ပါတယ်။

**မေး ။ ။ မကြာသေးမီကပြုလုပ်ခဲ့တဲ့ ပင်လုံငြိမ်းချမ်းရေးညီလာခံမှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းစစ်ကို ကျွန်မတို့လုပ်ဆောင်ခဲ့တာ မဟုတ်ပေမယ့် မျိုးဆက်သစ်တွေအတွက် ငြိမ်းချမ်းရေးကို စတင်ပြုလုပ်ရမယ်လို့ ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူတွေရဲ့ပါဝင်ဆောင်ရွက်မှုကိုလည်း သူက ပြောကြားခဲ့ပါတယ်။ ဒါကြောင့် လူကြီးမင်းရဲ့အကြံပြုချက်အတိုင်း ကျွန်တော်တို့ နည်းလမ်းတွေကို မျှော်လင့်ပါတယ်။**

ဖြေ ။ ။ ဟုတ်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့အတိုင်းပါပဲ။ စီးပွားရေး၊ ပညာရေးနဲ့ အခြားအမြင်အရ ခင်ဗျားအနေနဲ့ ကမ္ဘာကြီးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်လာနေတယ်ဆိုတာကြည့်ဖို့ ဟိုဟိုသည်သည် လျှောက်ကြည့်သင့်ပါတယ်။ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပဋိပက္ခတစ်ခုလိုထင်ရပေမယ့် ဒါကကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စဖြစ်ပါတယ်။

**မေး ။ ။ စိန်ခေါ်မှုတွေက အခွင့်အလမ်းတွေ ဖြစ်လာနိုင်ပါသလား။**

ဖြေ ။ ။ စိန်ခေါ်မှုတွေက အမြဲတမ်းရှိနေပြီး ခင်ဗျားအနေနဲ့ စိန်ခေါ်မှုတွေက ရှောင်ကြဉ်လို့ မရနိုင်ပါဘူး။ ကမ္ဘာ့နိုင်ငံတွေကိုကြည့်မယ်ဆိုရင် စီးပွားရေး၊ လူမှုအဖွဲ့အစည်း၊ ပြည်တွင်းဒါမှမဟုတ် ပြည်ပငြိမ်းချမ်းရေးစတဲ့ စိန်ခေါ်မှုတွေ ကင်းလွတ်တဲ့ နိုင်ငံရယ်လို့ မရှိပါဘူး။ ဖွံ့ဖြိုးဆဲ တိုင်းပြည်တွေမှာတောင် လူဝင်မှုနဲ့ ကမ္ဘာ့ကုန်သွယ်မှုလို သူတို့ရဲ့သက်ဆိုင်ရာ စိန်ခေါ်မှုပြဿနာတွေရှိပါတယ်။

**မေး ။ ။ နောက်ဆုံးမေးခွန်းကတော့ မြန်မာနဲ့ အစ္စရေးအကြားနှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖို့နဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံကိုလာရောက်မယ့် အစ္စရေး ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုမ္ပဏီတွေအနေနဲ့ စိန်ခေါ်မှုအချို့ ရှိနေပါလိမ့်မယ်။ ကျွန်တော်တို့ ဇောက်ချဆောင်ရွက်မှာကတော့ ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ စိုက်ပျိုးရေး၊ ပညာရေးနဲ့ ဆေးဝါးလို အစ္စရေးနိုင်ငံရဲ့ အတွေ့အကြုံနဲ့ ပတ်သက်တဲ့ အားသာချက်တွေဖြစ်ပါတယ်။ အပူပိုင်းဒေသ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံ၊ နည်းပညာတွေကို မြန်မာနိုင်ငံအား မျှဝေပေးနိုင်ပါတယ်။ မြန်မာနဲ့ အစ္စရေးကြား ပူးပေါင်းဆောင်ရွက်မှုအချို့နဲ့ လုပ်ဆောင်ဆဲ စီမံကိန်းတွေရှိပေမယ့် ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က မြန်မာအာဏာပိုင်တွေရဲ့ စိတ်ဝင်စားမှုနဲ့ လိုလားမှုတွေအတိုင်း ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို အလေးပေးဆောင်ရွက်ဖို့ဖြစ်ပါတယ်။

# ပါကစ္စတန်၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုကြောင့် လူရာနှင့်ချီ၍သေဆုံး

**အစ္စလာမ်မာဘတ် ဇွန် ၂၅**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် တနင်္ဂနွေနေ့နံနက်ပိုင်းက လောင်စာဆီတင်ကားတစ်စီး မီးလောင်ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၂၃ဦး ထက်မနည်း သေဆုံးပြီး ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့အာဏာပိုင်များနှင့် ဆေးရုံသတင်းရင်းမြစ်များအရ သိရသည်။

အခင်းဖြစ်ပွားပုံမှာ လောင်စာဆီတင်ယာဉ်သည် ဘာဟာလ်ဝါပါမြို့အစွန်အဖျားရှိ အဝေးပြေးလမ်းမပေါ်တွင် ရုတ်တရက်ကွေ့ချလိုက်ချိန်တွင် ယာဉ်တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်မှဖိတ်ကျလာသော လောင်စာဆီများ မီးစွဲလောင်ကာပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာအနီးတွင် စုဝေးရောက်ရှိနေသူအားလုံး မီးလောင်ခံခဲ့ရသည်ဟု ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ယာဉ်တိမ်းမှောက်သွားချိန်တွင် အနီးအနားတစ်ဝိုက်ရှိလူများသည်ဖိတ်လျှံနေသော လောင်စာဆီများကို လာရောက်ခပ်ယူခဲ့ကြသည်။ ထိုသို့ လူများရောက်ရှိနေချိန်တွင် ဆီတင်ယာဉ် ရုတ်တရက်မီးလောင်ပေါက်ကွဲသွားခဲ့ရာ ရောက်ရှိနေကြသူအားလုံးကို မီးလောင်ကျွမ်းခဲ့ပြီး အနီးတစ်ဝိုက်နေရာများကိုလည်း မီးလောင်ကျွမ်းသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောဆိုခွင့်ရှိသူ မာလစ်မိုဟာမက်အာမက်ခန်က ရိုက်တာသို့ ပြောကြားခဲ့သည်။



လူများစွာမီးအကြီးအကျယ် လောင်ကျွမ်းခံခဲ့ရပြီးနောက် အသက်အန္တရာယ်စိုးရိမ်ရသူများကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ခဲ့ပြီး ဘာဟာလ်ဝါပါနှင့်အနီးအနားရှိ ဆေးရုံများသို့အရေးပေါ်ပို့ဆောင်ခဲ့ရသည်။ ကနဦးသတင်းဖော်ပြမှုများအရ တစ်စုံတစ်ဦးက စီးကရက်သောက်ရန်မီးညှိခဲ့ရာမှ လောင်စာဆီမီးလောင်မှုဖြစ်ပွားကာ ဆီတင်ယာဉ်ကို ပေါက်ကွဲစေခဲ့ခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပြောဆို ခွင့်ရှိသူ ဂျမ်ဆာဂျစ်ဟူစိန်က ပြောကြားခဲ့ကြောင်း သိရသည်။

မီးသတ်ကယ်ဆယ်ရေးသမားများသည် မီးတောက်များကိုအပြီး ငြိမ်းသတ်နိုင်ရန် နှစ်နာရီကျော်ကြာအောင် ကြိုးစားခဲ့ရသည်။ ထိခိုက်ဒဏ်ရာရရှိသူများအား ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်လိုအပ်သောဆေးဝါးအကူအညီများအပြည့်အဝ ပေးအပ်ရန် ဝန်ကြီးချုပ်ရုံးမှ တိုက်ရိုက်ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ဘာဟာလ်ဝါပါ၌ မတော်တဆဖြစ်ပွားခဲ့သည့် လောင်စာဆီတင်ယာဉ်မီးလောင်မှုအတွင်း လူ့အသက်ပေါင်းများစွာ ဆုံးရှုံးသွားခဲ့သည့်အတွက် များစွာယူကျုံးမရဖြစ်မိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် မိုဟာမက်နာဝပ်ရှာရစ်က ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# အာဖဂန်အနောက်ပိုင်းတွင် စစ်ဆေးရေးဂိတ်တစ်ခုကို စစ်သွေးကြွများတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးပြီး လုံခြုံရေးအစောင့်လေးဦး ဒဏ်ရာရရှိ

**ဟီရတ် ဇွန် ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ ရေကာတာတစ်ခုအနီးတွင် တနင်္ဂနွေနေ့က တာလီဘန်စစ်သွေးကြွများက ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်တစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁၀ ဦးကို သတ်ဖြတ်သွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

တာလီဘန်စစ်သွေးကြွတစ်စုသည် ဆယ်လ်မာရေကာတာအနီးရှိ စစ်ဆေးရေးဂိတ်ကို ဝင်ရောက်ပြီးနောက်တွင် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးပြီး လုံခြုံရေးအစောင့်လေးဦးမှာလည်း ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်ဟု ဆိုသည်။

တာလီဘန်စစ်သွေးကြွများအား ခုခံတိုက်ခိုက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်လေးဦးမှာလည်း သေနတ်အပြန်အလှန်ပစ်ခတ်မှုအတွင်း သေဆုံးသွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင် ဂျင်လာနီဖာဟတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ငွေကြေးထည့်ဝင်မှု အကူအညီဖြင့် တည်ဆောက်ထားသည့် ဆယ်လ်မာရေကာတာသည် နိုင်ငံ၏အဓိကဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၁ ခုနှစ်တွင် တာလီဘန်တို့၏ အုပ်ချုပ်မှုပြိုပျက်သွားပြီးနောက် အာဖဂန်အနောက်ပိုင်းဒေသတွင် တည်ဆောက်ခဲ့သည့် အကြီးဆုံးရေကာတာဖြစ်သည်။

**(ဆင်ဟွာ)**

# အီရတ်အင်အားစုများက မြို့ဟောင်းအတွင်းရှိ အရပ်သားများ လွတ်မြောက်ရန် လမ်းဖွင့်ပေး



မိုဆူးလ်တွင် ဖြစ်ပွားသည့်တိုက်ပွဲများမှ ထွက်ပြေးလာသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်

**မိုဆူးလ် ဇွန် ၂၅**

မိုဆူးလ်မြို့ဟောင်းအတွင်းရှိ အရပ်သား ရာပေါင်းများစွာတို့ လွတ်မြောက်စေရန်အတွက် အထွက်လမ်းကြောင်းများကို အီရတ်အင်အားစုများက စနေနေ့တွင် ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်တပ်ဖွဲ့ဝင်အင်အားစုများသည် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများက နောက်ဆုံးခြေကုပ်ရယူထားသည့်နေရာ၏ လေးပုံတစ်ပုံကိုပြန်လည်ရယူနိုင်ရေး တိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ အမေရိကန်က လေ့ကျင့်ပေးထားသည့် မြို့ပြစစ်ဆင်ရေး ယူနစ်အဖွဲ့သည် တည်နေရာလေးခုတို့တွင်ရှိနေသည့် ဘာသာရေးအစွန်းရောက်များကိုသီးခြားစီခွဲထုတ်ပစ်ရန်ရည်ရွယ်ချက်ဖြင့် မြို့ဟောင်း၏ အချက်အချာနေရာရှိ လမ်းကြောင်းနှစ်ခု တစ်လျှောက်တွင် အီရတ်အင်အားစုများ တိုက်ခိုက်မှုပြုလုပ်အောင် လမ်းကြောင်းပေးလျက်ရှိသည်ဟု ဖော်ပြထားသည်။

မြို့ဟောင်းအတွင်း၌ ဖြစ်ပွားနေသည့် တိုက်ပွဲများသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန်လက အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အင်အားစုများက မြောက်ပိုင်းမြို့ကို ပြန်လည်ရယူနိုင်ရေး ကြိုးပမ်းသည့် ရှစ်လကြာမြင့်သည့် စစ်ဆင်ရေးကဲ့သို့ ပုံစံမျိုးဖြစ်လာသည်။ မျက်နှာတွင်ဒဏ်ရာများရရှိထားသည့် မိန်းကလေးတစ်ဦးသည် အိမ်နီးနားချင်းများနှင့်အတူ လူဦးရေများပြားသည့် ဆင်ခြေဖုံးရပ်ကွက်အပြင်ဘက်သို့ သောကဝေဒနာများစွာဖြင့် ထွက်ခွာလာသည်ကို တွေ့ရကြောင်းနှင့် ၎င်း၏မိသားစုဝင်များအားလုံးမှာ သေဆုံးသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့က လူ၁၂ဦးထက်မနည်း သေဆုံးပြီး လူရာနှင့်ချီ၍ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဖြစ်ရာ တိုက်ပွဲဖြစ်ပွားမှုများအတွင်း အရပ်သားများသေဆုံးမှုမြင့်တက်လာမှုကို ကုလသမဂ္ဂအဖွဲ့ကြီးက စနေနေ့တွင် သတိပေးခဲ့သည်။ အစိုးရအဖွဲ့မှ တိုးမြှင့်အင်အားစုများသည် အိုင်အက်စ်စစ်သွေးကြွများရှိရာနေရာ၏ အနောက်ဘက်ခြမ်းရှိအရပ်သားများထွက်ပြေးလွတ်မြောက်နိုင်မည့် စင်္ကြံလမ်းများကိုချိုးဖျက်ကာ လမ်းဖွင့်ပေးခဲ့ကြသည်။

**(ရိုက်တာ)**

# တရုတ်နိုင်ငံ စီချွမ်တွင် မြေပြိုမှုအတွင်းပျောက်ဆုံးနေသူများ၏ အချက်အလက်များကိုထုတ်ပြန်

**စီချွမ် ဇွန် ၂၅**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တောင်ကုန်းထူထပ်သည့် ဒေသဖြစ်သော စီချွမ်ပြည်နယ်တွင် စနေနေ့က ကြီးမားသည့် မြေပြိုမှု ဖြစ်ပွားခဲ့ပြီးနောက် လူ ၁၁၈ ဦး ပျောက်ဆုံးလျက်ရှိရာ ဒေသဆိုင်ရာအာဏာပိုင်များက ပျောက်ဆုံးနေသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုအတွင်း ပျောက်ဆုံးလျက်ရှိသူများ၏ အမည်စာရင်းနှင့် အချက်အလက်များကို တနင်္ဂနွေနေ့တွင် အဘာတိဘက်နှင့် Qiang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဝက်ဘ်ဆိုက်များတွင် ဖော်ပြခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးပြုလုပ်ရာတွင် အထောက်အကူဖြစ်စေမည့် သဲလွန်စများကို ဒေသခံပြည်သူများက ကူညီဖြည့်ဆည်းပေးကြရန် အာဏာပိုင်များက တိုက်တွန်းခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၀၀၀ ကျော်တို့သည် ပြိုကျထားသည့် မြေစိုင်မြေခဲများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရန်




မြေပြိုမှုဖြစ်ပွားသည့်နေရာတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တွေ့ရစဉ်

အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိသည်။ မြေပြိုမှုအတွင်း ၁၅ ဦးမှာ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုထားပြီဖြစ်သည်ဟု ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို ဦးဆောင်သူ ဝမ်မင်ဂွီက ပြောကြားခဲ့သည်။

မြေပြိုမှုသည် စနေနေ့နံနက် ၆ နာရီတွင် ဖြစ်ပွားခဲ့ရာ ဇင်မိုကျေးရွာ၊ ဒိုင်စီမြို့နယ်နှင့် မာအိုစီခရိုင်တို့ရှိ နေအိမ် ၆၂လုံးကိုပျက်စီးသွားစေခဲ့သည်။မြေပြိုမှုက မြစ်၏ နှစ်ကီလိုမီတာခန့်ကို ပိတ်ဆို့ဖုံးလွှမ်းသွားစေခဲ့ပြီး လမ်း၏ ၁၆၀၀ မီတာခန့်ကို မြေမြုပ်သွားစေခဲ့သည်။

ပြိုကျသည့် မြေစိုင်မြေခဲ အစုအပုံသည် ကုဗမီတာ ရှစ်သန်းခန့်ရှိကြောင်း စီချွမ်ပြည်နယ် ဘူမိကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)သို့ ရှမ်းနှင့်ကချင် တောင်သူကိုယ်စားလှယ်များလာရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၅**

ရှမ်းပြည်နယ်အတွင်းရှိ ကျောက်မဲ၊ နောင်ချို၊ ဟိုပုံး၊ ဆီဆိုင်၊ တောင်ကြီး မြို့နယ်များနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းမှ တောင်သူကိုယ်စားလှယ်များအား စားနပ်ရိက္ခာဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Food Security Working Group-FS-WG) မှ တာဝန်ရှိသူများ ဦးဆောင်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)သို့ ဇွန် ၂၂ ရက်က လေ့လာရေး လာရောက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါလေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနဌာနစုသို့ သွားရောက်လေ့လာခဲ့ရာ ဌာနစုတာဝန်ခံ ဒေါ်သန်းသန်းနုက ဌာနအတွင်း သုတေသနပြုဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ခရမ်းချဉ်မျိုးများ ရရှိရေးအတွက် ခရမ်းပင်ကို အောက်ခံပင်အဖြစ်ထားရှိကာ ခရမ်းချဉ်ပင်နှင့် ကိုင်းကူးဆက်ပုံများကို လည်းကောင်း၊ ဘူး၊ ဖရုံပင်များကို အောက်ခံပင်အဖြစ်ထားရှိကာ သခွားမွေးပင်များနှင့် ကိုင်းကူးဆက်ပုံများကို လည်းကောင်း ကိုယ်တိုင်စီးပွားဖြစ် ကိုင်းကူးဆက် စိုက်ပျိုးနိုင်ရေးအတွက် လက်တွေ့သရုပ်ပြမှုများနှင့်အတူ ရှင်းပြခဲ့သည်။ ဆက်လက်၍ ကွင်းအတွင်းပြုလုပ်ထားသည့် သုတေသနများနှင့် မြေလွှာမဲ့ ဟင်းသီးဟင်းရွက်များ သုတေသနပြုစိုက်ပျိုးထားပုံများကို လေ့လာရေးအဖွဲ့ဝင်များက စိတ်ပါဝင်စားစွာလေ့လာကြပြီး သိလိုသည်များကို မေးမြန်းခဲ့ရာ သုတေသနပညာရှင်များက ပြန်လည်ဖြေကြားခဲ့သည်။

လေ့လာရေးအဖွဲ့သည် ရေအသုံးချရေး သုတေသနဌာနစုသို့လည်း သွားရောက်လေ့လာခဲ့ပြီး တာဝန်ရှိသူတစ်ဦးက ကွင်းအတွင်းဆောင်ရွက်လျက်ရှိသည့် ရေချွေတာသုံးစွဲနည်းဆိုင်ရာ သုတေသနလုပ်ငန်းများ အကြောင်းကို ရှင်းပြကာ ကွင်းအတွင်းရှိ စမ်းသပ်စိုက်ခင်းများကို လိုက်လံပြသခဲ့သည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မျိုးစေ့ဘဏ်သို့သွားရောက်လေ့လာခဲ့ပြီး တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသန ဦးစီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော စပါး၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် စက်မှုကုန်ကြမ်းသီးနှံအစရှိသော သီးနှံအလိုက် သုတေသနပြကွက်များကိုလည်းကောင်း၊ သီးနှံစိုက်စနစ်မြေဆီလွှာ၊ ရေအသုံးချရေး၊ ပိုးမွှား၊ ရောဂါ၊ ဇီဝနည်းပညာအစရှိသော သုတေသနပြကွက်များကို လည်းကောင်း၊ မျိုးစေ့ဘဏ်အတွင်း စုဆောင်းထားသည့် နိုင်ငံတစ်ဝန်းရှိဒေသအသီးသီးမှ စပါးမျိုးများကို လည်းကောင်း ပြသခဲ့သည်။

ထို့အပြင် တောင်သူများ၏ မြေဆီလွှာများ၊ ပိုးမွှား၊ ရောဂါများအပြင် ရေနှင့်ဆိုင်သောပြဿနာများအား သုတေသနပြုဖြေရှင်းပေးလျက်ရှိသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွင်းမှ ဓာတ်ခွဲခန်းများ၊ အပင်တစ်ရှူးမွေးမြူခြင်း သုတေသနလုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းများ၊ ပဲမျိုးစုံသီးနှံများအတွက် ဇီဝမြေသြဇာထုတ်လုပ်သည့် ဓာတ်ခွဲခန်းများသို့လည်း လေ့လာရေးအဖွဲ့က သွားရောက်လေ့လာခဲ့ကြပြီး တာဝန်ရှိသူများ က လေ့လာရေးအဖွဲ့ဝင်များ သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကုန်ထုတ်ရဲဘက်စခန်းမှ အကျဉ်းသားများအား နေ့လယ်စာ လှူဒါန်း

**ဘားအံ ဇွန် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မာလာဖူး ကုန်ထုတ်ရဲဘက်စခန်း (မြိုင်ကလေး)သို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်တရားလွှတ်တော်ရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ ဇွန် ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး အကျဉ်းသားများအား နေ့လယ်စာ လှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အား မာလာဖူးကုန်ထုတ်ရဲဘက်စခန်းမှ ဦးစီးအရာရှိ ဦးသိန်းအောင်က ရဲဘက်စခန်း၏ အခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ရဲဘက်စခန်းရှိအကျဉ်းသား ၁၇၄ ဦးအား တွေ့ဆုံကာ အကျဉ်းသားများအနေဖြင့် ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ ဥပဒေနှင့်မညီသော



မတရားဆောင်ရွက်နေမှုများ ရှိ/မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ/မရှိ၊ သန့်ရှင်းခြင်း၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတခြင်း၊ ကျန်းမာရေးပြည့်စုံမှု၊ အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုခြင်း ရှိ/မရှိစသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ တင်ပြလိုသည်များကို မေးမြန်းကာ တင်ပြချက်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ကရင်ပြည်နယ်တရားရေး မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များ လှူဒါန်းသည့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေသောနေ့လယ်စာကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အကျဉ်းသားများအား လှူဒါန်း ကျွေးမွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## သဘာဝဘေးကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

**ကျောက်ဆည် ဇွန် ၂၅**

ကျောက်ဆည်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများ ဘေးအန္တရာယ်မှကင်းဝေးအောင် ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဦးစီးဌာနများ စုပေါင်း၍ ကော်မတီများဖွဲ့စည်းကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက ဦးစီးဌာနများအနေဖြင့် မိမိတို့ပါဝင်သောကော်မတီ၏ လုပ်ငန်းများကို သိရှိအောင်ဆောင်ရွက်ထားကြရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပါက အချိတ်အဆက်မိမိ ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးက သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဖိုရမ်များနှင့် သင်တန်းများတွင် တက်ရောက်ဆွေးနွေးခဲ့သော အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများက မြို့နယ်အတွင်း သဘာဝဘေး ကျရောက်လာပါက ကူညီပံ့ပိုးပေးမည့် အစီအမံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် နည်းလမ်းများစသည်တို့ကို ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

**သက်မောင်(ကျောက်ဆည်)**

## (၁၃) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇွန် ၂၅**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနတို့ကကြီးမှူးကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိသော (၁၃)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဇွန် ၂၅ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ပြုလုပ်ရာ ဌာနဆိုင်ရာများအပါအဝင် စက်ဘီးအားကစားသမားဝါနာရှင်သက်ကြီး၊ သက်လတ်၊ လူငယ် ပြည်သူများ ၂၉၀ ကျော်ခန့် ပါဝင်ဆင်နွှဲသည်။

အဆိုပါ ပြည်သူလူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်လ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်းဆင်နွှဲနိုင်ပါကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## အခြေခံပညာကျောင်းများတွင် ခြင်အန္တရာယ်ကာကွယ်ရေးဆောင်ရွက်

**ထီးချိုင့် ဇွန် ၂၅**

ထီးချိုင့်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများဖြစ်ပွားခြင်း မရှိစေရန်အတွက် စာသင်ကျောင်းများ၌ ခြင်အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များမှ လူငယ်များပူးပေါင်းကာ ဇွန် ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့ပေါ်ရှိ စာသင်ကျောင်းများ အပါအဝင် မြို့နယ်အတွင်းရှိ ကျောင်းအချို့တွင် စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်း၊ ခြင်ပေါက်ပွားခြင်းမရှိစေရန် ရေတွင်းရေကန်များသို့ အဘိတ်ဆေးခတ်ခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထီးချိုင့်မြို့ပေါ် ရပ်ကွက်များမှ စာသင်ကျောင်းများဖြစ်သည့် ထီးချိုင့်အထက၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက် အလက(ခွဲ)ကျောင်းများ၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက် အမက ကျောင်းများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကျော်ခဲ(ထီးချိုင့်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

**သီပေါ ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအသင်း (MANA)က ကြီးမှူး၍ သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာနည်ဝင်း၊ MANA မှ ဒေါက်တာ လှရွှေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဇော်တို့က မူးယစ်ဆေးဝါးအန္တရာယ်၊ ပြစ်မှုပြစ်ဒဏ်များ၊ စသည်တို့ကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောခဲ့သည်။ **စိုင်း(သီပေါ)**

## ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေသည့် ချင်းတွင်းတံတား(ကလေးဝ)

**ကလေး ဇွန် ၂၅**

မြန်မာနိုင်ငံတစ်ဝန်း ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် လမ်းနှင့်တံတားများကို နိုင်ငံတော်အစိုးရက တည်ဆောက်လျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နှင့် ရေဦးမြို့တို့ကို ဆက်သွယ်ပေးသည့် ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ)ကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ကလေးဝမြို့အနီး၌ တည်ရှိသော ချင်းတွင်းတံတား(ကလေးဝ)ကို နိုင်ငံတော်အစိုးရက ငွေကျပ် ၂၁၉.၂၅ သန်း အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က တာဝန်ယူကာ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ပြီး ယခုနှစ် ဧပြီ ၂ ရက်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်သည်။ အရှည် ၂၀၀၅ ပေ၊ အကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ ယာဉ်သွားလမ်းအကျယ် ၂၅ ပေရှိပြီး သံကူကွန်ကရစ် ကြမ်းခင်း၊ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန် ၇၅ တန်၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာ၊ တံတား ကင်းလွတ်အကျယ် ၁၀၅ မီတာနှင့် ချဉ်းကပ်လမ်းအရှည်မှာ ကလေးဝဘက်ကမ်းတွင် ပေ ၈၅၂၀၊ ရေဦးဘက်ကမ်းတွင် ၁၄၃၉ ပေ ရှိသည်။ ချင်းတွင်းမြစ်ကူး တံတား(ကလေးဝ) ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခုအခါ ချင်းပြည်နယ်အတွင်းရှိ ဒေသများ၊ ကလေးနှင့် တမူးမြို့နယ်များနှင့် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် လမ်းပန်းဆက်သွယ်မှုကို များစွာတိုးတက်ကောင်းမွန်လာစေပြီး ကုန်စည်စီးဆင်းမှုကိုလည်း အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

**ဂျူနိုင်း**



# ဟိုင်းကြီးကျွန်းဒေသ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုခံနေရသော နေအိမ် ၁၉ လုံးအား ယာယီရွှေ့ပြောင်းနေထိုင်ရေးစီစဉ်

ဟိုင်းကြီးကျွန်း ဇွန် ၂၅

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ ကပ္ပလီ(ဒေသအခေါ်)နယ်မြေတွင် ဇွန် ၂၄ ရက် နံနက် ၁၁ နာရီက ပင်လယ်ကမ်းခြေအနီး လူနေအိမ်များအောက်သို့ ပင်လယ်ရေလှိုင်းများ ဝင်ရောက်ရိုက်ခတ်နေကြောင်း သိရသည်။** (အောက်ပုံ)



ကပ္ပလီနယ်မြေတွင် ပင်လယ် ရေလှိုင်း ဝင်ရောက်ရိုတ်ခတ်မှုခံနေရသော လူနေအိမ် ၁၉ လုံးရှိပြီး လက်ရှိအချိန်တွင် ပြိုကျပျက်စီးမှုများမရှိသေးသော်လည်း ဆက်လက်နေထိုင်ရန်မသင့်သော အခြေ အနေတွင်ရှိသောကြောင့် မြို့ အုပ်ချုပ်ရေးမှူးဦးဆောင်သော ဌာနဆိုင်ရာများက ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်း၍ ဒေသခံ ဦးမြင့်တင်၏ မြေ၌ သုံးလခန့် ယာယီပြောင်းရွှေ့ နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယင်းကပ္ပလီနယ်မြေ၌ မေ ၂၉ ရက်က မုန်တိုင်းအရှိန်ကြောင့် လေပြင်းတိုက်ခတ်ပြီး ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သောင်ကမ်းပါးများပြိုကျ၍ လူနေအိမ်လေးလုံး ပျက်စီးခဲ့ရာ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယင်းဖြစ်စဉ်များကြောင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က ပင်လယ်ကမ်းစပ်နှင့်ဝေးရာ နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဒေသခံများကို ပြောကြားထားခဲ့ကြောင်းနှင့် ဒေသခံများအနေဖြင့် လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် ယခုကဲ့သို့ ဖြစ်စဉ်များ ထပ်မံဖြစ်ပေါ်လာရခြင်း ဖြစ်ကြောင်း သိရသည်။

ကပ္ပလီနယ်မြေ၌ ဒေသခံအိမ်ခြေ ၄၂ အိမ်ရှိပြီး နယ်ဝေးမှ ရေလုပ်ငန်းခေတ္တလာရောက်လုပ်ကိုင်သည့် အိမ်ခြေ ၁၁ လုံးရှိကြောင်း၊ ကပ္ပလီနယ်မြေသည် ယခင် ဟိုင်းကြီးကျွန်းအား မြို့အဖြစ် မသတ်မှတ်ခင်အချိန်ကတည်းက ကပ္ပလီရွာအမည်ဖြင့် ဥယျာဉ်ခြံမြေများနှင့် နေထိုင်လာခဲ့ကြောင်း၊ ပင်လယ်ရေ တိုက်စားခံရမှုများကြောင့် ရေလွတ်ရာသို့ တဖြည်းဖြည်း ပြောင်းရွှေ့လာရင်း တချို့မြေပိုင်ဆိုင်သူများပင် သူတစ်ပါးမြေတွင် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ပေး၍ မြေငှားဖြင့် လုပ်ကိုင်စားသောက်နေကြရကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့မှ ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ညွှန်ကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် မကြာခဏ ရေလွတ်ရာသို့ ပြောင်းရွှေ့ရာမှ ယခုထပ်မံပြောင်းရွှေ့စရာမြေမရှိတော့ကြောင်း၊ မကြာခဏ အိမ်များဖျက်၍ ပြောင်းရွှေ့နေရခြင်းဖြစ်သည့်အတွက် ယခုအချိန်တွင် အိမ်တစ်လုံးပြန်ဆောက်ရန်ပင် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ ယခု သုံးလ ယာယီအိမ်ဆောက်နေရန် နေရာချထားပေးမှုကို ကျေးဇူးတင်သော်လည်း သုံးလပြည့်ပါက ဆောက်ပြီးသားအိမ်ကိုဖျက်၍ ကမ်းခြေသို့ပင် ပြန်သွားနေရမည့် အခြေအနေရှိကြောင်း၊ လက်ရှိနေထိုင်လျက်ရှိသော နေရာအနီးတွင် ရေလွတ်သည့် ပိုင်ဆိုင်သူမရှိသော နေရာတွင် အိမ်ရာများကို ချထားပေးနိုင်မည်ဆိုပါက ပို၍အဆင်ပြေနိုင်ကြောင်း ကပ္ပလီနယ်မြေမှ ဒေသခံ ဦးအောင်ဇော်ဝင်းက ပြောသည်။

ယခုအချိန်တွင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုခံနေရသော အိမ်ခြေ ၁၉ လုံးအနက် ခုနစ်လုံးသာ ပြောင်းရွှေ့နေထိုင်ရန် သဘောတူညီမှုရရှိထားပြီး အိမ်ခြေ ၁၂ လုံးမှာ နေ၍မရသည့် အခြေအနေရောက်မှ ပြောင်းရွှေ့မည့် အစီအစဉ်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် အိမ်ခြေ ၁၉ လုံးကို သုံးလခန့် ယာယီ ပြောင်းရွှေ့၍ နေအိမ်ဆောက်လုပ်နေထိုင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်းနှင့် ဒေသခံများ၏ အခက်အခဲများကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ တင်ပြ ဆောင်ရွက်သွားကြရန် ပြောကြားထားကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တားဆီးရှာဖွေစစ်ဆေးရာမှ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၅ စီး၊ သွင်းကုန် ၅၅၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၆၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၀ သန်းခန့် စုစုပေါင်းတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၉၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၃ ရက်က မူဆယ်မှ မန္တလေးသို့သွားရောက်မည့် မော်တော်ဆိုင်ကယ်အား ရေပူအမြဲတမ်းစစ်ဆေးရေးအဖွဲ့စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ ဆပ်ပြာခွက် ၁၁၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့်များ ၁ ဒသမ ၁၁၀ ဂရမ်နှင့် ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား၊ 88 နှင့် I စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၉၆၉၅ ပြား၊ အလေးချိန် ၁ ဒသမ ၇၇၂ ဂရမ်နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၆၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဆပ်ပြာခွက်များဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့်များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ 88 နှင့် I စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ**

# လှိုင်သာယာ၌ မူးယစ်မောင်းနှင်သူ ယာဉ်မောင်းကြောင့် လုံခြုံရေးဝန်ထမ်းတစ်ဦး သေဆုံး

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မီးခွက်ဈေးလမ်းဆုံ ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်တွင် ဇွန် ၂၄ ရက် ည ၁၁ နာရီခွဲခန့်က မူးယစ်၍ မောင်းနှင် လာသည့် အငှားယာဉ်က လမ်းဘေးရှိ ဆိုင်ရှေ့အဖီများနှင့် စက်ရုံဆင်းပြန်လာသော လုံခြုံရေးဝန်ထမ်းတစ်ဦးကိုတိုက်မိရာ လုံခြုံရေးဝန်ထမ်းမှာ နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ညဦးယံအချိန်က မီးခွက်ဈေးမီးပွိုင့်ကိုဖြတ်၍ ဗဟိုစည်လမ်း အမှတ်(၈)ရပ်ကွက် မရမ်းကုန်းမြို့နယ် နေသူ စည်သူမျိုးဝင်း(၃၃ နှစ်) မောင်းနှင်လာသော YGN-6D/---- ပရိုဘောက် အငှားယာဉ်မှာ မီးပွိုင့်ကို ဖြတ်သန်းလာသော ဦးစောဝင်း (၅၄ နှစ်) လုံခြုံရေးဝန်ထမ်း အမှတ် (၁၁)ရပ်ကွက် လှိုင်သာယာနေသူ၏ စက်ဘီးကို တိုက်မိပြီး မီးခွက်ဈေးတံတားကို ဆက်လက်ဖြတ်သန်းမောင်းနှင်လျက် လမ်း၏ဘယ်ဘက်ခြမ်းတွင်ရှိသော ဈေးဆိုင်၊ ရှေ့ဆိုင်ရှေ့အဖီများကို ဆက်လက်တိုက်မိပြီး သစ်ပင်ကိုတိုက်မိကာ ရပ်တန့်သွားခဲ့သည်။ ဖြစ်စဉ်ကြောင့် စက်ရုံလုံခြုံရေးဝန်ထမ်းမှာ ထိုနေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် သေဆုံးသူအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၁၆၄)**

# မောင်တောမြို့နယ်၌ ဒေသခံတိုင်းရင်းသားလေးဦးကို အကြမ်းဖက်သမားများက ဓားဖြင့်ဝိုင်းဝန်းတိုက်ခိုက်ပြီး နှစ်ဦးအား ဖမ်းဆီးသတ်ဖြတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန်၂၅**

မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု တရိန်းကျေးရွာနေ ဒေသခံတိုင်းရင်းသား လေးဦးအား ယမန်နေ့ နံနက်ပိုင်းက အကြမ်းဖက်သမားများက ဓားဖြင့် ဝိုင်းဝန်းတိုက်ခိုက်ပြီး နှစ်ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

တရိန်းကျေးရွာနေ ဦးစံသာ၊ ဦးကျန်သိန်းအောင်၊ ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့သည် ယမန်နေ့ နံနက် ၁၀ နာရီခန့်က ကျွန်းပေါက်စုကျေးရွာအုပ်စု ကြိမ်ချောင်း- တောင်ပြိုကားလမ်း တောင်ဘက် တောင်ခြေ၌ လိပ်ရှာဖွေနေစဉ် အကြမ်းဖက်သမားရှစ်ဦး ရောက်ရှိလာပြီး ဓားများဖြင့် တိုက်ခိုက်သဖြင့် လုံးထွေးသတ်ပုတ်စဉ် အကြမ်းဖက်သမားများ ထပ်မံရောက်ရှိလာသဖြင့် ဦးအောင်ကျော်ပါ လေးဦး သည် သာယာကုန်းကျေးရွာဘက်သို့ ထွက်ပြေးခဲ့ရကြောင်း၊ ထိုသို့ထွက်ပြေးစဉ် အကြမ်းဖက်သမားနှစ်ဦးက ဓားဖြင့်လိုက်ခုတ်ရာ ဦးကျန်သိန်းအောင်တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့ကာ ဦးစံသာနှင့်အတူ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ကျန်နှစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးသွားကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်လာသူနှစ်ဦး၏ တိုင်တန်းချက်အရ နယ်မြေရဲကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာပတ်ဝန်းကျင်ရှိ တောင်ကုန်း၊ လျှိုမြောင်နှင့် အိမ်စုများကို လိုက်လံရှာဖွေရှင်းလင်းရာ အခင်းဖြစ်ရာနေရာနှင့် ကိုက် ၃၀၀ အကွာရှိ အိမ်ခုနစ်လုံးစုတွင်နေထိုင်သူ ကာလာမျာ (၅၅ နှစ်)အားစုံစမ်းရာ ၎င်းအိမ်စုရှိ အီနုစ်(စိစစ်ဆဲ)၏ နေအိမ်သို့ ရောက်ရှိနေသော အောင်စစ်ပြင်ကျေးရွာအုပ်စု ဒုံးပိုက်ကျေးရွာမှ မောင်စိုးနှင့် ဆာရပ်တို့နှစ်ဦးသည် အခင်းဖြစ်ရာနေရာသို့ တုတ်ဆွဲ၍ ဆင်းသွားကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးအား ကြိမ်ချောင်းရုံး၌ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့၏ အလောင်းများအား အခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်မှ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာ ရာအိမ်မှူးအသတ်ခံရ

**နေပြည်တော် ဇွန် ၂၅**

မောင်တောမြို့နယ် ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာမှ ရာအိမ်မှူးတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက လူတစ်စုက ဓားဖြင့်ခုတ်သဖြင့် သေဆုံးခဲ့ပြီး မိသားစုဝင်နှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ပဒင်းကျေးရွာအုပ်စု ချောင်းတကာရွာနေ ရာအိမ်မှူး အဘူဟာရှိမ်း (၅၄ နှစ်) သည် ယမန်နေ့ နံနက် ၂ နာရီ ၁၅ မိနစ်ခန့်က နေအိမ်၌ရှိစဉ် အနက်ရောင်မျက်နှာဖုံးစွပ် ၁၅ ဦးခန့်က အိမ်ရှေ့တံခါးနှင့် နောက်ဖေးတံခါးများကို ချိုးဖျက်ဝင်ရောက်လာပြီး ဓားဖြင့်ခုတ်ရာ ဘယ်ဘက်လက်မောင်း၊ ဘယ်ဘက်ရင်အုံ၊ ဦးခေါင်းနှင့် နောက်ကျောပြင်တို့၌ ပြတ်ရှဒဏ်ရာများ၊ ဘယ်ဘက်နံရိုးကြား၊ ဘယ်ဘက်နောက်ကျော၊ ဘယ်ဘက်တင်ပါး ထိုးသွင်းဒဏ်ရာများရရှိခဲ့ကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း၊ သားဖြစ်သူ အာဇီမူရာမန် (၂၂ နှစ်) မှာ ဖခင်အား ဝင်ရောက်ကူညီသဖြင့် အကြမ်းဖက်သမားများက သံချောင်းအချွန်ဖြင့်ထိုးရာ ဘယ်ဘက်ရင်ညွှန့် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ သမီးဖြစ်သူ ဇူဟိုက်ဒါ (၅ နှစ်)မှာ ဖခင်အား ဖက်တွယ်ထားသဖြင့် ဓားခုတ်ခံရပြီး ဘယ်ဦးခေါင်း၌ နှစ်လက်မခန့် ပြတ်ရှဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူနှင့် ဒဏ်ရာရရှိသူနှစ်ဦးတို့ကို မောင်တောဆေးရုံသို့ ပို့ဆောင်ပြီး အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယာဉ်ကျော်တက်ရာမှ တိမ်းမှောက်မှုဖြစ်ပြီး တစ်ဦးသေဆုံး

**တောင်တွင်းကြီး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် ဇွန် ၂၄ ရက် နံနက်က မော်တော်ယာဉ်တစ်စီးနှင့် တစ်စီး ကျော်တက်ရာမှ ယာဉ်တစ်စီး တိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါ လူတစ်ဦး သေဆုံးပြီး သံဃာတစ်ပါးနှင့် လူခုနစ်ဦး ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက်နေ ကိုသန်းထိုက်(၅၁ နှစ်) မောင်းနှင်သော ယာဉ်အမှတ်၊ MGY DD / ------ KIA အမျိုးအစားယာဉ်သည် တောင်တွင်းကြီးမှ မကွေး ဘက်သို့ မောင်းနှင်လာစဉ် တောင်တွင်း - မကွေး ကားလမ်း လက်ပံရှည်ကျေးရွာလမ်းခွဲ မိုင်တိုင်အမှတ် ( ၂၈၇ / ၄ ) အနီးအရောက် တောင်တွင်းကြီးမြို့ အုန်းတော(၂) ရပ်ကွက်နေ ကိုသူရိန်ထွေး (၃၄ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် BB/ ----- ယာဉ်မှ လားရာတူလမ်း အတိုင်း နောက်မှ ကျော်တက်စဉ် ပွတ်ချိတ်မိရာ KIA ယာဉ်မှာ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။



ထိုယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ သံဃာတစ်ပါး၊ အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးအနက် တောင်တွင်းကြီးမြို့ အုန်းတော (၂) ရပ်ကွက်နေ ဒေါ်အမာ (၆၀နှစ်)မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မော်တော်ယာဉ်တိမ်းမှောက်ရာတွင် ပါဝင်ခဲ့သော သံဃာတော် ဦးဥတ္တရ၊ မလှလှနွယ်၊ ဦးသန်းနိုင်တို့တွင် ဒဏ်ရာအချို့( မစိုးရိမ်ရ ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ် မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုသူရိန်ထွေးအား တောင်တွင်းကြီး မြို့မရဲတပ်ဖွဲ့က အမှုတွဲဖွင့်လှစ် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဗိုလ်ပြည့် (တောင်တွင်းကြီး)**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တိမ်းမှောက် တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**မိတ္ထီလာ ဇွန် ၂၅**

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၁၁/၃) နှင့်(၃၁၁/၄)ကြား၌ ဇွန် ၂၄ ရက် ညနေ ၄ နာရီခွဲက ဝမ်းတွင်းမြို့နယ်နေ ယာဉ်မောင်း နန်းတင် (၃၉နှစ်) မောင်းနှင်သည့် လိုက်ထရပ်ယာဉ်အမှတ် YGN 9I/---- သည် ဒေါ်ကျင်ပွား(၆၀နှစ်)ပါ ငါးဦးကိုတင်ဆောင်၍ နေပြည်တော်မှ မန္တလေးဘက်သို့ မောင်နှင်လာစဉ် အခင်းဖြစ်ရာနေရာ၌ ယာဉ်၏ရှေ့ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ် ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနန်းတင်၊ ဒေါ်ကျင်ပွား၊ ဒေါ်မီးနုတ်၊ ဒေါ်ရီးငွေ၊ မသက်သက်ဝေနှင့် မသန္တာအောင်တို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံသို့ အတွင်းလူနာများအဖြစ် တင်ပို့ကုသထားရှိခဲ့သည်။ ထိုသို့ကုသစဉ်ဒေါ်ကျင်ပွားမှာ ယင်းနေ့ ညနေက ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ယာဉ်မောင်းအား သီးကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တောင်ငူဆေးရုံကြီး အရေးပေါ်ဌာနတွင် အကျဉ်းသားတစ်ဦး သေဆုံး

**တောင်ငူ ဇွန် ၂၅**

တောင်ငူမြို့ဆေးရုံကြီးအရေးပေါ်ဌာနသို့ ဆေးကုသရန်ရောက်ရှိလာသော အကျဉ်းသား တစ်ဦး ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲခန့်ကသေဆုံးသွားကြောင်း သိရသည်။ သတင်းအရ တောင်ငူမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ခင်မောင်ထွေး ဦးစီးအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ တောင်ငူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ကျော်လှ (၇၃နှစ်) ဆွဲလဲချောင်းကျေးရွာ အုတ်တွင်းမြို့နယ်နေသူသည် ထောင်ဒဏ် ငါးနှစ်ကျခံနေရစဉ်အတွင်း ယင်းနေ့ နံနက် ၈ နာရီခန့် ရုတ်တရက် သွေးတိုး/ဆီးချို ရောဂါဖြစ်ပွားသည့်အတွက် တောင်ငူဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသစဉ် သေဆုံး သွားခဲ့ခြင်းဖြစ်ကြောင်းသိရ၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အမ်းမြို့နယ်၌ ဘဏ်ချေးငွေထုတ်ရန်လာသော လယ်သမားများတင်ဆောင်လာသည့် ယာဉ်တစ်စီး ချောက်ထဲထိုးကျ

**အမ်း ဇွန် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ဇွန် ၂၄ ရက် ညနေ ၆ နာရီခွဲက လုံးကောက်ကျေးရွာအုပ်စု ထန်ချောင်းကျေးရွာအနီး အမ်း-မအီလမ်း မိုင်တိုင် အမှတ် ( ၇/၁ )တွင်ယာဉ်တစ်စီး ဘရိတ်ပေါက်၍ လမ်း၏ယာဘက် ပေ ၁၀၀ ခန့်အနက် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ် နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အမ်းမြို့နယ် မွားကျေးရွာအုပ်စု ခြောက်ခြံကျေးရွာရှိတောင်သူ အမျိုးသား ၂၇ ဦး ၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၃၀ သည် စိုက်ဘဏ်ချေးငွေ ထုတ်ယူရန် အမ်းမြို့ရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ လာရောက်၍ ချေးငွေထုတ်ယူပြီးအပြန်၌ ယာဉ်မှာ ဘရိတ်ပေါက်တိမ်းမှောက်ခဲ့ပြီး ဒဏ်ရာများရရှိခဲ့ရာ အမ်းမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ အတွင်းလူနာ အဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမ်းမြို့မရဲစခန်းမှတာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အချုပ်ထောင်ဖောက်ထွက်ပြေးသူတစ်ဦး ထပ်မံဖမ်းဆီးရမိ

**မြဝတီ ဇွန် ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ရဲစခန်း အချုပ်ထောင်ကိုဖောက်၍ လွတ်မြောက် ထွက်ပြေးနေသည့် အချုပ်သားခြောက်ဦးအနက်မှ ဒုတိယမြောက်အဖြစ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောလမ်းအနီးမှ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုတိယအကြိမ် ထပ်မံဖမ်းဆီးရမိခဲ့သူမှာ ကော့ကရိတ်မြို့ အမှတ်(၇) ရပ်ကွက် အောင်မင်္ဂလာလမ်းတွင်နေထိုင်သည့် မောင်နိုင်(ခ)မူဆာ(၃၃နှစ်)ဖြစ်ပြီး ကော့ကရိတ်မြို့မရဲစခန်းက တရားစွဲဆိုထားသောအမှုမှ အချုပ်ထောင်ဖောက် ထွက်ပြေး ခဲ့သူဖြစ်သည်။

အဆိုပါ မောင်နိုင်(ခ)မူဆာအား ကော့ကရိတ်ခရိုင် မှုခင်းနှိမ်နင်းရေးခေါင်း ဆောင် ရဲအုပ် သန်းထိုက်အောင် ဦးစီးပူးပေါင်းအဖွဲ့မှ သတင်းအရ ဇွန် ၂၅ ရက် ညနေ ၃ နာရီခန့်က မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောလမ်းအနီးတွင် စောင့်ဆိုင်းနေစဉ် တရားခံ မောင်နိုင်(ခ)မူဆာ(၃၃နှစ်)အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# စကားများရန်ဖြစ်၍ လူသတ်မှုဖြစ်ပွား

**ဘားအံ ဇွန် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုနယ်မြေရဲစခန်းသို့ ကော့ကဒါကျေးရွာအုပ်စု စိန်ဖလားကျေးရွာနေ ဦးသန်းအောင်(၅၀နှစ်)က ဇွန် ၂၄ ရက် ညနေ ၄ နာရီခန့်၌ ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ရွှေဖလားကျေးရွာနေ ဦးလွန်းတင် (၅၅နှစ်) အား လက်သီးဖြင့်ထိုး ခြေဖြင့်ကန်၍ သေစေအောင်ပြုလုပ်ခဲ့သူ ဦးအောင်ထူး (၄၀ နှစ်)အား အရေးယူပေးရန် လာရောက်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်အား မေးမြန်းရာ ဇွန် ၂၂ ရက် နံနက် ၈ နာရီက ဦးသန်းအောင် သည် ရွာသို့ဈေးလာဝယ်ရာ ရွှေဖလားကျေးရွာနေ ဦးလွန်းတင်၏သမီးဖြစ်သူ နော်မုသိုက်သိုက်နှင့် တွေ့ဆုံစဉ် ၎င်း၏ဖခင်သေဆုံးသွားကြောင်းပြောသဖြင့် မေးမြန်းရာ ၎င်းက ဦးလွန်းတင်သည် ဇွန် ၂၁ ရက် ညနေက တစ်ရွာတည်းနေ ဦးအောင်ထူးနှင့်စကားများပြီး ဦးအောင်ထူးက ၎င်း၏ဖခင်အား ရွာလယ်လမ်းမပေါ်တွင် လက်သီးဖြင့်ထိုးကာ ခြေထောက်နှင့်ကန်ခဲ့ကြောင်း၊ ယင်းနောက် ၎င်း၏ဖခင်သည် အိမ်ပေါ်သို့ပြန်လာကာ ခေါင်းမူးသည်ဟုဆိုကာအိပ်ပျော်သွားခဲ့ပြီး မနက်မိုးလင်းချိန်တွင် သေဆုံးသွားကြောင်း သိရသည်။ သေဆုံးသူ ဦးလွန်းတင်အား ယင်းနေ့၌ပင် သင်္ဂြိုဟ်လိုက်ကြောင်းသိရ၍ အိန္ဒုနယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ဦးအောင်ထူးအား အိန္ဒုနယ်မြေရဲစခန်း က အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**


## ဖခင်အမည်မှန်

တောင်သာမြို့၊ ဆီမီးကန်အထက၊ အဋ္ဌမတန်းမှ မဆောင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း ၉/တသန(နိုင်)၁၂၂၂၈၄ ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်း**

## ဖခင်အမည်မှန်

အထက(၃) ကြည့်မြင်တိုင် တက္ကသိုလ်ဝင်တန်း(C)မှ မောင်ခန့်သူရိန်စိုး၏ ဖခင်အမည်မှန်မှာ ဦးမြစိုးစံ ၁၂/ကမတ(နိုင်)၀၈၃၂၈၀ ဖြစ်ပါကြောင်း။

**ဦးမြစိုးစံ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/5631 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၇၀၃/က၊ မြေကွက်တည်နေရာအမှတ် ၇၀၃/က၊ ဝေဇယန္တာ ၁၆ လမ်း၊ ၆/အနောက်-ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်ယုံ ၁၂/သကတ(နိုင်)၀၉၂၃၂၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ယုံ(မိခင်)နှင့် ဦးနီတွတ်(ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်တင်မာလွင် ၁၂/သကတ(နိုင်)၀၁၇၁၄၈မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၁၅-၃-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်စဉ် ၃/၇၉၈/၂၀၁၇၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၆-၂-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်စဉ် ၂၀၉၂/၂၀၁၇ တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်၊ ပျဉ်ထောင်(၂)လုံးရှိပြီး လျှောက်ထားသူ ဒေါ်တင်မာလွင်နှင့် သားဖြစ်သူ ဦးကိုကိုနိုင်နေထိုင်ခြင်းအတွက် လျှောက်ထားသူမှ ဝန်ခံကတိတင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့နေ မောင်အက်ဂျေဆန်းဌေးဦး ၇/ဖမန(နိုင်)၀၉၈၅၄၃နှင့် မောင်ဆန်းဌေးဦးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အင်္ဂလိပ်၊ သင်္ချာ ဆရာ/ဆရာမ အလိုရှိသည်။

အဆောင်တွင်နေ၍ ထိရောက်စွာသင်ကြားပေးနိုင်သော ဆရာ/ဆရာမ များအလိုရှိသည်။

ဆက်သွယ်ရန် : 09-505 5412,09-965055412, 01-510367

## ရောင်းမည်

၁၁၆မိုင်၊ အမြန်လမ်းမေးတင်၊ ဖြူးမြို့ဘက်ခြမ်း၊ ၁၅ဧက၊ ပုံစံ ၁၀၅ ကျပြီး။

ဖုန်း-၀၉-၄၂၀၂၆၆၉၃၆၊ ၀၉-၄၅၆၄၇၇၀၄၃

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ မြေကွက်အမှတ် ၁၁၃၁၊ မြေကွက်တည်နေရာအမှတ် ၁၁၃၁၊ ၄ဝါလမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးစိန်ဝင်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးဝေ ၁၂/ရပသ(နိုင်)၀၅၂၁၉၂ မှ တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့်တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ် ၃၃၊ တတိယထပ်(4B)၊ အလျား ၁၂½ပေ×အနံ ၅၅ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် ပါရှိသော ရေ၊ မီး အပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူကြူမြင့် ၁/မညန(နိုင်)၀၀၈၈၆၂ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်စုဝေ(စဉ်-၁၀၈၂၈)**
**(LL.B, D.B.L, M.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၀၊ စံရိပ်ငြိမ် ၆လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၇၆၉၄၃၁၁၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၂၅၃၂၄၅၃၆၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9335 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/7658 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1609 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

မြန်မာတို့ တတ်ကျွမ်း တမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 JUNE 26 TO JULY 2 , MONDAY

အထူးအမြင် ဆောင်းပါးအမြင်

ကိုရီးယားကျွန်းဆွယ် ထာဝရအေးချမ်းတည်ငြိမ်ရေး အမေရိကန်နှင့် မြောက်ကိုရီးယား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရန်လိုအပ်

အရှေ့တောင်အာရှမှ အိုင်အက်စ်၏ခြိမ်းခြောက်မှုကြောင့်အမေရိကန်တို့ စိုးရိမ်ထိတ်လန့်နေ

တတိယကမ္ဘာစစ်ဖြစ်လျှင် အမေရိကန်၊ ရုရှား၊ တရုတ် မည်သူနိုင်မလဲ

အင်အားကြီးတို့၏ မြန်နှုန်းလွန် လက်နက်အားပြိုင်မှု

ရှုပ်ရှုပ်ထွေးထွေးဖြင့် အတောမသတ်နိုင်သည့် ဆီးရီးယားပြည်တွင်းစစ်

သမ္မတကြီးထရန့် လှေနံနှစ်ဖက်များ နင်းနေတာလား

တနင်္လာနေ့တိုင်း ထွက်ပြီ

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။

ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇

E-mail:internationaljournalmm@gmail.com

# Miss Universe Sittwe 2017 Winner ဆုကို စစ်တွေမြို့နယ်ကိုယ်စားပြုအလှမယ် ဆွတ်ခူး



**စစ်တွေ ဇွန် ၂၅**

စစ်တွေမြို့၌ တတိယအကြိမ်မြောက် Miss Universe Sittwe 2017 ပြိုင်ပွဲ ကို ဇွန် ၂၄ ရက် ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် Winner ဆုကို စစ်တွေမြို့နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် ကေခိုင် (No .12 )က ဆွတ်ခူးရရှိခဲ့ပြီး **(ဓဲပုံ)** First Runner ဆုကို တောင်ကုတ်မြို့နယ် ကိုယ်စားပြု အလှမယ် လုလုလေး(No.10)နှင့် Second Runner ဆုကို စစ်တွေမြို့နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ် ခင်စုလှိုင် (No. 5) က ရရှိခဲ့ကြသည်။ Miss Universe Sittwe ပထမအကြိမ်တွင် ရသေ့တောင်ကိုယ်စားပြု အလှမယ် မချိုချိုထွန်းက ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် မြောက်ဦးကိုယ်စားပြု မခိုင်သန္တာလင်းက ရရှိခဲ့ကာ ယခု တတိယအကြိမ်တွင် စစ်တွေမြို့နယ်ကိုယ်စားပြု အလှမယ် ကေခိုင်က ရရှိခဲ့သည်။

Miss Universe Sittwe 2017 ပြိုင်ပွဲသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ပြိုင်ပွဲ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိသည့် အသင်းများထွက်ပေါ်

**ရန်ကုန် ဇွန် ၂၅**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ နံနက်ပိုင်းကျင်းပသောပွဲများတွင် ကယားပြည်နယ်အသင်းက နေပြည်တော်အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ ရှမ်းပြည်နယ်တောင်ပိုင်းအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(က) ပွဲစဉ်များအပြီးတွင် ကယားပြည်နယ်က အုပ်စု ပထမ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)က အုပ်စု ဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက် သွားသည်။

ညနေပိုင်းကျင်းပသောပွဲများတွင် အုပ်စု(ဂ)၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့က နှစ်ဂိုးစီ သရေကျခဲ့သည်။ အုပ်စု(ဂ) ပွဲစဉ်များအပြီးတွင် မွန်ပြည်နယ်က အုပ်စုပထမ၊ ရန်ကုန်တိုင်းဒေသကြီးက အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ထို့ပြင် အုပ်စု (ခ)မှ မန္တလေးတိုင်းဒေသကြီးအသင်း၊ အုပ်စု(ဃ)မှ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့သည် အုပ်စုပွဲစဉ်များ ပြီးဆုံးရန် ပွဲစဉ်တစ်ပွဲ ယှဉ်ပြိုင်ရန်လိုအပ်ချိန်တွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

**ရဲရင့်ရှိန်း**




**အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်း(ဉာဏ်ရည်မမီ)ဘိုးလင်း အားကစားပြိုင်ပွဲများကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ Right Track Bowling ၌ ကျင်းပရာ မသန်စွမ်း(ဉာဏ်ရည်မမီ)အားကစားသမားများအား ဆုယူအပြီး တွေ့ရစဉ်**
တင်စိုး (မြန်မာ့အလင်း)

**မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲကို ဇွန် ၂၄ ရက်နှင့် ၂၅ ရက်က မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် စမ်းချောင်းမြို့နယ် ပဒုမ္မာဝူရှူးအားကစားခန်းမ၌ ကျင်းပရာ ၁၀ နှစ်အောက် ပထမဆုရ မလဝန်းဖြူအား အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်**
ဝင်းမြင့်ထွန်း (တောင်ဥက္ကလာ)



# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လူကာကူသည် ဒီယေဂိုကော်စတာ၏နေရာကို အစားထိုးရန် ကောင်းမွန်သော ရွေးချယ်မှုတစ်ခုဖြစ်သော်လည်း စပိန်လက်ရွေးစင် တိုက်စစ်ကစားသမားအသင်းက ထွက်ခွာသွားပါက ထိုးနှက်ချက်တစ်ခုဖြစ်လိမ့်မည်ဟု ချယ်လ်ဆီးဂန္ထဝင် ကစားသမား ဖရန့်ခ်လမ်းပတ်က ဆိုသည်။ ကော်စတာသည် ပြီးခဲ့သောရာသီတွင် ၂၂ ဂိုးသွင်းယူပေးထားနိုင်သော်လည်း နည်းပြကွန်တီက ၎င်းကို ချယ်လ်ဆီး တွင် ဆက်လက်မလိုချင်တော့ကြောင်း ပြောကြားထားသူဖြစ်သည်။ လူကာကူ (၂၄ နှစ်)သည် အဲဗာတန်အသင်း၌ လေးနှစ်ကြာခြေစွမ်းပုံမှန်ပြသလျက်ရှိပြီးနောက် စတမ်းဖို့ဒ်ဘရစ်သို့ ပြန်လည်ရောက်ရှိရန် ထင်ကြေးပေးပြောဆိုမှုများက ထွက်ပေါ်လျက်ရှိသည်။
- အာဆင်နယ်အသင်းသည် လာကာဇက်တီကို ဝယ်ယူရန် ပြောင်းရွှေ့ကြေးယူရို ၆၅ သန်း ပေးချေရမည်ဖြစ်ကြောင်း လိုင်ယွန်အသင်းဥက္ကဋ္ဌ အူးလက်စ်က ဆိုသည်။ အစီရင်ခံစာများအရ အာဆင်နယ်အသင်းသည် လာကာဇက်တီကို ဝယ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်သော်လည်း အဆိုပါပြင်သစ် တိုက်စစ်မှူးအတွက် လိုင်ယွန်နှင့် အက်သလက်တီကိုမက်ဒရစ်တို့ သဘောတူညီထားသော ပြောင်းရွှေ့ကြေးကို ပေးဆောင်ရမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ထပ်မံပြောကြားသည်။
- ပေါ်တူဂီအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၌ ဇွန် ၂၄ ရက်က နယူးဇီလန်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိပြီးနောက် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ယင်းပွဲတွင် စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် ၎င်း၏ ၇၅ ဂိုးမြောက်ကို ပွဲချိန် ၃၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူလိုက်သည်။ ထို့အပြင် မက္ကဆီကိုအသင်းသည် အိမ်ရှင် ရုရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။
- ဝက်ဖို့ဒ်အသင်းသည် ဒါဘီကောင်တီအသင်းမှ ဟုစ်ကို ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် ငါးနှစ်စာချုပ် အပြီးသတ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။ ၎င်းသည် ဒါဘီအသင်းအတွက် ၁၆၅ ပွဲပါဝင်ကစားထားပြီး မေ ၂၇ ရက်တွင် မာကိုဆေးလ်ဗားကို နည်းပြအဖြစ်ခန့်အပ်လိုက်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ခေါ်ယူမှုဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။
- ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးဟောင်းနှင့် ခရိုအေးရှားလက်ရွေးစင် အိုလစ်သည် ဘောလုံးလောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဝါရင့်တိုက်စစ်ကစားသမား အိုလစ်သည် ခရိုအေးရှားအသင်းအတွက် ပွဲပေါင်း ၁၀၀ ကျော် ပါဝင်ကစားပေးထားကြောင်းလည်း သိရသည်။
- အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ အဓိကပစ်မှတ်ဖြစ်သော မိုနာကို ကြယ်ပွင့် အမ်ဘတ်ပီကို လက်လွှတ်ဆုံးရှုံးရပါက မန်ချက်စတာယူနိုက်တက် တောင်ပံကစားသမား မာရှယ်လ်ကို ဝယ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။ ဝင်းဂါးသည် မော်ရင်ဟို လက်အောက်တွင် ပွဲထွက်ခွင့် နည်းပါးသော မာရှယ်လ်ကို ခေါ်ယူရန်အတွက် ပေါင်သန်း ၄၀ ပေးချေ ရန် ပြင်ဆင်ထားကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ **ဇော်ဇော်**





**အထူးကျေးဇူးတင်ရှိပါကြောင်း**

**ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း** သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး၌ ရန်ကုန်တိုင်းဒေသကြီး တစ်တိုင်းလုံးတွင် **၉၂.၁၁% ဖြင့် အောင်ချက်အကောင်းဆုံး (ပထမ)** ရရှိခဲ့ပြီး ဝိပ္ပံဘာသာတွဲတွင် **မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3)**ဖြင့် အောင်မြင်ခဲ့သော **မောင်မင်းခန့်မွန်** နှင့်တကွ ဂုဏ်ထူးရထူးချွန်ကျောင်းသား/သူများ ထွက်ပေါ်လာအောင် အဘက်ဘက်မှ စွမ်းစွမ်းတမံစီမံအုပ်ချုပ်သင်ကြားပေးခဲ့ကြသော ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနု နှင့် ဆရာကြီး/ဆရာမကြီးများ၊ နာယက ဆရာကြီး ဦးမြင့်စိန် ဒု-ညွှန်(ငြိမ်း)၊ ဘာသာရပ်ဆရာ/မများ၊ Guide ဆရာ/မများ၊ အဆောင်ဝန်ထမ်းများ၊ အထူးကြိုးစားပေးခဲ့ကြသော ၂၀၁၆-၁၇ ပညာသင်နှစ် မှ ကျောင်းသား/သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ..........................

ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးမိသားစု

**ဂုဏ်ယူဝမ်းမြောက်ခြင်း**

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၁/၂၂၁

**ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ**

၂၀၁၆-၁၇ ပညာသင်နှစ် **ရန်ကုန်တိုင်းဒေသကြီးတွင် (၉၂.၁၁%) ဖြင့် အောင်ချက်အကောင်းဆုံး(ပထမ)ကျောင်း**ဖြစ်ပြီး

**ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) ဖြင့်** အောင်မြင်ခဲ့သော **မောင်မင်းခန့်မွန်** နှင့်တကွ ထူးချွန်အောင်မြင်ခဲ့ကြသော ကျောင်းသား/သူ များ အားလုံးအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။



ဝိပ္ပံဘာသာတွဲတွင်
မြန်မာတစ်နိုင်ငံလုံး
တတိယအဆင့် (Top-3)
မောင်မင်းခန့်မွန်
ဆသက ၂၂၈၂
(သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)

အတွဲ (၁) ဘောဂဗေဒ အောင်ချက် (၈၂.၃၅%) အတွဲ (၇) ဇီဝဗေဒ အောင်ချက် (၁၀၀%) တစ်ကျောင်းလုံးအောင်ချက် (၉၂.၁၁%)














အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၄၄၅၃၄၀၀၇၇ **REPEATER တန်းခွဲသစ်များ လက်ခံပြီ။**

# ကျွန်တော်နဲ့ စီးပွားရေးတက္ကသိုလ်



**ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်စီးပွားရေးတက္ကသိုလ်ကို ပထမဆုံးအကြိမ်ရောက်ခဲ့တာက တတိယနှစ် ဥပစာဝိဇ္ဇာအတန်းကိုနှစ်နှစ်တာ သထုံလမ်းက ဘီအိုစီမှာတက်ပြီး ဝိဇ္ဇာအတန်းတက်ဖို့ ဒီအချိန်မှာပဲ ပညာရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ဆုံလို့ အစက ရန်ကုန်တက္ကသိုလ်လူမှုရေးသိပ္ပံမဟာဌာနမှာ တက်ရမယ့်အစား စီးပွားရေးတက္ကသိုလ်အဖြစ် အမည်ပြောင်းခဲ့တဲ့ကျောင်းမှာတက်ခဲ့ရတာ။ စီးပွားရေးတက္ကသိုလ်လို့ အမည်ပြောင်းဆိုင်းဘုတ်တွေ တင်ထားပေမယ့် အခန်းအမည်တွေကတော့ SS အတိုင်းမပြောင်းလဲခဲ့ဘူး။ SS ဆိုတာက Social Sciences လူမှုရေးသိပ္ပံကို ရည်ညွှန်းတာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနံဘေး အင်းလျားရေကန်နဲ့ကပ်နေတဲ့ စီးပွားရေးတက္ကသိုလ်ဟာ အလွန်ကျက်သရေရှိလှတယ်။ ဝိဇ္ဇာအတန်းနှစ်တန်းတက်ပြီးဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ကို ၁၉၆၅ ခုနှစ်မှာရခဲ့တယ်။

ကျောင်းသားဘဝနှစ်နှစ်တက်တဲ့ စီးပွားရေးတက္ကသိုလ်ကို သိပ်မမှတ်မိဘူး။ ကျွန်တော်က ကျောင်းတစ်ဖက်တက်ရင်း မိဘအလုပ်ကို ဝင်ကူညီနေရတာမို့ ကျောင်းမမှန်ဘူး။ သူငယ်တန်းကတည်းက အထက်တန်းကျောင်းအတူတက်ခဲ့တဲ့ ငယ်သူငယ်ချင်းတွေနဲ့သာ ပေါင်းဖြစ်တယ်။ ကျွန်တော်က အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်းအောင်ခဲ့သူ။ ဒီကျောင်းကဆယ်တန်းအောင်တဲ့သူတွေ အများစုက ဆရာဝန် တွေ၊ အင်ဂျင်နီယာတွေလုပ်ချင်လို့ ဆေးကျောင်း၊ စက်မှု တက္ကသိုလ်တို့ကိုသာ သွားခဲ့ကြတာ။ တချို့ကတော့ သိပ္ပံလိုင်းသွားကြတယ်။ အနည်းစုကသာ ဝိဇ္ဇာလိုင်းတက်ကြတာ။ ကျွန်တော်တို့တစ်ဖွဲ့က ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ယူဖို့ တက်ခဲ့ကြတယ်။ ကျောင်းသားဘဝမှာ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ မရင်းနှီးဘဲနည်းပြဆရာတွေနဲ့သာ ထိတွေ့မှုရှိခဲ့တယ်။ ဆရာမကြီးဒေါ်လှမြင့်နဲ့ ဒေါ်ညွန့်ညွန့်ရီ၊ ဆရာမကြီးကတော့ အခုထိ တက်တက်ကြွကြွလှုပ်ရှားနေတုန်း။ စာတွေသင်ဆဲ။ တလောက တောင် မန္တလေးလေယာဉ်ကွင်းမှာ ဆုံခဲ့သေးတယ်။ ဆရာမကြီး ဒေါ်ညွန့်ညွန့်ရီကတော့ ဆုံးပြီ။ ဆရာမက သိပ်ချောတယ်။ ကိုယ်တိုင်လိပ်ခုံးကားမောင်းပြီး ကျောင်းလာတာ။ ဘွဲ့ကို ၁၉၆၅ ခုနှစ်မှာရပြီး ၁၉၆၆ မှာ နည်းပြဆရာ ဖြစ်ခဲ့တယ်။ နည်းပြဖြစ်တဲ့အချိန်မှာ ကျွန်တော့်အသက်က ၂၀ ကျော်။ အတန်းကြီးကျောင်းသားတွေနဲ့ အသက်မတိမ်းမယိမ်း။ ပထမဆုံးနည်းပြဆရာအဖြစ် စာသင်ခန်းထဲမဝင်မီ ဒူးတွေတုန်နေတာပဲ။

ဒါပေမယ့် ကျွန်တော့်ရဲ့ နောင်တော်တစ်ဦးဖြစ်တဲ့ ဆရာဦးသန်းထွန်းက “ဘာမှစိတ်မပူနဲ့ ခင်ဗျားလောက်မတတ်လို့ အတန်းထဲရောက်နေတာ” သူ့ရဲ့အားပေးစကားကို အခုထိအမှတ်ရနေမိတယ်။ နည်းပြဆရာဖြစ်တာမို့ ကျွန်တော့်ရဲ့နည်းပြသင်တန်းသား ၃၀ လောက်ကို အနီးကပ်ပို့ချရတယ်။ ကျွန်တော်က စာသင်တာဝါသနာပါလို့ သူတို့နားလည်အောင် ဘယ်လိုပြောရမလဲဆိုတာကို အမြဲစဉ်းစားပြီး တီထွင်ခဲ့တယ်။ စီးပွားရေးတက္ကသိုလ်ပထမနှစ်ကျောင်းသားတွေအတွက် အခက်ဆုံးဘာသာက စာရင်းကိုင်ဘာသာ။ အထူးသဖြင့် ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲမှု။ ဒါကို ကျွန်တော်က ပုံသေနည်းတစ်ရပ်ထုတ်ဖော်ပြီး သင်တော့ ကျောင်းသားတွေပိုပြီးနားလည်ကြတယ်။ ကျောင်းသားဘဝတုန်းက မလုပ်ဖြစ်တဲ့အားကစားအလုပ်တွေ၊ လူမှုရေးအသင်း အလုပ်တွေကို ဆရာပေါက်စအနေနဲ့လုပ်ဖြစ်တယ်။ ဆရာကြီးဒေါက်တာခင်မောင်ကြွယ်က ဇွဲကပင်အဆောင်မှူး။ သူကတစ်ချိန်က ကင်းထောက်လုပ်ငန်းလုပ်ပြီး စီးပွားရေးတက္ကသိုလ်ခြေလျင်နဲ့ တောင်တက်အသင်းဥက္ကဋ္ဌ၊ ကျွန်တော်ကင်းထောက်ဖြစ်ခဲ့တာသိလို့ ခြေလျင်တောင်တက်အသင်းကို ကျွန်တော့်ကို ခွဲပေးလိုက်တယ်။ အမွေပေးလိုက်တာ။

ခြေလျင်တောင်တက်အသင်းကို ကျွန်တော်က အားထည့်ပြီး လုပ်ခဲ့တယ်။ အမှန်တော့ အသင်းလှုပ်ရှားမှုအနေနဲ့ ပဲရှိခဲ့တာ။ တောင်တက်တဲ့အလုပ်က ဟိုးတစ်ချိန်က နိုင်ငံရဲ့ အခြေအနေကြောင့် တောင်ကြီး-ကလောလောက်သာသွားနိုင်တာ။ ဒုတိယအလုပ်က လမ်းလျှောက်ပြိုင်ပွဲ။ အဲဒီတုန်းက တက္ကသိုလ်အလိုက် လမ်းလျှောက်ပြိုင်ပွဲတွေကို ကြီးကြီးကျယ်ကျယ်ကျင်းပခဲ့တယ်။ လမ်းလျှောက်ပြိုင်ပွဲက ထင်သလောက် မလွယ်ဘူး။ နည်းစနစ် မှန်ဖို့လိုတယ်။ မမှန်ရင်ပြေးသလိုဖြစ်ပြီး အပယ်ခံရမှာ။ ကျွန်တော်က လမ်းလျှောက်ပြိုင်ပွဲကို ကျောင်းသားကျောင်းသူတွေနဲ့အတူ လေ့ကျင့်ခဲ့တယ်။ မနက်အစောကြီးထရတယ်။ သူတို့ကို အားပေးခဲ့တယ်။ ဒါကြောင့် ပြိုင်ပွဲမှာ စီးပွားရေးတက္ကသိုလ်က အမြဲအနိုင်ရခဲ့တယ်။ ကျွန်တော်တို့ရဲ့ ပြိုင်ဘက်က ပညာရေးတက္ကသိုလ်။ တတိယလှုပ်ရှားမှုက အဆောင်ကျောင်းသား၊ ကျောင်းသူတွေနဲ့အတူ တနင်္ဂနွေမနက်စောစောစုပေါင်း လမ်းလျှောက်ပွဲ။ ရန်ကုန်အနီးက ဘုရားတွေ၊ လှော်ကားကန်၊ ငမိုးရိပ်တံတား၊ တွံတေးစတဲ့ နေရာတွေသွားခဲ့ကြတယ်။ ဒီလှုပ်ရှားမှုဟာ အောင်မြင်ခဲ့တယ်။ တစ်ပတ် မှာ အဆောင်က ကျောင်းသားကျောင်းသူ ၃၀၀-၄၀၀ လောက် ပါဝင်ကြတယ်။ ပျော်စရာတက္ကသိုလ်များ ညှိနှိုင်းပွဲမှာပါဝင်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့ရဲ့ခေါင်းဆောင် မြန်မာစာဌာနက ဆရာဦးသက်လွင်။ သူက အစ်ကိုတစ်ယောက်လိုပဲ၊ ဒီတုန်းက မြန်မာစာဌာနမှာ ဆရာဦးဇော်ဇော်အောင်လည်းရှိတယ်။ ကျွန်တော်နဲ့ အတူ အနုပညာ အသင်းလှုပ်ရှားသူက ဦးထင်ကျော်။ သူက စာရင်းအင်းပညာ ဌာနမှာနည်းပြ။ ကျွန်တော့်ထက် နှစ်နှစ်ငယ်တယ်။ သူ့ကိုတော့ အထက်တန်းကျောင်းကတည်းက ရင်းနှီးခဲ့တယ်။ သူရယ် ဆရာဦးသက်လွင်နဲ့ ကျွန်တော်တို့က တတွဲတွဲ။ မနက်ဆိုရင် ဆရာဦးသက်လွင်ရုံးခန်းရှိတဲ့ မြန်မာစာဌာနကို ကျွန်တော်တို့နှစ်ယောက် ရောက်ခဲ့တာ။ ဒါကြောင့်လည်း ဌာနမှူး ဒေါ်ယဉ်ယဉ်မြင့်၊ ဆရာဦးဇော်ဇော်အောင်နဲ့ ရင်းနှီးခဲ့တယ်။ ဦးထင်ကျော်က နိုင်ငံတော်သမ္မတကြီးဖြစ်နေပြီ။

ဒီတုန်းက ကျွန်တော့်ရဲ့ဌာနမှူးက ဆရာကြီးစောဝီလျံပေါ။ သိပ်အေးချမ်းတဲ့ဆရာ။ မြန်မာနိုင်ငံမှာ ဟားဗတ်တက္ကသိုလ် ပထမဆုံး အမ်ဘီအေဘွဲ့ရခဲ့တဲ့သူ။ အားကစားသမားတစ်ဦးလည်းဖြစ်တယ်။ ပါမောက္ခချုပ်က ဒေါက်တာဦးအေးလှိုင်၊ ဆရာကြီးက ကျွန်တော့်ကို အမြဲအားပေးတယ်။ ရာထူးအရနိမ့်နေပေမယ့် နေရာပေးခဲ့တယ်။ စာမေးပွဲနီးရင် ကျွန်တော်ညဘက် အဆောင်တွေသွားပြီး စာသင်ပေးတယ်။ ဒါက ကိုယ်လုပ်ချင်လို့ လုပ်ခဲ့တာ။ အဆောင်တွေမှာ အဆောင်နည်းပြတွေရှိတယ်။ ဒါပေမယ့် ကျွန်တော်က ကျောင်းသားကျောင်းသူတွေရဲ့

> **စာသင်ရုံမဟုတ်ဘဲ သုတေသနလုပ်ရမယ်။ သုတေသနမလုပ်နိုင်ရင် စာသင်ဖို့ မဖြစ်နိုင်ဘူး။ သုတေသနကြောင့် သင်ကြားမှုအတွက် အထောက်အကူဖြစ်စေတယ်။ နောက်ဆုံးကတော့ ရေးသားမှုဖြစ်တယ်။ မိမိရဲ့တွေ့ရှိချက်တွေ၊ မိမိရဲ့အယူအဆအမြင်တွေကို မျှဝေနိုင်စွမ်းရှိရမယ်**

ကောင်းလှတယ်။ ကျွန်တော်တို့ လုပ်နေတာကို ဗိုလ်မှူးကြီးလှအောင်က သဘောကျပြီးအားပေးတယ်။ ခြေလျင်တောင်တက်အသင်းက အခြေခံရှေးဦးသူနာပြု ကြက်ခြေနီသင်တန်းတွေကို တက္ကသိုလ်ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်တင်နဲ့ ဆောင်ရွက်ဖြစ်တယ်။

ကျွန်တော်အနောက်တိုင်း လှေလှော်ပြိုင်ပွဲမှာ ပါဝင်ခဲ့တယ်။ လေးဦးလှော်တဲ့လှေကို နည်းပြဆရာ လေးဦးပေါင်းပြီး လှော်ခဲ့တာ။ ဆရာတွေလှေလှော်တာ ထူးဆန်းနေတယ်။ တစ်ဦးကတော့ မရှိဘူး။ ပဲ့ကိုင်ပေးတဲ့ကိုတင်ဝင်းကလည်း ဆုံးပြီ။ ဗိုလ်လုပွဲအထိ အောင်မြင်မှုရခဲ့တယ်။ ဗိုလ်လုပွဲမှာ တက်တစ်ချောင်းကျိုးခဲ့လို့ ပန်းဝင်ခါနီးမှာရှုံးခဲ့တာ။ ဒါပေမယ့် ဗိုလ်လုပွဲအထိတက်ခဲ့လို့ လှေလှော်အသင်းက Colour အရောင်ပေးခဲ့တယ်။နည်းပြဆရာအဖြစ် ကျွန်တော်အနုပညာအသင်းမှာ လှုပ်ရှားခဲ့တယ်။ အဲဒီတုန်းက ကျောင်းသားကျောင်းသူအငြိမ့်က ခေတ်စားတာ။ အဆိုပြိုင်ပွဲတွေ၊ အကပြိုင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပခဲ့တာ။ သကြံန်မှာ အသင်းကြီးက လိပ်ခုံးခန်းမတောင်းဆိုမှုကြောင့် သွားခဲ့တာ။ စာအသင်အပြကောင်းလို့ ထင်ပါရဲ့၊ ကျွန်တော့်ရဲ့အတန်းမှာ ကျောင်းသားကျောင်းသူတွေ တိုး ဝှေ့ပြီး လုတက်ကြရတယ်။ နေရာဦးကြတယ်။ နည်းပြဆရာလုပ်သက် ငါးနှစ်ကြာတော့ ကျွန်တော်နိုင်ငံခြားပညာသင်အဖြစ် အင်္ဂလန်နိုင်ငံမှာ ခြောက်နှစ်ကြာခဲ့တယ်။

၁၉၇၂ခုနှစ်မှာ ကျွန်တော်ပါရဂူဘွဲ့ရပြီး ပြန်လာတော့ နည်းပြဆရာနဲ့ပဲ ၆လလောက်လုပ်ခဲ့ရတယ်။ ဆရာပေါက သည်းခံဖို့ပြောတယ်။ မကြာမီလက်ထောက်ကထိက၊ နောက် ကထိက ဖြစ်လာတယ်။ ဆရာကြီးက ကျွန်တော့်ကို ဒီအမ်အေ သင်တန်းမှာ စာသင်စေတယ်။ ပါရဂူဘွဲ့ရထားတာမို့ သုတေသနအလုပ်တွေကို လုပ်ခွင့်ပြုတယ်။ ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနအတွက် သုတေသနတွေကို လုပ်ဖြစ်တယ်။ နှစ်စဉ်ကျင်းပတဲ့ သုတေသန စာတမ်းဖတ်ပွဲတွေမှာလည်း စာတမ်းတွေဖတ်ဖြစ်တယ်။မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှာလည်း စာတမ်းတွေ ဖတ်ကြားခဲ့တယ်။ သုတေသနလုပ်ရတာပျော်တယ်။ ကိုယ်နဲ့အတူမဟာဝိဇ္ဇာ စာတမ်းရေးသားသူတွေကို ကြီးကြပ်ခဲ့တယ်။ လက်ရှိ စီးပွားရေးတက္ကသိုလ်က ပါမောက္ခချုပ်ဒေါက်တာ ခင်ခိုင်ဦးဟာ ကျွန်တော်နဲ့အတူ သုတေသနလုပ်ပြီး မဟာဝါဏိဇ္ဇစာတမ်းတင်ခဲ့တယ်။ သမဝါယမလှုပ်ရှားမှုမှာ ထဲထဲဝင်ဝင် ပါဝင်ခွင့်ရခဲ့တယ်။

၁၉၈၆ ခုနှစ်မှာတော့ အနောက်ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူ သုတေသနလုပ်ငန်းတွေကို သုံးနှစ်ဆောင်ရွက် ခဲ့တယ်။ ၁၉၈၈ ခုနှစ်ပြန်ရောက်တဲ့အခါ အရေးအခင်းတွေကြောင့် တက္ကသိုလ်တွေက ပိတ်ထားတယ်။ ကျောင်းကိုလည်း ပုံမှန်သွားစရာ မလိုတော့ဘူး။ ဒီအခြေအနေမှာ ဆရာကြီးဒေါက်တာဦးဖေသိန်းက သူနဲ့အတူလုပ်ဖို့ခေါ်တာနဲ့ စီးပွားရေးတက္ကသိုလ်ကို အပြီးအပိုင်ကျောခိုင်းခဲ့ရတယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့သံယောဇဉ်ကို ဖြတ်လို့မရဘူး။ နိုင်ငံခြားမှာတာဝန်ယူပြီး မြန်မာပြည်ခွင့်နဲ့ ပြန်ရောက်တိုင်း စီးပွားရေးတက္ကသိုလ်မှာ ဟောပြောပွဲတွေ လုပ်ဖြစ်ခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ ကုလသမဂ္ဂက အငြိမ်းစားယူပြီး မြန်မာပြည်ကို အပြီးအပိုင်ပြန်ရောက်လာတဲ့အခါ စီးပွားရေးတက္ကသိုလ်နဲ့ပြန်ပြီး ဆက်သွယ်ပတ်သက်ခဲ့တယ်။ ဘွဲ့လွန်သင်တန်းတွေမှာ အချိန်ရရင်ရသလို သင်ကြားပို့ချခဲ့တယ်။ အခုဆိုရင် ဘွဲ့လွန်သင်တန်း လေးမျိုးရှိတာမို့ လေးမျိုးစလုံး သင်ခွင့်ရခဲ့တယ်။ မိမိရဲ့အတွေ့အကြုံပညာတွေကို မျှဝေနိုင်တာမို့ ကျေနပ်မိတယ်။

မိမိဘဝရဲ့အနှစ် ၂၀ ကျော်ကုန်လွန်ခဲ့တဲ့ စီးပွားရေးတက္ကသိုလ်ကို ကျေးဇူးတင်မိပါတယ်။ အောင်မြင်မှုတွေရခဲ့သလို စိန်ခေါ်မှုတွေရှိခဲ့ပါတယ်။ ကျွန်တော့်ကိုဆုံးမသွန်သင် လမ်းညွှန်ပေးခဲ့တဲ့ ဆရာဆရာမတွေကိုလည်း အမြဲကျေးဇူးတင်မိတယ်။ ကျွန်တော့်ရဲ့ သင်တန်းတွေကို တက်ရောက်အားပေးကြတဲ့ ကျောင်းသားကျောင်းသူတွေကိုလည်း ကျေးဇူးတင်မိတယ်။ ကျောင်းသားကျောင်းသူမရှိရင် ဆရာဆရာမလည်း မရှိပါဘူး။ ဆရာဆရာမဆိုတာ သူတို့အတွက် အသက်ရှင်နေတာဖြစ်တယ်။

ကျွန်တော့်ရဲ့ဘဝ ပုံစံအမျိုးမျိုးပြောင်းလဲခဲ့ပေမယ့် ရင်ထဲမှာတော့ ကိုယ်ကကျောင်းဆရာတစ်ယောက်သာ ဖြစ်ကြောင်း အမြဲဆင်ခြင်တယ်။ ဒါကြောင့်လည်း ကျောင်းဆရာတစ်ဦးအနေနဲ့ စာသင်ပေးရမယ် စာသင်တာဝါသနာပါတဲ့ ကျွန်တော့်အတွက် ကွက်တိပါပဲ။ စာသင်တဲ့နေရာမှာလည်း စိတ်ဝင်စားအောင်၊ နားလည်သဘောပေါက်အောင်အမြဲ ကြိုးစားရတယ်။ အမြဲရင်ခုန် နေရတယ်။ ရင်ခုန်သံတိတ်များသွားခဲ့ရင် စာမသင်ရတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ စာသင်ရုံမဟုတ်ဘဲ သုတေသနလုပ်ရမယ်။ သုတေသနမလုပ်နိုင်ရင် စာသင်ဖို့ မဖြစ်နိုင်ဘူး။ သုတေသနကြောင့် သင်ကြားမှုအတွက် အထောက်အကူဖြစ်စေတယ်။ နောက်ဆုံးကတော့ ရေးသားမှုဖြစ်တယ်။ မိမိရဲ့တွေ့ရှိ ချက်တွေ၊ မိမိရဲ့အယူအဆအမြင်တွေကို မျှဝေနိုင်စွမ်းရှိရမယ်။

စီးပွားရေးတက္ကသိုလ်ဟာ အောင်မြင်လှတဲ့အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ ထူးချွန်လှတဲ့ပုဂ္ဂိုလ်ထူးတွေကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ ဆရာကြီးဒေါက်တာအေးလှိုင်ဟာ ဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်ခဲ့တယ်။ ဆရာဦးသန်းညွန့်က PSC ဥက္ကဋ္ဌဖြစ်ခဲ့တယ်။ ပါမောက္ခချုပ်နှစ်ဦး ဝန်ကြီးတွေဖြစ်ခဲ့ပြီး စီးပွားရေးတက္ကသိုလ်ထွက်ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ အများကြီးပဲ။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် စီးပွားရေးတက္ကသိုလ်ထွက် တစ်ဦးဖြစ်ပြီး လက်ရှိအစိုးရမှာ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ အမြောက်အမြား အားရကျေနပ်စရာ ကိစ္စတစ်ခုပါပဲ။ အခုဆိုရင် လက်ဆင့်ကမ်းနိုင်တဲ့သူတွေက အဆင်သင့်အောင်မြင်မှုမျိုးစုံ ရမှာသာ ဖြစ်ပါတယ်။

## မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် ဟောပြော

**မော်လမြိုင် ဇွန် ၂၅**

ကျိုက်မရောမြို့နယ် လုကဇိုင်းကျေးရွာအုပ်စု မယ်တရိုးကျေးရွာအခြေခံပညာ မူလတန်းကျောင်းရှေ့၌ ဇွန်လတတိယပတ်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးကျော်စိုးက ကြီးကြပ်ဆောင်ရွက်၍ မူးခင်းပညာပေးပြခန်းယာဉ်ဖြင့် လူကုန်ကူးမှုပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ပြစ်မှုပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှုနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောကြကြောင်း သိရသည်။

အခမ်းအနားတွင် မယ်တရိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှငွေးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ ရွာသူရွာသားများ ၃၇၀ ခန့်တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား မူးခင်းနှင့်ပတ်သက်သည့်ဆောင်ရန်ရှောင်ရန်များ၊ လိုအပ်လျှင်အချိန်နှင့် တစ်ပြေးညီရဲစခန်းများသို့ဆက်သွယ်နိုင်သောလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**တင်ထွန်း(မော်လမြိုင်)**

## တောင်သူများအား မြေယာနစ်နာကြေးပေးအပ်

**ကျောက်ဆည် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့နယ်စက်မှုဇုန်အတွင်းရှိ အမှတ်(၃၆)အကြီးစားမှန်စက်ရုံသည် ရေလိုအပ်မှုကြောင့် ဇော်ဂျီမြစ်နှင့်သင်းတွဲမြောင်းတို့မှ ပိုက်လိုင်းများဖြင့်ရေသွယ်ယူသုံးလျက်ရှိရာ အဆိုပါ ရေပိုက်လိုင်းများသည် ဒေသခံတောင်သူများ၏ လယ်မြေများပေါ်မှ ဖြတ်သန်းသွယ်ယူရသောကြောင့် ဇွန် ၂၁ ရက်က မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချို့နှင့် စက်ရုံမှူး ဦးသန်းဌေးတို့သည် တောင်သူများအား မြေယာနစ်နာကြေးငွေများပေး အပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမှန်စက်ရုံရေပိုက်လိုင်းသည် ပုထိုးနီ၊ ကုလားကျောင်း၊ ရှမ်းတောင်ဦးကျေးရွာများရှိ ဒေသခံတောင်သူ ၄၈ ဦး၏ လယ်ယာမြေများပေါ်မှအရှည်ပေ ၁၀၆၃၀ ဖြင့် သွယ်တန်းထားပြီး တောင်သူများအား နစ်နာကြေးငွေအဖြစ် တစ်ပေလျှင်ငွေကျပ် ၄၀၀၀ နှုန်းဖြင့် စုစုပေါင်းနစ်နာကြေးငွေကျပ် ၄၂၅၂၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တရုတ်ဘက်မှ မြန်မာနိုင်ငံသားပို့ကုန်သွင်းကုန်ဘဏ်အကောင့်များ ပိတ်သိမ်းခဲ့မှုကြောင့် မန္တလေးသီးနှံအရောင်းအဝယ် အကျဘက်တွင်ရှိခဲ့

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**



မြန်မာနှင့်တရုတ်နိုင်ငံအကြား ကုန်သွယ်မှု လုပ်ငန်းများ၏ ငွေပေးချေမှုလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် တရုတ်နိုင်ငံဘဏ်များက ဇွန် ၁၅ ရက်မှ စတင်၍ မြန်မာနိုင်ငံသား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏ ဘဏ်အကောင့်များ အပိတ်ခံခဲ့ရသည့်အတွက် သီးနှံအရောင်းအဝယ်များ အနည်းငယ်တုံ့ဆိုင်းခဲ့ရသည်။ ယခုရက်ပိုင်းတွင် အဆိုပါ အကောင့်များကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သော်လည်း ယခုတစ်ပတ်အတွင်း မန္တလေး၌ သီးနှံအရောင်းအဝယ် ဈေးကွက်များအကျဘက်တွင် ရှိနေခဲ့ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ မန္တလေး အခြေစိုက်ကုန်သည်တစ်ဦးဖြစ်သည့် စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က "ဈေးကွက်မှာ အပြောင်းအလဲတွေကတော့ အရောင်းအဝယ်တွေ တော်တော်ထိုးကျသွားတယ်။ တရုတ်ကဘဏ်အကောင့်တွေပိတ်လိုက်တယ်ဆိုတော့ တချို့ထိခိုက်တဲ့သူလည်း ထိခိုက်ကြတယ်။ ပဲအရောင်းအဝယ်လောကမှာလဲ ဂယက်ရိုက်တယ်။ တခြားပဲ အရောင်းအဝယ်တွေက ကြားထဲမှာတော့ အရောင်းအဝယ် တော်တော်လေးကို ရပ်သလောက်ဖြစ်သွားတယ်။ ပဲတီစိမ်းနဲ့ နှမ်းလောက်ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ အဓိက မန္တလေးဈေးကွက်မှာ ပဲတီစိမ်း ထိပ်စသုံးတင်းဝင်အိတ် တစ်အိတ်ကို အရင်ရက်ပိုင်းတွေတုန်းက တစ်အိတ်ကိုငွေကျပ် ၁၃၀၀၀၀ ကျော်ရှိခဲ့ပေမယ့် အခုရက်ပိုင်းတွေမှာ ငွေကျပ် ၁၁၀၀၀၀ ပဲရှိတော့တယ်။ တစ်ရက်ကို အိတ် ၂၀၀၀၀ ကနေအိတ် ၃၀၀၀ အရောင်းအဝယ်ဖြစ်တဲ့ အထိကို ကျဆင်းသွားခဲ့တယ်။ တရုတ်အစိုးရက သေချာပေါက်ဘဏ်အကောင့်တွေ ပြန်ဖွင့်တယ်အသံထွက်လာတော့ တစ်အိတ်ကိုငွေကျပ် ၁၁၅၀၀၀ အထိ ပြန်တက်လာတယ်။ နောက်ပြီး အရောင်းအဝယ်မှာလဲ တစ်ရက်ကိုအိတ် ၈၀၀၀ အထိ ပြန်တက်လာတယ်" ဟု လက်ရှိအခြေအနေကို ရှင်းပြသည်။

ယခုတစ်ပတ် နှမ်းဈေးအနေဖြင့် ဂျပန်နှမ်းအဖြူ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ နှင့်စမုံနက် နှမ်းတစ်အိတ်လျှင်ငွေကျပ် ၁၁၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး လက်ရှိတွင် မိုးဦးနှမ်းများစပေါ်နေပြီး ဈေးကွက်စတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မြေပဲမှာအရောင်းအဝယ်ကတော့အေးနေပြီး အနာဂတ်မြေပဲဈေးတက်ဖို့ အလားအလာမှာလည်း တရုတ်ဝယ်လက်ပေါ်တွင် မူတည်နေကာ အရောင်းအဝယ်ပုံမှန်ဖြစ်သည်နှင့် တစ်ပြိုင်နက်ဈေးလည်း တက်လာနိုင်ကြောင်း ၎င်းကပြောသည်။ တရုတ်အနေဖြင့် မြေပဲနှင့်ဆန်ရောင်းဝယ်မှုအတွက် အဓိကဝယ်လိုအားပေါ်မူတည်နေပြီး ပြည်တွင်းအနေနဲ့ ဆီကြိတ်မှုသက်သက်ပဲရှိနေသည့် အခိုက်အတန့်စိတ်ပျက်အားလျော့မှုများဖြစ်ပေါ်နေကြောင်း သိရသည်။

"ဒီနေ့ရဲ့ ထူးခြားချက်ကတော့ တရုတ်အစိုးရအနေနဲ့ ဘဏ်အကောင့်တွေကို ပြန်ဖွင့်ပေးတယ်ဆိုတော့ အရောင်းအဝယ်တွေ ပြန်တက်လာပါတယ်။ ဆန်ဆိုရင် ၈၀ ရာခိုင်နှုန်း၊ ပဲဆိုလည်း ၆၀ ရာခိုင်နှုန်းလောက် တရုတ်ကို မှီခိုနေရတာဖြစ်တဲ့အတွက် လိုသလို ဈေးကစားလို့ရနေတဲ့ အနေအထားမျိုးဖြစ်နေတယ်။ ဒီလိုတွေမဖြစ်အောင် အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ပြောထားတဲ့ G to G စနစ်နဲ့ အရောင်းအဝယ်တွေ ဖြစ်ပေါ်လာဖို့အတွက် မျှော်လင့်ပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ယခုတစ်ပတ် မန္တလေး ကုန်စည်ဒိုင် ဈေးကွက်တွင် မြေပဲဖြူလုံးဆန်အဖြူ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၀၅၀၊ မြေပဲလုံးဆန်အနီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၁၀၀၊ မတ်ပဲသုံးတင်း တစ်အိတ်လျှင် အစောပိုင်းမှာ ငွေကျပ် ၉၀၀၀၀ ရှိခဲ့ပြီး နောက်ပိုင်းတွင် ငွေကျပ် ၈၀၀၀၀ အထိကျသွားခဲ့သည်။ ရေသွင်း မတ်ပဲဆိုပါကတစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ ထောပတ်ကြီးစက တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ နှင့် CP ပြောင်းတစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ မှ ၂၅၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# မိုးသည်းထန်စွာရွာသွန်း၍ နှမ်းစိုက်တောင်သူများ၏နှမ်းခင်းများ ပျက်စီး

**ဝေသူနွယ်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇင်နွယ်**



နှမ်းခင်းများပျက်စီးနေမှုကို တွေ့ရစဉ်

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သက္ကယ်မြောင်ကျေးရွာအနီးတစ်ဝိုက်ရှိ ဒေသခံတောင်သူများ၏ မိုးနှမ်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ မိုးသဲသဲမဲမဲရွာနေတာ အခုဆို၁၂ ရက် ဆက်တိုက်ရှိနေပြီ။ တစ်ရက်မှ မပြတ်ဘူး။ မိုးစရွာတော့ နှမ်းပင်လေးတွေ ဘာမှ မထိခိုက်သေးဘူး။ ကျွန်တော်တို့လည်း နှမ်းပင်တွေ ရေမဝပ်အောင် အရင်နှစ်တွေကလို နှမ်းခင်းတွေကို ရေမြောင်းတွေ ဖော်ပေးတယ်။ မိုးရွာရက်လည်းများလာတော့ နှမ်းပင်လေးတွေ တဖြည်းဖြည်းနာလာတယ်၊ အခုဆို မိုးရွာတာ ၁၂ ရက်ရှိနေပြီဆိုတော့ နှမ်းခင်းတွေမှာ ရေတွေအိုင်ပြီး အကုန်နီးပါးသေကုန်ကြပြီ။ ဒီနှစ်က နှမ်းနက်ဈေးကလည်း ကောင်းမယ်လို့ကြားတယ်။ နိုင်ငံခြား တင်ပို့ဖို့ သတင်းတွေကြားရတော့ မိုးဦးနှမ်းကို တင်း ၁၀၀ လောက်အထိ မှန်းထားတာ၊ နှမ်းပေါ်ပြီးရင် စပါးရိတ်သိမ်းခြွေလှေ့စက်ဝယ်မယ်ဆိုပြီး အားခဲထားခဲ့တာပေါ့။ အခုဆို နှမ်းမျိုးဖိုးနဲ့ ထွန်ယက်ချိန်တုန်းက အငှားခဖိုးတွေ ဆုံးရှုံးသွားတော့ ကျွန်တော်တို့လည်း မျှော်လင့်ချက်မဲ့လာတယ်။ ကျွန်တော့်လိုပဲ နှမ်းကိုအားထားပြီး စိုက်တဲ့ ဒီဒေသတစ်ဝိုက်မှာရှိတဲ့ တောင်သူတွေ အကုန်လုံး အရှုံးပေါ်နေကြပါတယ်" ဟု သက္ကယ်မြောင်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးစန်းဦးက ပြောသည်။

ထို့အပြင် နှမ်းစတင်စိုက်ပျိုးချိန်တွင်လည်း ပထမတစ်ကြိမ် နှမ်းစိုက်ပျိုးသော်လည်း နှမ်းပင်များ မပေါက်လာသောကြောင့် ဒုတိယအကြိမ် ထပ်မံစိုက်ပျိုးခဲ့ရပြီး အပင်ပေါက်စအချိန်တွင်လည်း ပုရစ်များ ကျရောက်ပြီး နှမ်းပင်ပေါက်များကို ကိုက်ဖြတ်သောကြောင့် ဆန်ကွဲနှင့်ပိုးသတ်ဆေးရောနှယ်ကာ ဂရုတစိုက်ပက်ဖျန်းပေးခဲ့ရကြောင်း၊ ယခုဒုတိယအကြိမ်စိုက်ပျိုးရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထပ်မံပျက်စီးခဲ့ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

နှမ်းစိုက်ပျိုးချိန်တွင်လည်း မျိုးနှမ်းတန်ဖိုး နှမ်းနီတစ်ပြည်လျှင် ငွေကျပ် ၃၀၀၀၊ နှမ်းနက်တစ်ပြည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ကြရပြီး ထွန်ယက်ခ၊ ပေါင်းသင်ခနှင့် မျိုးဖိုးအားလုံး နစ်နာဆုံးရှုံးရသည်။ ထိုသို့နှမ်းများပျက်စီးခဲ့သည့်အတွက် စားပြောင်းစိုက်ပျိုးမည်ဟု စိတ်ကူးသော်လည်း ထိုစားပြောင်းမှာ ဈေးကွက်သို့ဝင်ရောက်ရန် ရက်ပေါင်း ၉၀၊ ၁၀၀ ကြာမည်ဆိုသောကြောင့် မစိုက်ပျိုးတော့ဘဲ စပါးစိုက်မည့်အချိန်ကိုသာ စောင့်မျှော်နေရကြောင်း ဦးစန်းဦးက ဆက်လက်ပြောကြားသည်။

ကံမမြို့နယ်အတွင်းမှ ကျေးရွာနေတောင်သူများသည် ယာသီးနှံနှင့် လယ်သီးနှံစပါးနှစ်မျိုးစလုံး စိုက်ပျိုးကြကြောင်း သိရသည်။

## ဒေးဒရဲမြို့နယ်၌ စပါးသီးနှံဖျက် ရွှေခရုများကို စုပေါင်းနှိမ်နင်း

**ဒေးဒရဲ ဇွန် ၂၅**

စပါးသီးနှံဖျက်ရွှေခရုများကို ဒေးဒရဲမြို့နယ်၌ ဒေသခံတောင်သူများက စုပေါင်းနှိမ်နင်းဖျက်ဆီးပွဲနှင့် ရွှေခရုနှိမ်နင်းရေးနည်းပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာအုပ်စု၌ ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က အမှာစကားပြောကြားပြီး ဖျာပုံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးရဲအောင်တို့က စပါးသီးနှံဖျက်ရွှေခရုများကို ကျေးရွာအုပ်စုအလိုက် နှစ်ပတ်လျှင်တစ်ကြိမ် ရွှေခရုဖျက်ဆီးရေးကိုလည်းကောင်း၊ ခရိုင်ပိုးမွှားတာဝန်ခံဒေါ်ကြူကြူဆွေတင်က ရွှေခရုကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို လည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်စန်းယုက စပါးပျိုးကြဲစဉ် မြေဆီလွှာအခက်အခဲနှင့်ဖြေရှင်းမည့် နည်းလမ်းများကို လည်းကောင်း နည်းပညာပေးဆွေးနွေးဟောပြောကြသည်။

ယင်းစပါးသီးနှံဖျက်ရွှေခရုများအား တညင်ကုန်းကျေးရွာအုပ်စု နယ်မြေအတွင်းရှိ လယ်ယာစိုက်ကွင်းများတွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ အဖွဲ့အစည်းပေါင်းစုံနှင့် တညင်ကုန်းဒေသခံတောင်သူများက အဖွဲ့ ငါးဖွဲ့ ခွဲပြီး စပါးသီးနှံဖျက်ရွှေခရုများအား စုပေါင်းကောက်ယူခဲ့ကြရာ စပါးတင်းခြောက်တင်းခန့်တွင် ရွှေခရုနှင့် ခရုဥမြုံများ ရရှိခဲ့ကြပြီး စုပေါင်းနှိမ်နင်းဖျက်ဆီးခဲ့ကြသည်။

**မော်ကျွန်း-မြင့်အောင်**



# ငရုတ်ကို ပြည်ပတင်ပို့ ခွင့်ပြုထားသော်လည်း လက်တွေ့မှာ ထင်သလောက်ဖြစ်မလာ

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- ကိုတင့်**

Re- export စနစ်နဲ့ ငရုတ်ကို ပြည်ပတင်ပို့ခွင့်ပြုထားပေမယ့် လက်တွေ့မှာ ထင်သလောက် ဖြစ်မလာဘူး၊ စီးပွားကူးသန်းကနေ ကုန်စည်အမယ်တွေ ခွင့်ပြုခဲ့ပြီးပါပြီ။ ငရုတ်သီးဆိုရင်လည်း မြန်မာနိုင်ငံရဲ့ အဓိကစိုက်ပျိုးရေး သီးနှံထဲမှာပါတယ်။ အသင်းကနေ တစ်ဖက်နိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ ထိုင်းဘက်ကို ညှိနှိုင်းနေတုန်းပါ။ သူတို့ဘက်ကလည်း လိုအပ်ချက်အပေါ် ဝယ်ယူမှာပေါ့လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

အဲ့ဒီ စနစ်နဲ့ သကြား၊ အဆင့်မြင့် ဒီဇယ်၊ ဓာတ်ဆီ၊ မြေပဲ၊ ကွမ်းသီး၊ ကြက်သွန်ဖြူ၊ နှမ်း(ဖြူ/နက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီး အစို၊ စားသုံးဆီ အစရှိတာတွေကို ခွင့်ပြုပေးထားတာဖြစ်ပါတယ်။ တစ်ဧကကို အနည်းဆုံးဆယ်တင်းကနေ တင်းနှစ်ဆယ်အထိ ထွက်တယ်။ ၁၀ရက်ခြား တစ်ခါခူးပေးရတယ်။ ဒီမျိုးကို အခုမှစစိုက်ဖြစ်တာပါ။ တင်ပို့မယ်ဆိုရင်တော့ ဈေးကောင်းရဖို့ မျှော်လင့်တယ်လို့ ညောင်ငါးပင်ကျေးရွာနေ စိုက်ပျိုးတောင်သူ ဦးမောင်ငယ်က ပြောသည်။

မြန်မာနိုင်ငံမှာ ငရုတ်ကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ နှစ်စဉ်အောက်တိုဘာလမှ စိုက်ပျိုးကာ တစ်နှစ်ကို တန်ချိန် ၁၀ သိန်းကျော် ထွက်ရှိတယ်လို့ သိရပြီး ပြည်တွင်းသုံးစွဲမှုကလည်း မြင့်မားပါတယ်။ ငရုတ်အမျိုး အစားပေါ်မူတည်ပြီး တစ်ပိဿာကို ငွေကျပ် ၃၅၀၀ ကနေ ငွေကျပ် ၅၀၀၀ ကြားရရှိသည်။

# ကော်ဖီစိုက်တောင်သူများ၏ စိုက်ပျိုးတွေ့ကြုံရသောအခက်အခဲများကို ကူညီဖြေရှင်းပေးလျက်ရှိ

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မေမိုးသဲ**



ယခုအခါ မြန်မာနိုင်ငံရှိ ကော်ဖီများကို အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံခြားသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုအခါ ကော်ဖီအသင်းများ ခိုင်ခိုင်မာမာ ပေါ်ပေါက်လာပြီး မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည့်အတွက် မြန်မာ့ကော်ဖီမှာ အလားအလာများစွာ ကောင်းမွန်လာပြီဖြစ်သည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စည်သာကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ၊ ကျိုင်းတုံ၊ လွယ်မွေနှင့် တာချီလိတ်မြို့များရှိ ဒေသခံကော်ဖီစိုက်တောင်သူများ ရေရှည်တည်တံ့သော အရည်အသွေးကောင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊ ကြိတ်ခွဲခြင်းဆိုင်ရာ ရက်တိုသင်တန်းကို တာချီလိတ်မြို့တွင် ဇွန် ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ဈေးကွက်ဝင်အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်နိုင်ဖို့ ကော်ဖီပင်တွေကို စနစ်တကျပြုစုထိန်းသိမ်းပြီး ကြိတ်ခွဲထုတ်လုပ်ရာမှာ နည်းလမ်းမှန်ကန်စွာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တာချီလိတ်ခရိုင်အတွင်း ကော်ဖီစိုက်ဧက ၄၀၀ စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းမှုနည်းပါးနေတာကို တွေ့ရပါတယ်။ အဲဒီပြဿနာတွေကို လျှော့ချနိုင်ဖို့အတွက် ဒီသင်တန်းကိုဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်။ သင်တန်းမှာလည်း သင်တန်းသားတွေအနေနဲ့ စိတ်ပါဝင်စားစွာတက်ရောက်ကြပြီး မိမိတို့လုပ်ငန်းခွင်ထဲမှာ အကျိုးရှိရှိ ပြန်လည်အသုံးချစေချင်ပါတယ်။ ဒါမှမိမိတို့ စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ ကော်ဖီဟာ ဈေးကွက်ဝင်အရည်အသွေးကောင်းတဲ့ ကော်ဖီဖြစ်လာပြီး နိုင်ငံခြားတင်ပို့နိုင်တဲ့အထိဖြစ်လာမယ်" ဟု သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီး ဌာန(ရုံးချုပ်) ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ပြည်နယ်ဒုတိယဦးစီးမှူး၊ ရှမ်းပြည်နယ်အရှေ့ပြည်နယ်ဒုတိယဦးစီးမှူး၊ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ၊ တောင်သူ ၃၈ ဦး၊ ဝန်ထမ်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းကာလမှာ ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ကော်ဖီသီးနှံသည် စိုက်ပျိုးပြီး ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း အရင်းကျေသောနှစ်ရှည်ပင်ဖြစ်ကာ နှစ် ၃၀ ကျော်အထိ ဝင်ငွေရရှိနေသည့် သီးနှံဖြစ်သည်။ ယခုသင်တန်းတွင် အဆိုပါ နည်းပညာများသင်ကြားပေးမည့်အပြင် ယခင်စိုက်ပျိုးပြီး အပင်အိုများ ပင်သစ်ပြန်လည်ဖြစ်လာပြီး အထွက်ပြန်ကောင်းစေသော ပင်အိုတက်သစ်မွေးခြင်း၊ ကိုင်းဖြတ်အတက်ဖဲ့ခြင်းဆိုင်ရာ နည်းပညာများလည်းသင်ကြားပေးခဲ့ကြောင်း သိရသည်။ ကော်ဖီသီးနှံထုတ်လုပ်မှုကို ကေကျယ်ရှိမှ စိုက်ပျိုးနိုင်သည်မဟုတ်ဘဲ မိမိအိမ်ခြံဝန်းတွင်ပင် တစ်ပိုင်တစ်နိုင်စီးပွားများဖြင့် စိုက်ပျိုးနိုင်သောသီးနှံဖြစ်သည်။

ရှမ်းတောင်မှ ရှာငံဒေသတွင် ဧကကျယ်မဟုတ်ဘဲ အိမ်ခြံဝန်းစိုက်ဧက ၇၀၀၀ ကျော်ရှိကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်း ကော်ဖီမျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးလျက်ရှိသကဲ့သို့ ပညာရှင်ဝန်ထမ်းများကလည်း ဒေသအရောက် စိုက်နည်း၊ ပျိုးနည်း၊ ထုတ်လုပ်နည်းများ ကော်ဖီစိုက်တောင်သူများအတွက် ပညာပေးသင်တန်းများပို့ချရင်း ဒေသခံတောင်သူများ၏ စိုက်ပျိုးတွေ့ကြုံရသော အခက်အခဲများကို ကူညီဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။

ယခုသင်တန်းတွင် စည်သာကော်ဖီကုမ္ပဏီမှ ကော်ဖီပျိုးပင်များလှူဒါန်းပြီး ဌာနပညာရှင်ဝန်ထမ်းများမှ နည်းပညာများပို့ချသွားမှာဖြစ်သည့်အတွက် တာချီလိတ်ခရိုင်အတွင်း ကော်ဖီကိုစနစ်တကျ စိုက်ပျိုးနိုင်ပြီဖြစ်၍ မြန်မာ့ကော်ဖီကဏ္ဍတစ်ခေတ်ဆန်းလာတော့မည်ဖြစ်သည်။

ဆက်လက်၍ ဦးမြင့်ဆွေက ကော်ဖီသီးနှံသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီးလုံခြုံစိတ်ချရသော အရည်အသွေးကောင်း (GAP) သီးနှံ ၁၅ မျိုးတွင်ပါဝင်ပြီး ကော်ဖီ (GAP Guide Line) ပြုစုရေးဆွဲပြီး ဖြစ်သည့်အတွက် ကော်ဖီဈေးကွက်မှာ တည်ငြိမ်ပြီး ဈေးနှုန်းမြင့်မားလာနိုင်မည့် အလားအလာများ ရှိနေပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် စည်သာကော်ဖီကုမ္ပဏီလီမိတက်မှ ကော်ဖီမျိုးစေ့၊ ပျိုးပင်နှင့် ကော်ဖီသင်တန်းလက်စွဲစာအုပ်များကို သင်တန်းသား သင်တန်းသူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

# တစ်ပတ်အတွင်းဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကိုတင့်**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးပြန်လည်ကျဆင်းသွားပါတယ်။ကြက်သွန်နီကတော့ ဈေးဆက်တိုက် တက်နေတဲ့အခြေအနေမှာ ရှိနေပါတယ်။ဒီတစ်ပတ်မှာ ထူးထူးခြားခြား ဈေးတက်လာတာကတော့ ပြောင်းဆန်ဖြစ်ပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးအနည်းငယ်ကျဆင်း**

ဇွန်လဒုတိယပတ်မှာ ဈေးပြန်လည်မြင့်တက်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်လည် ကျဆင်းသွားခဲ့ပါတယ်။



ယခင်အပတ်က မတ်ပဲတစ်တန်ကို ငွေကျပ် ၉၀၀၀၀၀ အထိ ဈေးပြန်လည်မြင့်တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကိုငွေကျပ် ၈၅၀၀၀၀ ကျော်အထိ ဈေးကပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ဈေးအနည်းငယ်ကျဆင်းခဲ့ပေမယ့် နေ့စဉ်အိတ် ၃၀၀ ကနေ ၅၀၀ အထိ အရောင်းအဝယ်ရှိနေပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာမတ်ပဲတွေကို အနည်းငယ်အဝယ်လိုက်လာတဲ့အတွက် ဈေးပြန်လည်မြင့်တက်ခဲ့ပေမယ့် လက်ရှိပေါက်ဈေးက တောင်သူတွေ ခန့်မှန်းဈေးကို မရောက်သေးဘဲ အရောင်းအဝယ်ငြိမ်နေပြီး ဈေးက အနည်းငယ်ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ လက်ရှိ အိန္ဒိယနိုင်ငံမှာ မိုးစိုက်မတ်ပဲ ဧရိယာလျော့နည်းနေတဲ့အတွက် ဇွန်လနောက်ပိုင်းမှာ မတ်ပဲက ဈေးပြန်တက်လာနိုင်တယ်လို့ Agriwatch က သုံးသပ်ချက်အရ သိရပါတယ်။လက်ရှိပေါက်ဈေးကတော့ တစ်တန်ကို ငွေကျပ် ၈၃၈၀၀၀ ပေါက်ဈေးရှိပါတယ်။

**ပဲစင်းငုံဈေးကျဆင်း**

ဈေးအတက်အကျ မတည်ငြိမ်ခဲ့ပေမယ့် ဈေးအပြောင်းအလဲသိပ်မရှိခဲ့တဲ့ ပဲစင်းငုံက ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ခြောက်သိန်းအောက်အထိ ဈေးက စံချိန်ကျဆင်းသွားခဲ့ပါတယ်။ ပဲစင်းငုံက ပြည်တွင်းမှာ ဈေးကျဆင်းနေပေမယ့် မန္တလေးက ပုံမှန်ဝယ်လက်တွေကြောင့် နေ့စဉ် အိတ် ၈၀၀ ကနေ ၁၀၀၀ ခန့် ရောင်းချနေရပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ သိုလှောင်ထားတဲ့ ပဲစင်းငုံတွေ ထုတ်ရောင်းနေတဲ့အတွက် ဈေးကကျဆင်းနေတာဖြစ်တယ်လို့သိရပါတယ်။မြန်မာနိုင်ငံက ပဲစင်းငုံဟာ အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်ပြီးတော့ ဇွန် ၃ ရက်ကနေ ဇွန် ၁၀ရက်အထိ တစ်ပတ်အတွင်း တန်ချိန်ပေါင်း ၁၃၈၅၀ တင်ပို့ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံကို ပြည်ပပဲအဝင်များမှုကလည်း ဈေးကျဆင်းနေတဲ့ အကြောင်းတစ်ရပ်ဖြစ်ပေမယ့် ဇွန်လကုန်နောက်ပိုင်းမှာ ပဲစင်းငုံဈေးတွေ တက်လာနိုင်တယ်လို့ Commodities Control မှာ ဖော်ပြထားချက်အရ သိရပါတယ်။

လက်ရှိပေါက်ဈေးကတော့ တစ်တန်ကိုငွေကျပ် ၅၉၀၀၀၀ ကျော် ပေါက်ဈေးရှိနေပြီး တစ်တင်းကို ငွေကျပ် ၁၉၀၀၀ ကျော်သာရှိပါတယ်။

**ပဲတီစိမ်းအတက်အကျ အနည်းငယ်ပြောင်းလဲ**

မတ်ပဲနဲ့ပဲစင်းငုံတို့ကိုကျော်ပြီး ဈေးမြင့်တက်ခဲ့တဲ့ ပဲတီစိမ်းက ဒီတစ်ပတ်မှာတော့ အတက်အကျအပြောင်းအလဲ အနည်းငယ်ရှိခဲ့ပါတယ်။ တစ်ပိဿာကိုငွေကျပ် ၁၄၀၀ ကနေ ၂၅၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့တဲ့ ပဲတီစိမ်းက ယခင်အပတ်ကနေစပြီး ပြန်လည် ကျဆင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းခဲ့ပေမယ့် အနည်းငယ်သာ အပြောင်းအလဲရှိခဲ့ပါတယ်။

ပဲတီစိမ်းကလည်း အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတဲ့ ပဲတစ်မျိုးဖြစ်ပြီးတော့ လက်ရှိပဲဈေးက တည်ငြိမ်နိုင်တယ်လို့ သုံးသပ်ထားပါတယ်။

လက်ရှိ ပဲတီစိမ်းက တစ်ပိဿာကို ငွေကျပ် ၁၄၀၀ ကနေ ၂၂၅၀ ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်နီ ဈေးဆက်တိုက်တက်**

ကြက်သွန်နီဈေးကတော့ ဇွန်လဒုတိယပတ်ကနေ စတင်ပြီး ဈေးဆက်တိုက်ကို တက်လာနေပါတယ်။ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကို တင်ပို့မှုပိုများလာပြီး ပြည်တွင်းမှာလည်း အဝယ်များလာတဲ့အတွက် ဈေးက ဆက်တိုက် တက်နေခဲ့တာဖြစ်ပါတယ်။

ယခင်အပတ်နဲ့ နှိုင်းယှဉ်လိုက်ရင် တန်ချိန် ၁၅၀ နီးပါး တိုးလာတဲ့အတွက် ပြည်တွင်းမှာလည်း ဈေးကတက်လာခဲ့ပါတယ်။ လက်ကားဈေးကွက်မှာ လက်ရှိပေါက်ဈေးက တစ်ပိဿာကိုငွေကျပ် ၉၅၀ ကနေ ၁၄၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**မြေပဲဆန်ဈေးနှုန်းများကျဆင်း**

မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ မြေပဲဆန် ဈေးနှုန်းတွေကတော့ ကျဆင်းနေပါတယ်။ မြေပဲလုံးဆန်နီနဲ့ မြေပဲလုံးဆန်ဖြူကို ရန်ကုန်နဲ့ မန္တလေးက အဓိကဝယ်ယူနေပြီး မေလအတွင်းမှာ တစ်ပိဿာကို ၂၆၀၀ ကျော်အထိ ပေါက်ဈေးရှိခဲ့ပါတယ်။

ဇွန်လပထမပတ်ကနေစပြီးတော့ တဖြည်းဖြည်း ဈေးကျဆင်းခဲ့ပြီး လက်ရှိပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၁၉၅၀ ကနေ ၂၁၀၀ သာရှိပါတယ်။

**ပြောင်းဆန်ဈေးတက်**

လတော်တော်ကြာ အကျဈေးနဲ့ရှိခဲ့တဲ့ ပြောင်းဆန်က ဇွန်လပထမပတ်ကနေစပြီး ဈေးတက်လာခဲ့ပါတယ်။

ဒီ တစ်ပတ်မှာတော့ ပြောင်းဆန်က တစ်ပိဿာကိုငွေကျပ် ၅၀၀ အထိ ပေါက်ဈေးရှိနေပါတယ်။

## တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု လျော့ကျလာ


မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းကနေ အိန္ဒိယကို ကွမ်းသီးတင်ပို့မှု လျော့ကျလာတယ်လို့ ကွမ်းသီးကုန်သည်တွေထံက သိရပါတယ်။

"မေလနောက်ဆုံးပတ်ထဲက ကွမ်းသီးပို့တာကျလာတာ။ အခုချိန်အထိပဲ။ မိုးတွင်းဆိုတော့ကားတွေ သွားရလာရအဆင်မပြေတော့ အလာနည်းတယ်။ ကုန်သည်တွေ အရင်က ဝယ်ထားတဲ့ ကွမ်းသီးလောက်ပဲပို့နေရတယ်" လို့ တမူးကုန်သည်များ အသင်း အတွင်းရေးမှူး ဦးခင်မောင်တင့် ကပြောပါတယ်။

ယခင်လက အိန္ဒိယကို ကွမ်းသီးတန်ချိန် ၄၀၀၀နီးပါး ပို့နိုင်ခဲ့ပြီး အခုလ တတိယပတ်အထိ တန်ချိန်သုံးထောင်ကျော်ပို့ထားနိုင်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်ထွက် ကွမ်းသီးတွေ အဝင်များပြီးတော့ စိုက်ဧကတစ်သိန်းခွဲနီးပါးရှိတယ်လို့ သိရပါတယ်။

အိန္ဒိယဘက်က စီးကရက်၊ အဝတ်အထည်၊ ဂျုံမှုန့်၊ ပဲရာဇာ၊ ချွတ်ဆေးတွေကို သွင်းကုန်အနေနဲ့ တင်သွင်းပါတယ်။ ကွမ်းသီးတစ်ပိဿာကို ခြောက်ထောင်ခန့် ဈေးပေါက်နေပါတယ်။ ကွမ်းသီးတင်ပို့ရာမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကင်းလွတ်သည့် ထောက်ခံစာ၊ လုပ်ငန်းလိုင်စင်ထောက်ခံစာရယူရတယ်လို့ သိရပါတယ်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ကေဇူး**(AMIA)



# တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်မှ တောင်သူလယ်သမားများအား အကျိုးပြုနေသည့် ခပေါင်းရေလှောင်တမံ

**တင်လှိုင်(မိတ္ထီလာ)**



မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဟု ဆိုနိုင်သော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ နွေစပါး၊ မိုးစပါး ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခဲ့သည်။ အဆိုပါ ဆည်မြောင်း၊ တာတမံများအနက် တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းရှိ ခပေါင်းရေလှောင်တမံမှာ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်မှ တောင်သူလယ်သမားများအား အကျိုးပြုနေသည့် တမံတစ်ခုဖြစ်သည်။ ခပေါင်းရေလှောင်တမံ စီမံကိန်းကို ၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ပြီးစီးခဲ့ပြီး တူးမြောင်းနှင့် ဆည်ရေသောက်စနစ်များမှာ ၂၀၁၆ ခုနှစ်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ဝင်ငွေတိုးတက်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်ရွယ်ချက်ဖြင့် ခပေါင်းရေလှောင်တမံ စီမံကိန်းကို တည်ဆောက်ခဲ့ပြီး အုတ်တွင်းမြို့နယ်တွင် ခပေါင်းချောင်းကိုပိတ်၍ ရေလှောင်တမံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ ၄၁၈ စတုရန်းမိုင်ဖြစ်ပြီး တမံအချိုးအစားမှာ မြေသားတမံဖြစ်ကာ တမံအမြင့်မှာ ပေ ၂၀၀ ဖြစ်သည်။ တမံအလျားမှာ ပင်မတမံ ပေ ၉၂၀၊ ကုန်းကျောတမံ ပေ ၈၀၀ ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၈၇၅၇၀ ဖြစ်သည်။ ရေလွှဲဥမင်အချင်း ၁၃ ဒသမ ၁၂ ပေ၊ အလျားပေ ၁၂၀၀၊ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် Ogee Type ဖြစ်သည်။ ရေပိုလွှဲ အကျယ် ၁၀၆ ပေ၊ ရေပိုလွှဲအလျားပေ ၉၀၀ ရှိသည်။

လက်ဝဲတူးမြောင်းမကြီးမှာ တောင်ငူမြို့နယ်အတွင်း ၁၅ ဒသမ ၇၇ မိုင်နှင့် လယ်ယာတူးမြောင်းမကြီးမှာ အုတ်တွင်းမြို့နယ်အတွင်း ၃၀ ဒသမ ၆၃ မိုင်ရှိပြီး လက်ယာလက်တံမြောင်း ၂၉ ဒသမ ၃၀ မိုင်၊ လက်ဝဲလက်တံမြောင်း ၁၁ ဒသမ ၄၉ မိုင်ဖြစ်သည်။ ဆည်ရေသောက်ဧရိယာမှာ တောင်ငူမြို့နယ်အတွက် လက်ဝဲတူးမြောင်းမကြီးမှ ၁၃၂၈၆ ဧကနှင့် အုတ်တွင်းမြို့နယ်အတွက် လက်ယာတူးမြောင်းမကြီးမှ ဧက ၄၀၀၀၀ စုစုပေါင်း ၅၃၂၈၆ ဧက ဖြစ်သည်။

ခပေါင်းရေလှောင်တမံမှ ဆည်ရေများဖြင့် တောင်သူလယ်သမားများအား စည်းရုံး၍ အဆင့်မြင့်လယ်ယာများ ဖော်ထုတ် ဆောင်ရွက်နေသည်။ တောင်သူလယ်သမားများ ပူးပေါင်းပါဝင်မှုဖြင့် အင်ဒိုင်းရွာနှင့် ပုကုန်းကျေးရွာတွင် အဆင့်မြင့်လယ်ယာဧက ၃၀၀၊ အုတ်တွင်းမြို့နယ်၊ ပိတောက်ခင်ကျေးရွာတွင် အဆင့်မြင့်လယ်ယာ ၂၀၈ ဧက၊ အုတ်တွင်းမြို့နယ် ရေလျှံကျေးရွာအနီးတွင် အဆင့်မြင့်လယ်ယာ ၁၀၃ ဧကတို့ကို စိုက်ပျိုးထားပြီးဖြစ်သည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို "တမံကိုဆောက်၊ မြောင်းကိုဖောက်၊ အရောက်ရေကြည့် စိုက်ခင်းဆီသို့" ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားများ စိုက်ပျိုးထားသော လယ်မြေအရောက် ရေများခွဲဝေပေးခြင်း၊ သွယ်ယူခြင်း၊ ရေသွယ်မြောင်း၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများကို ထိန်းညှိပေးခြင်း၊ ရေလိုအပ်ချက် တွက်ချက်ခြင်းနှင့် တိုင်းတာခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ ရေပေးဝေရာတွင် ရေလိုအပ်ချက်ကို အချိန်ကိုက်ပေးဝေနိုင်ခြင်း၊ ရေပေးဝေမည့် သတ်မှတ်ဧရိယာအားလုံးသို့ အညီအမျှ ပေးဝေနိုင်ခြင်း၊ ရေသွင်းစိုက်ပျိုးရေးအတွက် ရေပေးဝေမှုသက်ရောက်မှုနှုန်းကို အကျိုးသက်ရောက်မှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် တိုးတက်နေသော စိုက်ပျိုးရေးနည်းစနစ်များကို အခြေခံ၍ ရေသွင်းစိုက်ပျိုးရေးမှ သီးနှံအထွက်နှုန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် ရေစီမံခန့်ခွဲမှုတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့်အတူ ပြုပြင်ထိန်းသိမ်းစရိတ် ကုန်ကျငွေကိုလည်း အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေသည်။

ခပေါင်းရေလှောင်တမံမှ တောင်ငူမြို့နှင့် အုတ်တွင်းမြို့နယ်ရှိ တောင်သူလယ်သမားများအား မိုးစပါး၊ နွေစပါး စိုက်ပျိုးရေအပြင် တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ဆည်ရေများ ပေးဝေလျက်ရှိရာ အဆိုပါမြို့နယ်များ၏ လယ်ယာထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်လာခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြပြီဖြစ်သည်။ ထို့အပြင် ခပေါင်းရေလှောင်တမံသည် လယ်မြေများကို ရေနစ်မြုပ်စေသည့် ရေဘေးအန္တရာယ်မှလည်း ကင်းဝေးစေသလို တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များရှိ သဘာဝ ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်ကာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း အကျိုးပြုလျက်ရှိနေပေသည်။ ။

# မင်းကွတ်သီးများ ဈေးကောင်းရသော်လည်း ဈေးကွက်သို့အဝင်နည်းနေ

**ရေး ဇွန် ၂၅**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသထွက်ကုန် ရာသီပေါ်မင်းကွတ်သီးမှာ ဈေးကွက်အတွင်း ဈေးကောင်းရရှိနေသော်လည်း အထွက်နှုန်းနည်းမှုကြောင့် တစ်ရက်ထက်တစ်ရက် ဈေးကွက်သို့ အဝင်နည်းလာလျက်ရှိကြောင်း ရေးမြို့နယ်ရှိ သစ်သီးရောင်းဝယ်သူများထံမှ သိရသည်။



ရေးမြို့နယ် သစ်သီးဈေးကွက်တွင် ပြီးခဲ့သည့်နှစ် ယခုအချိန်က တစ်နေ့လျှင် ပျမ်းမျှ မင်းကွတ်သီးအလုံးရေ ငါးသောင်းအထက် ဝင်ရောက်သော်လည်း ယခုနှစ်တွင် မင်းကွတ်သီးအဝင်မှာ ထက်ဝက်နီးပါးလောက်အထိ ကျဆင်းလျက်ရှိကြောင်း သစ်သီးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

မင်းကွတ်သီးများ ဈေးကွက်သို့ အဝင်နည်းလာခြင်းမှာ ပြီးခဲ့သည့်လများအတွင်း ရာသီဥတုအပူချိန် မြင့်တက်ခဲ့ခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းလာ၍ဖြစ်ကြောင်း၊ မင်းကွတ်သီးစိုက်ပျိုးသည့်ခြံများတွင် အသီးထွက်ရှိမှုကျဆင်းလာသလို အသီးများမှာလည်း အရည်အသွေးမမီသဖြင့် ဈေးကွက်သို့ အဝင်မှာ မရှိသလောက် နည်းလာခြင်းဖြစ်ကြောင်း ခြံရှင်တစ်ဦးဖြစ်သူ ဒေါ်အေးသိန်းက ပြောသည်။

လက်ရှိ ရေးမြို့နယ်ဈေးကွက်တွင် မင်းကွတ်သီးပေါက်ဈေးမှာ တစ်လုံးလျှင် ၁၃၀ ကျပ်ဝန်းကျင်ရှိပြီး ယခင်နှစ်က တစ်လုံးလျှင် ငွေကျပ် ၆၀ ခန့်သာ ရသဖြင့် ဈေးနှုန်းအနေဖြင့် တစ်ဆခန့် ပိုရနေကြောင်း၊ ရေးမြို့နယ်မှထွက်သော မင်းကွတ်သီးများကို ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့် မူဆယ်ဈေးကွက်များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



# ငါးရှဉ့် ဈေးနှုန်းကျဆင်း၍ ငါးဖမ်းသူများတွက်ခြေမကိုက်

**ရေတာရှည် ဇွန် ၂၅**

တရုတ်ဈေးကွက်၏ ဝယ်လိုအားအပေါ် တည်မှီနေသော ငါးရှဉ့်ဈေးကွက်မှာ ယခုမိုးရာသီ၌ ဈေးနှုန်းဆက်လက်ကျဆင်းလျက်ရှိသဖြင့် ရေတာရှည်မြို့နယ်အတွင်းမှ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများအနေဖြင့် တွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။

ပြီးခဲ့သော နွေရာသီကာလအတွင်းက ငါးရှဉ့်ဖမ်းမိမှုနည်းသော်လည်း ဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ်ရှစ်ထောင်ဝန်းကျင်အထိရှိခဲ့ပြီး ယခု မိုးရာသီကာလ ငါးရှဉ့်အဝင်များချိန်တွင် ဈေးကွက်ဝယ်လိုအားရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ နှုန်းဖြင့်သာ ဝယ်ယူကြောင်း သိရသည်။ ရေတာရှည်မြို့ရှိ ငါးရှဉ့်အဝယ်ဒိုင်လုပ်ကိုင်သူတစ်ဦးက "နွေတုန်းကတော့ ငါးရှဉ့်က အရကလည်း နည်းတယ်။ ဝယ်လိုအားကို လိုက်မရောင်းနိုင်တော့ ဈေးကောင်းရတယ်။ အခု မိုးရာသီကျတော့ ငါးရှဉ့်အဝယ်က များတယ်။ ဒါပေမယ့် မူဆယ်ဈေးကွက်မှာ တင်ပို့ရောင်းချမှု အလွန်များနေတော့ ဈေးကျသွားတာ နေ့တိုင်းလိုလိုကျနေတယ်"ဟု ပြောသည်။

ကျေးလက်ဒေသနေ လက်လုပ်လက်စားအများစုမှာ ငါးရှာဖွေရောင်းချခြင်းအပြင် ငါးရှဉ့်ရှာဖွေဖမ်းဆီးခြင်းကိုလည်း အပိုဝင်ငွေရသော အလုပ်တစ်ခုအနေဖြင့် လုပ်ကိုင်ကြကာ ယခုနောက်ပိုင်း ငါးရှဉ့်ဖမ်းဆီးကြရာတွင် ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးခြင်းက များလာသည့်အတွက် ဈေးကွက်ဝင်သည့်ငါးရှဉ့်များကို ရှာဖွေရန် ခက်ခဲလာလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုးပဲတီစိမ်းများ စတင်ရိတ်သိမ်းချိန်တွင် ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ယခုနှစ်မိုးရာသီ စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်းတချို့ကို စတင်ရိတ်သိမ်း ခူးဆွတ်နေကြပြီဖြစ်ကာ စိုက်ပျိုးချိန်က အပင်များအတွက် ပိုးသတ်ဆေးဖိုးများနှင့် လုပ်အားခအရင်းအနှီးများ မြင့်တက်ခဲ့ခြင်းကြောင့် ယခု သီးနှံပေါ်ဦးပေါ်ဖျားအချိန်တွင် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"အခုပေါ်တဲ့ပဲတီစိမ်းကတော့ နှစ်လခွဲသီးနှံပါ။ နှစ်လကျော်တာနဲ့ စတင်ခူးလို့ရတော့ အခုကျွန်တော်တို့ သိမ်းဆည်းခူးနေပါပြီ။ ပဲတီစိမ်းက တစ်ခါတည်းနဲ့ ခူးဆွတ်လို့ပြီးတဲ့အသီး မဟုတ်ဘူး။ နောက်ထပ်အသီးတွေ ထပ်သီးတဲ့အတွက် နောက်အသီးတွေ ထပ်ဆွတ်ရပြီဆိုရင် သုံးလလောက် ကြာသွားတယ်။ ဘာပဲပြောပြော ပဲတီစိမ်းက အခြားသီးနှံတွေထက် ငွေရမြန်တယ်။ ရာသီဥတုကောင်းရင်ကောင်းသလို နောက်အသီးတွေက လိုက်တယ်"ဟု တပ်ကုန်းမြို့နယ် ကျားသေအိုင်းကျေးရွာမှ ပဲတီစိမ်း သုံးဧကခန့် စိုက်ပျိုးထားသူ ဦးမြင့်စိုးက ပြောသည်။

"အခုလောလောဆယ်ကတော့ ကြားရတာနဲ့ ရောင်းရတာနဲ့တော့ ဈေးနှုန်းက ကွာနေသေးတယ်။ ကြားနေတာက အမြင့်ဆုံး တစ်တင်းကို ငွေကျပ် ၄၅၀၀၀ ဝန်းကျင်အထိ ပေါက်နေတယ်လို့တော့ ကြားရတယ်။ ရာသီဥတုကြောင့်လားတော့ မသိဘူး။ ၃၀၀၀၀ ကျော်လောက်ပဲ ပြန်ဖြစ်နေတယ်လို့သိရတော့ ကြားရတဲ့ဈေးနှုန်းကတော့ မတည်ငြိမ်ဘူး။ ပြန်ကျနေတယ်လို့လည်း ကြားရတယ်"ဟု ၎င်းက ဆက်ပြောသည်။

ပဲတီစိမ်းသည် အချိန်တိုနှင့် ငွေရမြန်သည့်အပြင် အခြားသီးနှံများထက် အရင်းအနှီးနည်းသဖြင့် တပ်ကုန်းမြို့နယ်အတွင်းမှ တောင်သူများက ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးလာကြသော်လည်း ရာသီဥတုအခြေအနေအရ အပင်ကြီးထွားဆေး၊ ပိုးသတ်ဆေးများကို သာမန်ထက်ပိုပြီး ဈေးကြီးပေးဝယ်ကာ အသုံးပြုခဲ့ရသဖြင့် ထင်ထားသလောက် အမြတ်အစွန်းမရကြောင်း သိရသည်။

"ပြီးခဲ့သည့်နှစ်ကထက်တော့ ဈေးနှုန်းက အနည်းငယ်ကောင်းတယ်လို့ ပြောလို့ရတယ်။ ကောင်းတယ်ဆိုပေမယ့် ကုမ္ပဏီတွေဆီကပြန်ဝယ်ရတဲ့ ပိုးသတ်ဆေးဖိုးတွေ ဈေးမြင့်တော့ ကျွန်တော်တို့အတွက် အမြတ်အစွန်းက ထင်သလောက် မကျန်တော့ဘူး။ တစ်တင်း ငွေကျပ် ၄၀၀၀၀ ကျော်အထိဆိုရင်တော့ တောင်သူအတွက် တွက်ခြေကိုက်တယ်လို့ ပြောလို့ရပါတယ်"ဟုလည်း ဦးမြင့်စိုးက ဆိုသည်။

ယခုနှစ် ပဲတီးစိမ်းပေါ်ချိန် ပေါက်ဈေးအတွက် ရတက်မအေးဖြစ်နေရချိန်တွင် သီးနှံများကို အချိန်မီ ရိတ်သိမ်းခူးဆွတ်ရန် နေ့စား အလုပ်သမားရှားပါးမှုနှင့် အလုပ်သမားခများ မြင့်တက်နေမှုကလည်း တောင်သူများအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့နေရသည်။ အလုပ်သမားခမှာ တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၄၀၀၀ ခန့် အနည်းဆုံးပေးရပြီး ပဲတီစိမ်းတစ်ဧကေ အချိန်မီရိတ်သိမ်းခြင်းအတွက် အလုပ်သမား ၁၀ ဦးခန့် ခေါ်ရသဖြင့် တောင်သူများအနေဖြင့် ဈေးကောင်းရရန်သာ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်လွင် (တပ်ကုန်း)၊ ဓာတ်ပုံ-မောင်မွေး**



ပဲတီစိမ်းခူးဆွတ်နေသော အလုပ်သမားတစ်ဦး

# ထိန်ညိုတောင်ကိုကျော်၍ နာဂသွေးချင်းများရှိရာဆီသို့

**မြင့်စိုး (နတလ)**

လဟယ်ဆိုသည့် အသံကြားလိုက်သည်နှင့် တော်တော်များများက တွန့်သွားတတ်ကြသည်။ သွားလေရာ့ လဟယ်ဆိုသည့် စကားစုနှင့်တွဲဖက်၍ ဝိသေသပြုလိုက်သောအခါ လဟယ်ဆိုသည်မှာ အလွန်ဝေးလံသော၊ အလွန်ခေါင်ဖျားသော၊ အလွန်သွားလာရခက်ခဲသော နေရာဒေသတစ်ခုအဖြစ် မြင်သွားတတ်ကြသည်။ တွေးထင်သွားတတ်ကြသည်။ စိုးရိမ်ပူပန်မှုတွေ မြင့်တက်သွားတတ်ကြသည်။ သောကတွေ ဝေသွားတတ်ကြသည်။ သို့သော်... လက်ရှိလဟယ်မြို့အနေအထားကို ရောက်ဖူးသူများ၊ ခန္တီး-လဟယ်လမ်းကို သွားလာဖူးသူများအနေဖြင့်မူ သွားလေရာ့လဟယ်ဆိုသည့် စကားစုသည် လဟယ်မြို့ လဟယ်ဒေသကို ရည်ညွှန်းသုံးစွဲခြင်းမဟုတ်ကြောင်း ကောင်းစွာသိရှိနေကြပြီဖြစ်သည်။ စင်စစ်သော်ကား သွားလေရာ့လဟယ်ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို အဝေးသို့စွန့်ပစ်လိုက်ချိန် ၊ လွှင့်ပစ်လိုက်ချိန် မြည်တမ်းရေရွတ်မိသော စကားစုတစ်ခုပင်ဖြစ်သည်။ လဟယ်မြို့နှင့် မသက်ဆိုင်ပါ။

ယခင်က လဟယ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ အလွန်ဆိုးရွားခဲ့သည်မှာလည်း မှန်ကန်ပါသည်။ လဟယ် နှင့် ခန္တီးကြားနှစ်ညအိပ် သုံးရက်ခရီးဖြင့် လမ်းလျှောက်သွားလာကြရသည်ဆို၏။ ယခုတစ်ခေါက်ခရီးစဉ်၌ ကျွန်တော်တို့အဖွဲ့ကို ကိုယ်တိုင်ကားမောင်းပို့ရင်း လဟယ်မြို့သို့ကူညီလိုက်ပါလာသော ဦးဆန်းမိုး (ခရိုင်ဦးစီးမှူး၊ ခန္တီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန)က သူလဟယ်မြို့၌ စတင်တာဝန်ထမ်းဆောင်သည့် ၂၀၀၂ ခုနှစ် အခြေအနေသည် ပင်လျှင် ထိန်ညိုတောင်အဆင်းမှနေ၍ မွန်ထွေကျေးရွာကို လှမ်း၍မြင်နေရသည့်တိုင် လျှောက်ရင်းလျှောက်ရင်းလျှို့ထဲ၌ တစ်ညအိပ်ခဲ့ဖူးကြောင်း အမှတ်တရပြန်လည်ပြောပြသည်။ သူသည် မိမိတို့နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ၏ အမှတ်စဉ် (၁) ကျောင်းဆင်းတစ်ဦးဖြစ်၏။ နာဂတိုင်းရင်းသားလူငယ်တစ်ဦးအနေဖြင့် နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွထမ်းဆောင်နေကြောင်းတွေ့မြင်ရ၍ ဝမ်းသာမိသည်။

နာဂဒေသ လဟယ်မြို့သို့ သွားရာလမ်းဖြစ်သော ဆင်သေ-လဟယ်လမ်း (၅၃/၀) မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာပင် ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးထားပြီးဖြစ်သည်။ ထိုနှစ် လဟယ်မြို့၌ ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ထိုလမ်းအတိုင်း အဆင်ပြေပြေသွားလာနိုင်ခဲ့ပါသည်။ ဝေးလှသည်ဟုမဆိုသာ။ ယခုအခါ ချင်းတွင်းတံတား (ခန္တီး) ကို တည်ဆောက်နေပြီဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် ပြီးစီးသွားပါက ခန္တီး-ဆင်သေ-လဟယ်လမ်းသည် ပို၍ပို၍ခရီးတာတိုသွားမည်ဖြစ်သည်။ သို့သော်တောင်ပေါ်လမ်းတို့ ထုံးစံအတိုင်း မိုးတွင်းကာလ အချို့နေရာလေးများတွင် မြေပြိုကျတတ်သော နေရာအနည်းငယ်ရှိနေပါသေးသည်။ ဒါကလည်း လဟယ်လိုနေရာမျိုးကိုမဆိုထားနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့မှ ကွမ်းလုံမြို့သို့သွားရာလမ်း၌ သဲတောင်လိုနေရာမျိုးတွင် သဘာဝအလျောက် မြေပြိုကျမှုများကို ကြုံတွေ့နေရဆဲမို့ ထူးဆန်းသည်တော့မဟုတ်လှပါ။



အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ခန္တီးမြို့)

ထို့အပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြေကော်စက်ငယ်လေးများကို လောင်ဝေါက်နှင့် စံပြကျေးရွာများ၌ ထားပေးကာ မြေပြိုသည်ကို သိလျှင်သိချင်း လာရောက်ရှင်းလင်းဖယ်ရှားပေးလျက်ရှိကြောင်း သိရသည်။

ထိန်ညိုတောင်နှင့်ပတ်သက်၍မူ နောင်တော်ကြီး ဦးစိုးတင့် ( ပါမောက္ခချုပ်- ငြိမ်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) က တိမ်တွေငိုသည့် ထိန်ညိုတောင်ဟု အမှတ်တရဆိုခဲ့ဖူးသည်။ အမြင့်ပေ ၅၀၀၀ ဆိုသည်မှာ အလွန်မြင့်မားလှသည်မဟုတ်သော်ငြား သူပြောသည့်အတိုင်း တိမ်စိုင်တိမ်ခဲအချို့ကတောင်ဘေးမှာ ဝေ့ဝိုက်တွဲခိုနေကြသည်။ မိုးရွာပြီးစဖြစ်၍ ပြင်ဦးလွင်ရာသီဥတုနှင့် နင်လားငါလား အေးမြသောအထိအတွေ့ကို ခံစားရသည်မှာလည်း သဘောကျစရာပင် ကောင်းနေသေးတော့။ သောက်ရေသုံးရေအတွက် အခက်အခဲမရှိပါမူ ထိုနေရာ၌ View Point များကို လှလှပပဖန်တီးကာ စားသောက်ဆိုင်လေးများဖြင့် ဝန်းရံလိုက်ပါက ထိန်ညိုတောင်သည် ပို၍ပို၍ သာယာလှပသွားမည်မှာ မလွဲပေ။ ရခိုင်ဒေသမှ တနင်္သာရီဒေသသို့ ပြောင်းရွှေ့သွားသော ညီတော်မောင် ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်ကမူ ထိန်ညိုတောင်၏ အမြင့်ပေ ၄၉၉၇ ကို ၃ ပေမြေကြီးထပ်ဖို့လိုက်လျှင် အမြင့်ပေ ၅၀၀၀ ဖြစ်သွားပြီး မှတ်သားရလွယ်ကူသွားမည်ဖြစ်ကြောင်း ရီစရာမောစရာ ပြောခဲ့ဖူး၏။ ယခုတစ်ခေါက်နှင့်ဆိုလျှင် ထိန်ညိုတောင်သို့ မော်တော်ကားဖြင့် အသွားအပြန် ၅ ကြိမ်၊ ၂၀၁၆ ခုနှစ် နာဂပွဲတော်မှအပြန် ရဟတ်ယာဉ်အကြုံဖြင့် တစ်ကြိမ် စုစုပေါင်းခြောက်ကြိမ် ကျော်ဖြတ်ခဲ့ဖူးသည်ဖြစ်ရာ ငယ်စဉ် တပ်မတော်သားဘဝက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်ဒေသရှိ ဆင်တောင်ကြီးအား ခေါင်းပိုင်းကဖြတ်လိုက်၊ အမြီးပိုင်းကဖြတ်လိုက်လုပ်ခဲ့ကြရသည်ကို ပြေး၍မြင်ယောင်မိသည်။

ဇွန် ၁၂ ရက် မွန်းလွဲပိုင်း၌ လဟယ်မြို့သို့ရောက်ရှိခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းအားသွားရောက်တွေ့ဆုံနှုတ်ဆက်ကာ လဟယ်ဒေသ၌ မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကဖွင့်လှစ်ထားသော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူလေးများနှင့်တွေ့ဆုံပြီး လာမည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ သင်တန်းကျောင်းအုပ်နှင့် နည်းပြများက Guardian System ကို ကောင်းစွာ ကျင့်သုံးပြီး တိုင်းရင်းသားကလေးငယ်များအား လေ့ကျင့်ပျိုးထောင်ပြုစုစောင့်ရှောက်ရေး မှာကြားခဲ့ပါသည်။ လဟယ်မြို့သို့ရောက်ရှိခိုက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ကာ အဆင့်မြင့်စက်ချုပ်နှင့် အခြေခံစက်ချုပ်သင်တန်းများ တက်ရောက်နေကြသော သင်တန်းသူများကို တွေ့ဆုံပြီး ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးနေသော ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းသို့ တက်ရောက်ခွင့်ရပါက သွားရောက် သင်ယူကြရန်၊ ထိုမှ အထည်ချုပ်ကုမ္ပဏီများနှင့် ချိတ်ဆက်ထားသော အလုပ်အကိုင်အခွင့်အလမ်းများကို ရယူကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။ အပြန်ခရီး၌ ခန္တီးမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကိုလည်းသွားရောက်ခဲ့ရာ ထိုကျောင်းတွင် တက်ရောက်နေသော သင်တန်းသူများထဲ၌ ဘွဲ့ရအမျိုးသမီးငယ်လေးတစ်ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူခုနစ်ဦးတို့ကပါ အိမ်တွင်းမှုပညာရပ်များကို စိတ်ပါဝင်စားစွာလေ့လာသင်ယူလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နာဂဒေသတွင် မြို့နယ်သုံးမြို့နယ်ရှိသည့်အနက် လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့ကို ရောက်ဖူးပြီး နန်းယွန်းမြို့နယ်ကိုမူ မရောက်ဖူးသေးပါ။ ထိုနန်းယွန်းမြို့နယ်အတွင်းမှ နာဂတိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များတည်ရှိရာ တကားဒေသကိုမူ တစ်မြန်နှစ်က ရောက်ခဲ့ပြီးဖြစ်၏။ သို့သော် သွားချင်နေသောလမ်းကြောင်းမှာ လဟယ်-ဒုံဟီးကားလမ်း (၆၀/၀)မိုင်၊ ဒုံဟီး-နန်းယွန်း (၄၀/၀) မိုင်နှင့် ထိုမှ နန်းယွန်း-ပန်ဆောင် (၃၄/၀)မိုင် ခရီးများဖြစ်ပါသည်။ သို့သော်ငြားလည်း ကျွန်တော်သွားမိသော အချိန်ကာလက မိုးတွင်းကြီးလုံးလုံးဖြစ်သွားပြီဖြစ်၍ လဟယ်မှ ဒုံဟီးသို့ ခရီးဆက်ရန်ပင် မဖြစ်နိုင်တော့ပါ။ ယခုတစ်ကြိမ်မရောက်နောက်တစ်ခေါက်ပေါ့ဟူ၍သာ စိတ်ဖြေလျက် လဟယ်မှ လှည့်ပြန်ခဲ့ရသည်။ နာဂနှစ်သစ်ကူးပွဲတော်ကာလ၌ သွားခဲ့သော လဟယ် -ဒုံဟီးလမ်းပေါ်က မကျန်ကျေးရွာသို့လည်း ဒုတိယအကြိမ်ရောက်ခွင့်မကြုံတော့။ ထို မကျန်ကျေးရွာလေး၌ အမြီးဖြတ်ထားသော ခွေးကလေးများတွေ့ရသောကြောင့် မြီးတိုလေးတို့နေတဲ့ရွာအမည်ဖြင့် ကျွန်တော် ဆောင်းပါးရေးခဲ့ဖူးပါသည်။

လဟယ်မြို့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကယ် ၊ နာဂဦးစီး အဖွဲ့ဝင် ဦးကာစီရန်းတို့နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေးခဲ့သလို ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဆားမူကိုလည်း တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ကျွန်တော်၏ ကိုယ်ပိုင်ခံယူချက်တွင် NLD ၊ ပြည်ခိုင်ဖြိုးဟူ၍ ခွဲခြားမှုမရှိ၊ အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား စိတ်နှစ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့အတူ မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မည်သည့်လူမျိုး၊ မည်သည့်ဒေသ၊ မည်သည့်ငြိမ်းချမ်းရေးအဖွဲ့အစည်းဟူ၍ မခွဲခြား၊ အားလုံးကိုတိုင်းရင်းသားဟူသောအမြင်ဖြင့် တစ်ပြေးညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိဖို့ပဲ လိုအပ်ပါသည်။ အဓိကကျပါသည်။

ခန္တီးမြို့တစ်ဖက်ကမ်းရှိ ဆင်သေမှ နန့်ဖာသို့ မိမိတို့ဝန်ကြီးဌာနကဖောက်လုပ်ပေးထားသော မြေလမ်း(၁၃/၀)မိုင်ကို နာဂဦးစီးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဦးရှုစံကြူးနှင့်အတူ မိုးသည်းသည်းကြားကပင် သွားရောက်ကြည့်ရှုဖြစ်ခဲ့သေး၏။ လမ်းဘေးဝဲယာ၌ ဒညင်းစိုက်ခင်းကြီးများရှိနေကြပြီး ယခုဖောက်လုပ်ပေးသော လမ်းမှတစ်ဆင့်သွားလာခူးဆွတ်ရောင်းဝယ်ဖောက်ကားနိုင်ကြပြီဖြစ်၍ ဒေသခံတိုင်းရင်းသားများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ ဇွန် ၁၄ ရက် ခန္တီးမှ အပြန်လေဆိပ်တွင် ကျွန်တော်စီးမည့် လေယာဉ်နှင့် လိုက်ပါလာသော နတလဝန်ထမ်းအသစ်လေးဦးနှင့် ဆုံလိုက်သေး၏။ မိန်းကလေးနှစ်ဦးက လဟယ်၊ ကျန်တစ်ဦးက ခန္တီး ၊ ယောက်ျားလေး တစ်ဦးက လေရှီးမြို့၌ သွားရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ လဟယ်သို့သွားရောက်မည့် မိန်းကလေးဝန်ထမ်းနှစ်ဦးအား လဟယ်ဆိုသည်မှာ ၂၄ နာရီမီးလင်းသော၊ တယ်လီဖုန်းလိုင်းများ ကောင်းမွန်သော၊ ဒေသခံတိုင်းရင်းသားများကလည်း ချစ်စရာကောင်းသော ၊ လမ်းပန်းဆက်သွယ်ရေးမဝေးလှသောမြို့ဖြစ်သောကြောင့် သွားလေရာ့ လဟယ်မဟုတ်တော့သည့်အကြောင်း အားပေးစကားပြောကြားခဲ့သည်။ ကျွန်တော်ထင်ပါသည်၊ သည်ကလေးနှစ်ယောက်လည်း ထိန်ညိုတောင်ပေါ်ရောက်ရင် ပျော်ရွှင်ကြည်နူးသွားလိမ့်မည်ဟူ၍။

## အခြေခံပညာကျောင်းများသို့ ထိုင်ခုံများလှူဒါန်း




**ကာမိုင်း ဇွန် ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့တွင် ဇွန် ၂၂ ရက်က ကာမိုင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကာမိုင်းမြို့အတွင်းရှိ အခြေခံပညာကျောင်းများသို့ ရတနာဆင်သီရိကုမ္ပဏီမှ လှူဒါန်းသော ပလတ်စတစ်ထိုင်ခုံ ၂၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးခေတ္တ ဦးသန်းထိုက်က ထိုင်ခုံများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး သက်ဆိုင်ရာကျောင်းအုပ်များနှင့် အုပ်ချုပ်ရေးမှူးတို့က ပလတ်စတစ်ထိုင်ခုံ များအား ပေးအပ်ခဲ့ရာ အ.ထ.က (ကာမိုင်း) ကာမိုင်းမြို့အလုံး ၆၀၊ အ.လ.က (မြို့မ-၂) ကာမိုင်းမြို့အလုံး ၄၀၊ အ.ထ.က (ခွဲ) နန်ယားအလုံး ၂၀ လုံး၊ အ.လ.က (လွယ်ဆိုင်) ကထန်ယန်အလုံး ၂၀၊ အ.လ.က(ခွဲ) ကထန်ယန်အလုံး ၂၀၊ အ.လ.က(ခွဲ) ဂေါ်ရီအလုံး၂၀၊ အ.လ.က (ခွဲ)(ဆိုင်ဖရာ) ကပ်မော်ဇွပ်အလုံး၂၀၊ စုစုပေါင်းအလုံး ၂၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဘိန်းအစားထိုးသီးနှံအဖြစ် ပုလဲသွယ်လယ်စပါးမျိုးစေ့များပေးအပ်

**တီးတိန် ဇွန် ၂၅**

ချင်းပြည်နယ်ဖလမ်းခရိုင် တီးတိန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ကိမ်းလိုင်ကျေးရွာနှင့် ဒိမ်ဇန်ကျေးရွာတို့အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံမျိုးစေ့၊ ပျိုးပင်များအဖြစ် ပုလဲသွယ်စပါးမျိုးစေ့အခမဲ့ပေးအပ်ပွဲကို ဇွန်လတတိယပတ်က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဒေါင့်ခန်နန်က တစ်မျိုးသားလုံးလူညွှန့်တုံးစေသည့် ကောင်းကျိုးမပေးသော ဘိန်းစိုက်ပျိုးမည့်အစားလူမှုစီးပွားဘဝဝမ်းစာဖူလုံစေသည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများထားရှိရေးနည်းပညာများ၊ သီးနှံပုံစံစိုက်ပျိုးနည်းစနစ်၊သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ် ၁၄ ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်အောင်မြင်မှု နည်းလမ်းအဆင့်ဆင့်၊ မြေသြဇာအချိန်ကိုက် ထည့်သွင်းရခြင်း၏ အကျိုးကျေးဇူးစသည့် သိကောင်းစရာများကို ဟောပြောဆွေးနွေးရှင်းလင်းခဲ့သည်။

ထို့နောက် အဆိုပါ ကျေးရွာနှစ်ရွာအတွက် ပုလဲသွယ်လယ်စပါးမျိုးစေ့ ကီလို ၇၀၀ အား ဖလမ်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တီးတိန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးမှူးတို့က ဧက ၁၀၀ အတွက် တောင်သူ ၅၀ တို့ထံ လက်ရောက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

### ဖခင်အမည်မှန်

သထုံမြို့၊ အထက(သျှောင်ချောင်း)၊ နဝမတန်းမှ နော်မုဒါးချစ်၏ ဖခင်အမည်မှန်မှာ ဦးရွှေလှဝင်း၁၀/သထန(နိုင်)၂၇၀၂၂၀ဖြစ်ပါကြောင်း။

**ဦးရွှေလှဝင်း**

### အမည်မှန်

ရှမ်းပြည်နယ်၊ သိန္နီမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးစိုင်းရွှေဟန်၏ သမီးအမည်မှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်အရ နန်းစံမွှမ်းလှိုင်း ၁၃/သနန(နိုင်) ၀၂၃၆၉၇ ဖြစ်ပါကြောင်း။

**နန်းစံမွှမ်းလှိုင်း**

### အမည်မှန်

ဘားအံမြို့၊ အထက(၁) ပဉ္စမတန်း(A)မှ (ဘ)ဦးမောင်ကြီး၏ သမီး မစင်သွန်းသွန်းအိမ်၏ အမည်မှန်မှာ မဇင်ဖြိုးသူဖြစ်ပါကြောင်း။

**မဇင်ဖြိုးသူ**

### အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ကန်ကလေးကျေးရွာအုပ်စု၊ ကန်ကလေးကျေးရွာနေ ဦးဇော်ဇော် ၁/မကတ(နိုင်)၁၁၁၇၂၀-ဒေါ်တင်တင်ဦး ၇/ကတခ(နိုင်)၁၁၀၅၁၂ တို့၏သမီး မဖြိုးသဉ္ဇာ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဖြိုးသန္တာဖြစ်ပါသည်။

**မဖြိုးသန္တာ**

### အမည်ပြောင်း

ညောင်ဦးမြို့၊ အမက(၆) တက်သိမ်း စတုတ္ထတန်းမှ (ဘ) ဦးမြမင်း ၉/မထလ(နိုင်)၂၁၈၆၄၅၏ သမီး မစုစုစန္ဒီအား မစုစုစံနီဟု ပြောင်းလဲခေါ်ပါရန်။

**မစုစုစံနီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၂၉၅၀ Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိန် ၆/မအရ(နိုင်)၁၈၃၉၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးသိန်းဝင်း (လက်ထောက်အင်ဂျင်နီယာ-မြို့ပြ)-ဒေါ်ခင်သိန်းဦး (ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့)တို့၏သမီး **မကျော့ကေခိုင် (ကညဥ-၁၁)** သည် ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဘာသာစုံဂုဏ်ထူး**ဖြင့် ထူးချွန်စွာအောင်မြင်သည့် တူမလေးအတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပဲခူးမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၂၈**

ဒေါ်ဝေဝေ — **နှင့်** — ဒေါ်တင်တင်စိုး

**တရားလို** — **တရားပြိုင်**

ဒေါ်တင်တင်စိုး အမှတ်၅၃၁/က၊ အင်း၀(၄)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တရားလိုက ဝယ်ယူထားသည့်မြေနှင့် အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နှင်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### တစ်ဦးတည်း ဖြစ်ကြောင်း

လှိုင်ကော်မြို့၊ လှိုင်လင်လေး၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးအောင်၏မိခင် ဒေါ်စန္ဒာဝင်း(ခ)ဒေါ်သန်းကြည် ၂/လကန(နိုင်)၀၈၄၁၇၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန္ဒာဝင်း(ခ)ဒေါ်သန်းကြည်**

### အမည်မှန်

ထောက်ကြန့်မြို့ အထက(၃) နဝမတန်း(နှင်းဆီ)မှ မရွှေဇင်မင်း၏ အမည်မှန်မှာ မရွှေစင်မင်း ဖြစ်ပါကြောင်း။

**မရွှေစင်မင်း**

### ဖခင်အမည်မှန်

မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(က)မှ မစုလှိုင်ဝင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းစိုးအစား ဦးဝမ်းဆူး ၁၀/မဒန(နိုင်)၁၅၄၇၅၇ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မတ္တရာမြို့၊ အထက(စလွန်ဖြူ) တက္ကသိုလ်ဝင်တန်း(A)မှ မဝါဝါထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမင်း ၉/ခမစ(နိုင်) ၀၁၆၁၇၉ဖြစ်ပါကြောင်း။

**ဦးမင်း**

### ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အမက လှည်းကြီးကျောင်း စတုတ္ထတန်းမှ မချိုမီကို၏ ဖခင်အမည်မှန်မှာ ဦးဘိုဆန်း ၈/ပဖန(နိုင်)၀၇၇၈၈၆ မှာ အမှန်ဖြစ်ပါကြောင်း။

**ဦးဘိုဆန်း**

### ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာ (အထက) တက္ကသိုလ်ဝင်တန်း(B)မှမနှင်းဝေမိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း MDA-၁၆၃၇၃၃ ဖြစ်ပါသည်။

**ဦးထွန်းဝင်း**

### ဖခင်အမည်မှန်

အထက(၁) မုဒုံတက္ကသိုလ်ဝင်တန်း(J)မှ မအေးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၃/ကဆက(နိုင်)၀၄၄၇၃၆ ဖြစ်ကြောင်း။

**ဦးသိန်းဝင်း**

### ဖခင်အမည်မှန်

သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ တတိယတန်းအောင် မောင်ဝေလုအောင်၏ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးအောင် ၅/ရဘန(နိုင်)၀၀၁၂၈၃ဖြစ်ပါသည်။

**ဦးမျိုးမျိုးအောင်**

### အမည်ပြောင်း

ဦးခင်မောင်အေး၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မမျိုးပပကြည်အား မမေမြတ်မိုးခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၀)တွင် နေထိုင်သူ အထက(၃)၊ အဋ္ဌမတန်း(ဇီဇဝါဆောင်)မှ မောင်နိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ပမန(နိုင်)၁၆၁၃၇၉ ဖြစ်ပါသည်။

**ဦးဝင်းလှိုင်**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့နေ (ဘ)ဦးသိန်းမြင့် ၉/သစန(နိုင်)၀၀၄၆၉၉၏ သမီး မအိအိထွေး ၉/သစန(နိုင်) ၁၁၂၆၈၈၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၆-၁၉၈၅ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၄၉၈၃)၊ ဧရိယာ ၀ဒသမ၀၈၂၈ဧက၊ ဦးသန်းဇော် (ဘ)ဦးမြဆောင် ၉/လဝန(နိုင်)၂၂၉၃၈၁အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းနိုင် (ဘ)ဦးခွေးမောင် ၅/တဆန(နိုင်)၀၈၃၁၆၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက် မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်

ကျိုင်းတုံမြို့နယ်၊ အထက(၂) ကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ စိုင်းနွံ၏ မိဘအမည်မှန်မှာ စိုင်းလုံ ၁၃/ကတန(နိုင်)၀၉၇၁၆၉နှင့် နန်းရှဲန် ၁၃/ကတန(နိုင်)၁၄၇၉၄၀ ဖြစ်ပါကြောင်း။

**စိုင်းလုံ-နန်းရှဲန်**

### မွေးသက္ကရာဇ်အမှန်

ဦးကျအယ်၏ သမီး ကျိုင်းတုံမြို့၊ အထက(၃) ပဉ္စမတန်း(B) မှ မနာမွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၅ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀)**

**မြစ်ကြီးနားခရိုင်တရားရုံး**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

ဒေါ်အေးအေးထွေး — **နှင့်** — ဦးကျော်ဝင်း

**တရားလို** — **တရားပြိုင်**

ဖားကန့်မြို့၊ ဆိုင်းတောင်အုပ်စု၊ ကောင်းစံကျေးရွာ၊ အမှတ်(၂/၁၁၁)နေ တရားပြိုင် ဦးကျော်ဝင်း သိစေရမည်။

သင့်အပေါ်၌ မြစ်ကြီးနားမြို့၊ ဒေါ်အေးအေးထွေး၊ ပမ္မတီး၊ ပင်ဝင်ကောင်းရပ်၊ အမှတ်(၃၈/၆)နေ တရားလိုက တရားပြိုင်၏ဇနီးမယားမဟုတ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇူလိုင်၂၄ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇွန် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုး)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## တောင်းပန်ခြင်း

မဟာဗန္ဓုလပန်းခြံလမ်း၊ ယခင်ဘားလမ်း၊ အထက်ဘလောက်တွင် တည်ရှိသော AudoNet အသံချဲ့စက်နှင့် စပီကာရောင်းဝယ်ရေးဆိုင်နှင့် ဆိုင်ပိုင်ရှင် ဒေါ်ခင်လှိုင်လှိုင်သားအား ကျွန်တော် ကိုဖြိုးမိုးထွန်း(ခ)ကိုခန့်ဇော်ဟိန်းမှ Facebook စာမျက်နှာပေါ်တွင် Zaw Hein Lead အကောင့်ဖြင့် ဂုဏ်သိက္ခာထိပါးအောင် ရေးသားဖော်ပြခဲ့မိခြင်းအပေါ် ကျေနပ်ပေးပါရန် တောင်းပန်အပ်ပါသည်။ ထိုကဲ့သို့ နောက်နောင်တွင် မပြုလုပ်တော့ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

**ကိုဖြိုးမိုးထွန်း(ခ)ကိုခန့်ဇော်ဟိန်း**

ဖုန်း- ၀၉ ၃၁၇၄၃၀၇၅






Pearson

MNC
MYANMAR NOBLE COLLEGE

**Higher National Diploma Course**

- Civil Engineering
- Mechanical Engineering
- Electrical & Electronic Engineering
- Business Management
- Information Technology (IT)

Enroll Now!
July Intake

**Full Scholarships Available!**

လက်လွတ်မခံသင့်သော အခွင့်အရေးကို ပိုင်ဆိုင်နိုင်ရန်အတွက် ဇူလိုင်(၅)ရက်နေ့နောက်ဆုံးထားပြီး **MNC** တွင် Application Form များလာရောက်လျှောက်ထားနိုင်ပါပြီ။ Academic Board မှ စစ်ဆေးပြီး Scholarship ရရှိသောကျောင်းသားကျောင်းသူများအားတိုက်ရိုက်အသိပေးပြောကြားပေးသွားမည်ဖြစ်ပါသည်။

-UK Pearson ပညာရေးအဖွဲ့အစည်းကြီးမှ တိုက်ရိုက်ချီးမြှင့်မည့် HND Level 3 Diploma Course နှင့် HND Foundation Course (July Intake) အတွက် သင်တန်းလျှောက်လွှာများ လက်ခံနေပါပြီ။

-Myanmar Noble College တွင် Higher National Diploma တန်းခွဲများကို တက်ရောက်ပြီး University of East London မှချီးမြှင့်မည့် B.Eng (Hons) နှင့် B.A (Hons) - Top Up Programs များကို ဆက်လက်တက်ရောက်၍ Bachelor Degree ဘွဲ့များကိုလည်း ရယူနိုင်ပါပြီ။

(၁၀)တန်းအောင်မြင်ပြီးသူများ → HND Foundation Course (3 months) → Higher National Diploma (2 years) → Top-up Bachelor Degree B.Eng (Hons) or B.A (Hons)

(၁၀)တန်းမအောင်မြင်သေးသူများ → HND Level 3 Diploma Course (12 months) → Higher National Diploma (2 years)

MNCEducation

**Early Bird Promotion!** *Enroll early and enjoy BIG SAVINGS!*

အမှတ်(၆-က)၊ ကြိုးစက်ရုံလမ်း၊ (ခ)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ **Ph: - 01 - 2331276, 2331257, 09 4480 66660~ 3**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# (ရက်စွဲ ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်)

၁။ ၂၀၁၇ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင် ကျင်းပမည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၄)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် **(''က'' အက္ခရာမှ အစဉ်လိုက်''ဖ''အက္ခရာထိ)** = ၂၂ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် **အရန်ထီလက်မှတ်** **(''ကက'' အက္ခရာမှ အစဉ်လိုက်''ကဖ''အက္ခရာထိ)** = ၂၂ လုံး

**စုစုပေါင်းအက္ခရာ** = ၄၄ လုံး

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၄၄)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၃၅၉၉၉၉၂)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၉၅၉၉၉၁၂)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၇၉၉၉.၉၆)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့်ငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၁၀၇၉၉.၉၇၆)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

**(က)** **အထူးဆုကြီးစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |

**(ခ)** **ဆုတစ်ဆုချင်းစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၂) ကျပ်သိန်းသုံးရာ | = | (၉) ဆု |
| (၃) ကျပ်သိန်းတစ်ရာ | = | (၉) ဆု |
| (၄) ကျပ်သိန်းငါးဆယ် | = | (၁၂) ဆု |
| (၅) ကျပ်သိန်းသုံးဆယ် | = | (၁၂) ဆု |
| (၆) ကျပ်ဆယ်သိန်း | = | (၁၃) ဆု |

**(ဂ)** **ဝေဝေဆာဆာပဒေသာဆုစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) ကျပ်တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (၄) ကျပ်ငါးသောင်း | = | (၁၀၀၀၀၀) ဆု |
| **စုစုပေါင်း** | = | **(၁၁၃၁၇၅) ဆု** |

၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၇-၂၀၁၇ ရက်(စနေနေ့)နံနက်၈ နာရီတွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## အရောင်းဆိုင်ခန်းများနေရာချထားရေးကော်မတီ
## အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများလျှောက်ထားရန်
## အသိပေးကြေညာချက်
### ၂၀၁၇ခုနှစ် ဇွန် ၂၃ရက်

၁။ ၂၀၁၇ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ၂-၈-၂၀၁၇ရက်မှ ၁၁-၈-၂၀၁၇ရက်ထိ ကျင်းပပြုလုပ်ပါမည်။

